[illegible]

[illegible]



ရွှေမုဋ္ဌောစေတီပုံတော်

ဒေတ်မှိစာစောင်

အမှန်တရား ရှာမှီးသူတိုင်းအား

အကူအညီပေးနိုင်မည့်

ရှေ့ပြေးလမ်းညွှန် စာတိခွန်

ပုသိမ်မြို့

# ရွှေမုဋ္ဌောစေတီတော်သမိုင်း

နှင့်

ဗုဒ္ဓဘာသာ နှင့် ဥရောပ

**Buddhism in Europe**

သမိုင်းအကျဉ်းချုပ်ပါသည်

**An Abridged History Annexed**

၁၉၆၉-ခု၊ ဧပြီလ

ဒုတိယအကြိမ်

အုပ်ရေ-၂၅၀၀

ခါတ်စာပေဖြန့်ချိရေး၊ အမှတ် ၂၆၊ ရှုပါပင်လမ်း၊အလုံ၊စာတိုက်
ရန်ကုန်မြို့အတွက် ဦးအောင်ဌေး (၀၃၀၆-မြ) က ထုတ်ဝေ၍၊ စာပေ
လောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့ အတွက်
ဒေါ်ခင်လှ (၀၁၁၉၅-မြ) က တာဝန်ခံ ရိုက်နှိပ်သည်။

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၄၀၀၆]



ဦးဘကြွား
ဘဏ္ဍာ့တော်ထိန်း ဂေါပက အဖွဲ့ဝင်
(စာပြုသူ)

# နိဒါန်း

---

**သံသရာဝဋ်မှ ကျွတ်လွတ်ရန် ကိုးကွယ်ထိုက်သော**
ကာလိင်္ဂဗောဓိ ဇာတ်တော်လာ စေတီ လေးမျိုးတို့တွင်
တပါးအပါအဝင်ဖြစ်သည့်

**သဗ္ဗညု ရှင်တော်ဘုရား၏ ကိုယ်တော်စား**
သရီရဓာတ် မွေတော်မြတ်တို့ဖြင့် အထပ်ထပ်ဌာပနာ၍
တည်ထားရာဖြစ်သော

**အတိသဥ္စာနဂရ—ဒေသမြတ်ထူး ကုန်းမြေဦး**
တည်းဟူသော ဘုရားအလောင်းတော် ရွှေငါးကြင်းနှင့်
ဝက်မင်း ဖြစ်စဉ် ပျော်ရွှင်စံစားရာ ရဟန္တာ အရှင်မြတ်တို့
ညွှန်ပြအပ်သည့် တောင်ဦးအခင်း
ကျောက်သလင်း အပြင် ပြန့်ပေါ်တွင်

**သတ္တဝါတို့၏အကျိုးကို ပွါးတိုးစေရာ**
ဆုတောင်းပြည့် အင်္ဂါနှင့်ညီညွတ်စွာ တည်ထားအပ်သော
သဏ္ဍာန်တော်၏ ကြည်ညိုဘွယ်ရာ
အထူးရှိထသော

အံ့ဘွယ်သရဲဖြစ်သော တိတ်ထူး နိမိတ်ထူး
တို့ကို ထူးခြားမည့်အခါသမယတို့၌ ပြသထင်လင်းစေတော်
မူသော တန်ခိုးတော်အဟုန် အံ့ဘွယ်ဂုဏ်နှင့်
ပြည့်စုံပေထသော

ဗုဒ္ဓ သာသနာတော်တွင် အထင်ရှားဆုံး
သာသနာ့ဒါယကာ

အာဏာတန်ခိုး တက်ပြိုးရှိန်စော် ကမ္ဘာကျော်ကေရာဇ်
ဖြစ်တော်မူသော ပါဋလိပုတ် ပြည့်ရှင်ဘုရင်
သိရှိမမှာသောကမင်းကြီးသည်လျှင်
ဦးစွာပဌမတည်ထား ကိုးကွယ်ရာဖြစ်သည့်

**အနှစ် နှစ်ထောင်ကျော် အဟောဝတ ထိုကာလ၌**

သာသနာသက္ကရာဇ်နှင့် တွက်စစ် ညှိနှိုင်းသော်
ခရစ်တော်မပေါ်မီ ၂၅၅-နှစ် ဟစ်ဂျရီ သက္ကရာဇ်ခေါ်
မဟာမေဒင် ပသီဝင် သက္ကရာဇ်ထက် အနှစ် ဂ၃၅-နှစ်စောကာ
ဗုဒ္ဓသာသနာ သက္ကရာဇ် ၂ဂ၉-ခုနှစ်
တပေါင်း လပြည့်နေ့တွင်

## ရွှေအာဂဏာစေတီတော်

ဟု ဘွဲ့တော်ချီလျက် ပဌမ-ဒုတိယတွင် ထူပါရုံ ဘုန်းဟုန် ကျော်စော ရွှေမုဋ္ဌော အမည်တော်ဖြင့် တတိယ ကာလ ရှည်ကျူး သုံးခေတ်ပင် ကူးခဲ့ငြားလည်း ဘုန်းထူး သတ္တိန် မမှိန်တဇော် ဟိုးဟိုးကျော် ထင်ရှားလျက်ရှိသော ဤစေတီတော်မြတ်ကြီး၏ သိထိုက် သိအပ် အတ္ထုပ္ပတ္တိကို စုစပ်သွဲ့ရုံး ပန်းနှယ်ကုံးသို့ ဖွဲ့နွဲ့န်း တင်ကာ နောင်လာ နောက်သား အကျိုးများဘို့ ရေးသား ပြုစု ပါရန် အတန်တန် အထပ်ထပ် မေတ္တာရပ် ခံအပ်သည့်အလျောက် မှေ့နှောက်စုစပ် ရသမျှ စီစစ်၍ သူ့ခေတ်နှင့် လျော်ကန်အောင် ဝေဘန်တည်းဖြတ်ကာ ပညာလိုလား သူတော်သိမျာအတွက်လည်း ဗဟုသုတ ဖြစ်ရာ ဖြစ်ကြောင်းတို့ကိုပါ ထပ်လောင်း ဖြည့်စွက်၍ တင်ပြ အပ်ပါသည်။ သာသနာအမွန့် အမွှန့်ရှည်ကြောင်း သာ လျှင် ရည်ရွယ်မြှော်မှန်းရာ အာသာဆန္ဒဖြစ်ပါပေသတည်း။

ဦးဘကြွား

စာပြုသူ

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်

ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး

ပုသိမ်မြို့။

နေ့စွဲ ၁၃၂၆-ခု သီတင်းကျွတ်လဆုတ် ၁၀-ရက် (၃၁-၁၀-၆၄)

---

ဘုရားတည်သော သက္ကရာဇ်များကို ညှိနှိုင်း ဖေါ်ပြချက်များနှင့် နှိုင်းယှဉ်ဘတ်ရှုပါရန်။

ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့ မူလဝိသောဓကအဖွဲ့
ပဋိဝိသောဓကအဖွဲ့နှင့် ပိဋကတ်သုံးပုံ မြန်မာပြန်
ဩဝါဒနသောဓေယျ ပတ္တပါဌက အဖွဲ့ဝင်
ဖြစ်တော်မူသော
ကျေးဇူးရှင် ပုသိမ်မြို့ မြောင်းမြကျောင်း ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ ဘဒ္ဒန္တဓမ္မာနန္ဒ
အရှင်သူမြတ် ချီးမြှင့်ပေးသနားတော်
မူအပ်သော

# ထောက်ခံချက်

ပုသိမ်မြို့ ရွှေမုဋ္ဌော စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဆန်စက်ပိုင်ရှင် ပင်စင်အငြိမ်းစား ဥပါသကာကြီး ဦးဘကြွား ရေးသား ပြုစုအပ်သော ဤ"**ရွှေမုဋ္ဌော စေတီတော် သမိုင်း**"သည် ရွှေမုဋ္ဌော စေတီတော်ကြီးနှင့် စပ်၍ သိအပ်သမျှ အကြောင်းအရာ အဖြာဖြာတို့နှင့် ပြည့်စုံ သည့်ပြင် စေတီတော်ကြီး၏ ပဌမဒါယကာ ဓမ္မာသောကမင်းကြီး, ဒုတိယဒါယကာ အလောင်းစည်သူ မင်းကြီး, တတိယဒါယကာ သမုဒ္ဒဃောသမင်းနှင့် ဥမ္မာဒန္တီ မိဖုယားကြီးတို့၏ ရာဇဝင် ပြုစုတော်မူခဲ့သည့် သာသနာ့ဝင်တို့နှင့်ပတ်သက်၍လည်း အချက်အလက် မှတ်သားဘွယ်ရာ စုံလင်စွာ ပါရှိသဖြင့် သာသနာ ငါးထောင် ကုန်ဆုံးသည် တိုင်အောင် သာသနာတော်အကျိုး တိုင်းကျိုး

ပြည်ကျိုးကို သည်ပိုး တိုးပွား စေလိမ့်မည်မှာ ကောင်းစွာ မြော်လင့်အပ်ပေသည်။

စီစဉ် ဖွဲ့ထုံး စီကုံး ရေးသား ပုံမှာလည်း သာယာ ပြေပြစ် ကျစ်လစ် သိပ်သည်း ဘတ်ရှု၍ မငြီးပင်ဖြစ်ပေသည်။

**နောက်ဆက်တွဲ**အနေအားဖြင့် ဘုရားမြတ်စွာ သာသနာတော် ဓမ္မ၌ ဥရောပတိုက်သား ပညာရှိကြီးများ လေးစားသမှု ဂရု ဂါရဝ သက္ကစ္စဖြင့် လုံ့လ ကြိုးကုတ် အားထုတ် လေ့လာ ကောင်းစွာ လိုက်စား သင်ကြားခဲ့ကြပုံ, ကောင်းစွာ လိုက်စား သင်ကြား၍ ဘုရားသာသနာတော်၌ သက်ဝင် ယုံကြည်ခဲ့ကြပုံ များကို ထိုပညာရှိကြီးများ ရေးသားသည့် ကျမ်းကြီး ကျမ်းငယ် ဂျာနယ်မှတ်တမ်း အမျိုးမျိုးတို့မှ ကိုးကားထုတ်နုတ်၍ အကျဉ်း ချုပ်ရေးသား ဖေါ်ပြထားသည်မှာလည်း ပညာလိုလား အမှန် တရားကို လိုက်စားကြသူတို့ သတိ ကြီးစွာထား၍ မှတ်သား ထိုက်လှပါပေသတည်း။

ဦးဓမ္မာနန္ဒ

အဂ္ဂမဟာပဏ္ဍိတ

မြောင်းမြကျောင်းတိုက်၊ ပုသိမ်မြို့။

၁၃၂၆-ခုသီတင်းကျွတ်လဆုတ် ၁၂-ရက်နေ့ (၂-၁၁-၁၉၆၄)

(ည)

# မေတ္တာရပ်ခံချက်

ဤ သမိုင်းတွင် တင်ပြချက်များနှင့် အဆအယူ မတူကွဲပြား သဘောထား တမျိုးတဖုံ ရှိနေကြပါလျှင် သော်လည်းကောင်း, အတွေ့ အကြုံ တဖုံ တနဲ မူကွဲ ဆန့်ကျင် အမြင်အသိ တမျိုးတခြား ဖြစ်နေပါလျှင် သော်လည်းကောင်း မိမိတို့ နှစ်ခြိုက်ရာဖြင့် နှစ်သိမ့် ရောင့်ရဲကြပါရန် အထူး မေတ္တာ ရပ်ခံ အပ်ပါကြောင်း၊ ဝိဝါဒတစုံတရာကို လက်ခံနိုးနှော စောကြော ဝေဘန် တန်ပြန်တင်ပြ ချေပ ရှင်းလင်းရန် အလျဉ်း ရည်ရွယ် ချက် မရှိပါကြောင်း။

ဦးဘကြွား

စာပြုသူ

နေ့စွဲ........၁၃၂၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၀-ရက်နေ့

(၃၁-၁၀-၆၄)

# မာတိကာ


ဦးရေ အကြောင်းအရာ

**အချီးကဏ္ဍ**

၁ ပဏာမ ....

၂ အထူးတိုက်တွန်းချက် ....

၃ စေတီဆိုသောစကား၏အဓိပ္ပါယ်

(က) စေတီ့ထူပါရုဟာနှင့်ပုထိုး

(ခ) တည်ထားကိုးကွယ်ခွင့်ပြုခြင်း

(ဂ) အကျိုးတရား ....

၄ ဓာတ်တော်၏ အဓိပ္ပါယ်....

၅ ဗုဒ္ဓဘာသာဝင် စစ်တမ်း....

**စေတီတော်သမိုင်း**

**ပဌမခေတ်**

၁ ဘုရားရှင်၏ သရီရ ဓာတ်တော်များ အတ္ထုပ္ပတ္တိ ....

၂ သိရီဓမ္မာသောကမင်းကြီး၏အတ္ထုပ္ပတ္တိ

(က) ဘုရားဗျာဒိတ်တော်

(ခ) အ နောက် နိုင်ငံ သား တို့၏ ထောက်ခံချက် ....

(ဂ) အရှေ့တိုင်းသားတို့၏မှတ်တမ်း

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ


(ဃ) မဇ္ဈိမဒေသ ပညာရှင်ကြီးများ၏ တင်ပြချက် .... .... ၁၀

(င) ရှေးမြန်မာမင်းများ၏ကမ္ပည်းကျောက်စာ ၁၉

(စ) အသောကကျောက်စာများ .... ၁၉

(ဆ) မင်းတရားကြီး၏ စုတိခဏ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်.... ၂၁

၃ ရွှေအာဏာစေတီတော် အတ္ထုပ္ပတ္တိ .... ၂၃

**ဒုတိယခေတ်**

၁ အလောင်းစည်သူမင်း အတ္ထုပ္ပတ္တိ .... ၂၅

၂ ထူပါရုံစေတီတော် .... .... ၂၆

**တတိယခေတ်**

၁ သမုဒ္ဒဃောသနှင့်ဥမ္မာဒန္တီတို့၏အတ္ထုပ္ပတ္တိ .... ၂၇

၂ ရွှေမုဋ္ဌောစေတီတော် .... .... ၂၉

**မျက်မှောက်ခေတ်**

၁ စတုတ္ထဘုရားဒါယကာကြီးများ .... ၃၂

၂ ပဥ္စမဘုရားဒါယကာကြီးများ .... ၃၂

၃ ဆဋ္ဌမဘုရားဒါယကာကြီးများ .... ၃၄

**ကောင်းမှုတော်ကြီးများ**

၁ ဘုရင်မင်းမြတ်များနှင့် ထင်ရှားသောအခြား ကုသိုလ်တော်ရှင်များ .... .... ၃၆

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂ | အထွဋ်တင် မင်္ဂလာ ရတနာစင် ကောင်းမှုတော်ကြီးများ .... .... .... | ၃၉ |
| ၃ | အထွဋ်တင် စိန်ရတနာကြီး အကြောင်း .... သိကောင်းစရာ .... .... .... | ၄၁ |

**ဝိသေသဂုဏ် ထူးခြားပုံ**

| | | |
|---|---|---|
| ၁ | ဆုတောင်းပြည့်အင်္ဂါ .... .... | ၄၃ |
| ၂ | တိတ်ထူးနိမိတ်ထူးများ .... .... | ၄၅ |

**စေတီတော်ဆိုင်ရာ ဘဏ္ဍာတော် အရပ်ရပ်**

| | | |
|---|---|---|
| | ထိန်းသိမ်းစီမံဆောင်ရွက်မှု .... | ၄၈ |

**ရွှေမုဋ္ဌောစေတီတော်ကျောက်စာ**

| | | |
|---|---|---|
| ၁ | ကျောက်စာမူ .... .... .... | ၅၁ |
| ၂ | စေတီတော် တည်သည့် သက္ကရာဇ် များ ညှိနှိုင်းဖေါ်ပြချက် .... .... | ၅၅ |

**ပုသိမ်မြို့အကြောင်း**

| | | |
|---|---|---|
| ၁ | မွန်သုံးရပ်နှင့်ပုသိမ်မြို့ .... .... | ၆၄ |
| ၂ | ပုသိမ်မြို့၏ အမည် အမျိုးမျိုးကို .... ဖေါ်ပြခြင်း .... .... .... | ၆၆ |
| ၃ | ပုသိမ်မြို့ကို နိဗ္ဗာန်ကူးတို့ဆိပ်ဟုအမှတ်ပြုကြပုံ | ၆၉ |
| ၄ | ပုသိမ် ၃၂-မြို့ .... .... .... | ၇၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅ | ပုသိမ်မြို့ကို အင်္ဂလိပ်တို့ တိုက်ခိုက်သိမ်းပိုက်ခြင်း .... .... .... | ၁၀ |
| ၆ | ပုသိမ်မြို့၏ ဘုမ္မိနက်သန်မှန်ပုံ .... | ၁၂ |
| ၇ | (မှန်ပုဂံ) ပုသိမ်မြို့ .... .... | ၁၆ |

မုဒ္ဒောကိုးဆူ

| | | |
| --- | --- | --- |
| ၁ | အတွင်းငါးဆူ အပြင်လေးဆူ .... | ၁၇ |
| ၂ | မုဒ္ဒောကိုးဆူသမိုင်း၏အတ္ထုပ္ပတ္တိ .... | ၁၉ |

မြောက်မုခ်အကြောင်း

| | | |
| --- | --- | --- |
| ၁ | စကားချီး .... .... .... | ၉၀ |
| ၂ | မြောက်မုခ်ဖွင့် မင်္ဂလာမော်ကွန်း .... | ၉၀ |

သမိုင်းတွင်ရစ်မည့်အတွေ့အကြုံကြီးများ

| | | |
| --- | --- | --- |
| ၁ | အင်္ဂလိပ်အစိုးရက စေတီတော်ကြီးအား .... စောင့်ထိန်းကြောင်း ကြော်ငြာကပ်ခြင်း .... | ၉၆ |
| ၂ | လျှပ်စစ်ဓာတ်မီး ပူဇော်ခြင်း အတွက် .... ပေါ်ပေါက်လာသည့်ဝိဝါဒါဓိကရုဏ်းကြီး | ၁၀၄ |
| ၃ | စေတီတော်ကြီးဆိုင်ရာ သာသနာ့မြေကိစ္စ.... | ၁၁၀ |
| ၄ | သမိုင်းနိဂုံး .... .... .... | ၁၂၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## နောက်ဆက်တွဲ(က)

**ဗုဒ္ဓဘာသာနှင့်ဥရောပ**

(က) ဗုဒ္ဓပိဋကတ်တော် အမြစ်တွယ်လာပုံ .... ၁၂၁

(ခ) ဗုဒ္ဓဘာသာ ပြန့်ပွါးလာပုံ .... ၁၂၄

(ဂ) ဗုဒ္ဓဘာသာကို အနောက်တိုင်းအမြင် .... ဖြင့် စီစစ်စူးစမ်းပုံ .... .... ၁၂၇

## နောက်ဆက်တွဲ (ခ)

၁၃၁၆-ခုနှစ်မှ ၁၃၂၆-ခုနှစ်အထိ ဆယ်နှစ်တာမျှ ကာလအတွင်း ဆောင်ရွက်ခဲ့ပြီးသော ကုသိုလ်တော် အရပ်ရပ် စာရင်း ၁၅၁

## နောက်ဆက်တွဲ(ဂ)

စေတီတော် သမိုင်း အကျဉ်းချုပ် .... (မြန်မာ နှင့် အင်္ဂလိပ်) .... .... ၁၆၁


**မာတိကာ ပြီးပြီ**

ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း၏

# အချီးကဗျာ

စိရံ တိဋ္ဌတု ဇိန သာသနံ

## ၁—ပဏာမ

တလောကလုံးတွင် အတုမရှိ အထူးဆုံး အမြတ်ဆုံးဖြစ်၍ အလွန်အလွန် ကြီးမားသည့် ပါရမီ ကုသိုလ်အဟုန် ကြောင့်သာ ကြုံရတွေ့ရပြီး မကိုးကွယ်မဆည်းကပ်ဘဲ ရှောင်လွှဲ ဖဲကြဉ်၍လည်း နေမရသည့်-

ဘုရားစစ်ဘုရားမှန်, တရားစစ်တရားမှန်, သံဃာစစ် သံဃာမှန် တို့အားရင်း, မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတော်ရှင် မွေးမိခင်နှင့် ဘခင်တို့အားရင်း,

လောက ရေးရာ အဖြာဖြာ နှင့် သံသရာ ဝဋ်မှ ကျွတ်လွတ် ကြောင်း အထိ တတ်သိဘွယ်ရာ မြတ်ပညာ ကို ကောင်းစွာ ညွှန်ပြ ဆုံးမပေတတ် ဆရာမြတ်တို့အားရင်း, အရိုအသေ လက်စုံ မိုး၍ ရှိခိုး ကန်တော့လိုက်ပါ၏။

ထိုမှတဖန် ဤသမိုင်းစာ ပြုစုရာတွင် တုပနည်းယူ ပုံတူကူးချ တပါဒ တဝဂ် တရွက် တမျက်နှာ လိုရာ ခွဲထုတ် ကောက်နုတ် ဖော်ပြ မှီငြမ်းရသဖြင့် အာစရိယ ဂိုဏ်းဝင် ကျေးဇူးရှင် ဟူသမျှ တို့အားလည်း လက်စုံမိုး၍ ရှိခိုး ကန်တော့လိုက်ပါ၏။

## ရွှေမုဋ္ဌော မဟာစေတီတော်သမိုင်း အချီး

### ၂—အထူးတိုက်တွန်းချက်

**သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၌** မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူ ပြီးသည့်နောက် မြတ်စွာဘုရား၏ သရီရဓာတ် မွေတော်မြတ်တို့ကို ဌာပနာ၍ အလေးအမြတ် ကိုးကွယ်ရန် တည်ထားသော စေတီတော်ကို ရှိခိုးခြင်းငှါမသွားခြင်းသည် **ဗုဒ္ဓအဂါရဝ** ဘုရား၌ရိုသေမှုမရှိဟု ဆိုခြင်းတရပ်။

**နိဒါန ဝဂ္ဂ ကဿပ သံယုတ် ပါဠိတော်** ၌ ဘုရား၌ ရိုသေမှု မရှိကြ ခြင်းသည် ဗုဒ္ဓ သာသနာ တော် မြတ် ကြီး၏ ချွတ်ယွင်း ဟိမ်းပါး ပျက်ပြား ကွယ်ဆုံး ခြင်း ငှါ ဖြစ်ကုန်၏ ဟု ဆိုခြင်း တရပ်။

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ရေးသား စီရင်အပ်သော **သာသနာ ဝိသောဓနီ** ပဌမတွဲ၌ သာသနာ တော်၌ ဘုရားကို အလေးပြုခြင်း နည်းပါး မှုသည် သာသနာတော်ကြီး ဆုတ်ယုတ်ရန် အကြောင်း ရင်း ကြီး တပါး ဖြစ်ချေ သည် ဟု နောင်ရေးကို မြော်မြင် ကြကုန်လျက် ရပ်ရွာ ဆင်းတု စေတီ ပုထိုး ရှိခိုးပူဇော်မှုကိုလည်း ပြုကြကုန်၏၊ မိမိတို့တရားကိုလည်း မိမိတို့ အားထုတ်ကြကုန်၏၊ ဤပုဂ္ဂိုလ်မျိုး သည်သာ သူတော်ကောင်းလက္ခဏာ ယောကျ်ားကောင်း လက္ခဏာ ပညာရှိ လက္ခဏာ တို့နှင့် ကောင်းစွာပြည့်စုံကြ၍ ယောကျ်ားတံခွန်လူရည်ချွန်များဖြစ်ကြကုန်၏ဟု ချီးကျူး စကားဖြင့် မိန့်ကြား တိုက်တွန်းတော်မူခြင်းတရပ်။

**ဝိမာနဝတ္ထု ပါဠိတော် အပဒါန် ပါဠိတော်** တို့၌ နိဗ္ဗာန်စံသွားမြတ်ဘုရား၏ ကိုယ်တော်စားဖြစ်သော ဓာတ်တော်အစ

ရှိသည့်တို့ကို ဌာပနာ၍ တည်ထားအပ်သော စေတီတော်တို့၌ သက်တော်ထင်ရှား ဘုရား ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်အား ဝပ်တွားရိုကျိုး ရှိခိုးပူဇော်သကဲ့သို့ စေတနာမြတ်စိတ်ထားတတ်က ထပ်တူညီမျှသော အကျိုးကို ရနိုင်သည်ဟု ရဲရဲတောက် ဝန်ခံချက် ဓမ္မစက်ဒေသနာတော် အရပ်ရပ်တို့ကြောင့် အလွန့်အလွန်ကြုံထောင့် ကြုံခဲဖြစ်သော လောကတန်ဆောင် အလင်းရောင် သာသနာတော်မြတ်ကြီး မမှေးမှိန် မတိမ်ကောစေရဘဲ အဓွန့်ရှည်ကြောင်း ကောင်းမြတ်သော မနသီဖြင့် မွေသရီမာတ် စေတီမြတ်တို့ကို ကိုယ်တိုင်လည်း အလေးအမြတ် ဆည်းကပ် ပူဇော်နိုင်ကြပါစေ၊ ကြောက်မက်ဘွယ်ရာ သံသရာ ရေပြင်ကြီး၌ တလှေ့ထဲစီး တခရီးထဲသွား ဖြစ်ကြကုန်သော သတ္တဝါခပင်း သံသရာခရီးသည် အဖေါ်တသင်းတို့အားလည်း တအူတုံဆင်း သားချင်းပမာ စာနာချင့်ထောက် ကြောင့်ကြတကြီး ဒုက္ခတွေ ပင်လယ်ဝေသည့် ရေပြင်ကျယ် သမုဒ်ခရီးမှ အပြီးလွတ်မြောက် အေးငြိမ်းရာရောက်နိုင်အောင် အလေးအမြတ် ဆည်းကပ် ပူဇော်စေသောအားဖြင့် တွဲယူ ဆွဲဆောင်နိုင်ကြပါစေကုန်သတည်း၊ တွဲယူ ဆွဲဆောင်တော်မူကြပါကုန်။

## ၃-စေတီဆိုသောစကား၏အဓိပ္ပါယ်

(က) စယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ၊ **(ခုဒ္ဒကပါဌ အဋ္ဌကထာ)စေတီ** ဆိုသည်မှာ သက်တော်ထင်ရှား ဘုရားစစ် ဘုရားမှန်၏ ကိုယ်တော်စားပြု၍ သံသရာဝဋ်မှ ကျွတ်လွတ်ရန် ကိုးကွယ်မှု ပူဇော်မှု အတွက် သတ်မှတ်ထားသော—

## ရွှေမုဋ္ဌော မဟာစေတီတော်သမိုင်း အချီး

၁။ ဓာတုစေတီ၊

၂။ ဓမ္မစေတီ၊

၃။ ပရိဘောဂစေတီ၊

၄။ ဥဒ္ဒိဿစေတီ

တို့ကို ခေါ်ဆိုသမုတ်အပ်သော အမည်ပင်တည်း။

ဤစေတီ ၄-မျိုးကား ကလိင်္ဂဗောဓိဇာတ်တော်၌ အရှင်အာနန္ဒာအား ဘုရားရှင် ကိုယ်တော်တိုင် ထင်ရှားသတ်မှတ်ဟောကြားတော်မူအပ်သော ဒေသနာတော်အရ ဖြစ်ပေသည်။

**'ထူပါရဟာ-ထူပါရုံ'**ဆိုသည်မှာ **စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်အရ စေတီတည်၍** ကိုးကွယ်ထိုက်သော—

၁။ သရီရဓာတ်တော် မွေတော်များကိုရင်း၊ သင်္ကန်း, သပိတ် ပရိက္ခရာနှင့် တောင်ဝေှးတော် အစရှိသော အသုံးအဆောင်များကိုရင်း ဌာပနာ ထည့်သွင်းခြင်း ဖြင့်ရင်း။

၂။ မြတ်စွာဘုရားသခင် ဖွားတော်မူရာဌာန အစရှိသော အဓိကဌာနကြီးတို့ကို ကြည်ညိုလေးမြတ်ရန် အခိုင်အမြဲလုပ်၍ တည်ထားခြင်းဖြင့်ရင်း၊ ကောင်းမွန်စွာ စံနစ်တကျ ပြုလုပ်အပ်သော မြေပုံ မြေစု, သဲပုံ သဲစု, အုတ်ပုံ အုတ်စု, ကျောက်ပုံ ကျောက်စု များကို ခေါ်သည်၊ စေတီဟူ၍လည်း ခေါ်သည်။

**စေတီနှင့် ထူပါ** အရတူပင် ဖြစ်သည်။

## ၃-စေတီဆိုသော စကားအဓိပ္ပါယ်

**ပုထိုး**—အထက်ပါတို့နှင့် အဓိပ္ပါယ်အတူတူသက်ရောက်သည်။

**အချို့က**—စေတီ-ပုထိုးနှင့် ထူပ တို့သည် ယေဘုယျအားဖြင့် သဏ္ဌာန် မကွဲပြားသော်လည်း မုခ်နှင့်တကွသော အဆောက်အဦ ကို ခေါ်သည်ဟု ယူဆကြ၏။ သို့ရာတွင် ဤအယူအဆမခိုင်လုံ။

**ဥပမာ**—အမရပူရမြို့ရှိ ဘကြီးတော်မင်း၏ ကောင်းမှုတော် ဖြစ်သော မဟာဝိဇယရံသီဘွဲ့တော်ရှိသည့် (**မုခ်မပါသော**)စေတီ တော်ကြီးကို စည်းခံတော် **ပုထိုးတော်ကြီး***-ဟု အများ ခေါ် ဝေါ်သမုတ်ကြသည်ကို ထောက်ရှုနိုင်ပေသည်။

**ရက္ခစေတီ, ယက္ခစေတီ**စသော နတ်ကွန်း နတ်စင်ဆောက်၍ ကိုးကွယ်ရာသော ဌာနတို့ကို အိန္ဒိယပြည်တွင် ရှေးခေတ်၌ **စေတီ**ဟု သမုတ်လေ့ရှိခဲ့သော်လည်း ယခုခေတ်အသုံးအနှုန်းမှာ ဒေဗလယမန္ဒိရား(ပါဠိ-ဒေဝါလယမန္ဒိရာ) နတ်နေရာအဆောက် အဦဟု အဓိပ္ပါယ်ရှိသော ဟိန္ဒူဘာသာ စကားဖြင့် အခေါ် အဝေါ်ပြုကြ၏။

ဤစေတီမျိုးသည် သံသရာဝဋ်မှ ကျွတ်လွတ်ရန် ကိုးကွယ် ထိုက်သော စေတီမျိုး မဟုတ်ကြောင်းကို **ဓမ္မပဒ ပါဠိတော် သုတ်ပါထေယျ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့်** တကွ သက်ဆိုင်ရာ အဋ္ဌကထာများတွင် အထင်အရှား ပယ်မြစ် ၍ထားကြောင်း တွေ့ရ၏။

---

* မြန်မာ့ စွယ်စုံကျမ်း အတွဲ-၃၊ နှာ-၄၂၀-နှင့်၊ အတွဲ-၆၊ နှာ-၃၄၃-တို့နှင့် နှိုင်းယှဉ်ပါရန်။

## (ခ) စေတီ တည်ထားကိုးကွယ်ခွင့်ပြုခြင်း

"စတုမဟာပထေ အာနန္ဒ တထာဂတဿ ထူပေါ ကာတဗ္ဗော" ဟု **သုတ်မဟာဝါ ပါဠိတော်**၌ မြတ်စွာဘုရား၏ သရီရဓာတ် မွေတော်မြတ်တို့ကို စေတီတည်ထား ပူထိုက်၏ ဟူ၍ရင်း။

**ဥဒါန်း ပါဠိတော် ဗောဓိဝဂ်၌** ဗာဟိယဒါရုစိ မထေရ်၏ ဓာတ်တော်တို့ဖြင့် စေတီတည်ထားတော်မူစေခဲ့ခြင်း။

**အလားတူပင်** လောကတိဿ မထေရ်၏ ဓာတ်တော်တို့ဖြင့် စေတီတည်စေတော်မူခဲ့ခြင်းဖြင့် **လောကတိဿစေတီ** ဟု ထင်ရှား ရှိခဲ့ခြင်း။

**မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် သေလသုတ်၌** ဗေဒပါရဂူဖြစ်သော သေလပုဏ္ဏား ရဟန္တာအဖြစ် ပရိနိဗ္ဗာန် ပြုပြီးနောက် ရာဇဂြိုဟ် အနီး၌ ဓာတ်တော်ကို စေတီ တည်ထားစေသဖြင့် **သေလစေတီ**ဟု ထင်ရှားရှိခဲ့ခြင်း၊ ထို့ပြင်—

**စတုက္က** အင်္ဂုတ္တိုရ်ပါဠိတော် **ထေရအပဒါန်** **ပါဠိတော်တို့၌** အခြား ဓာတုစေတီအများ တည်ထား ကိုးကွယ်စေခဲ့ခြင်း စသည်တို့ဖြင့် စေတီတော်များ တည်ထား ကိုးကွယ်ခြင်းသည် ဘုရားရှင်၏အလိုတော်ကျ ဖြစ်ကြောင်း ထင်ရှားလှပါ၏။

## (ဂ) စေတီတည်ထားကိုးကွယ်ခြင်း၏ အကျိုးတရား

**ဝိမာနဝတ္ထု ပါဠိတော် အပဒါန် ပါဠိတော်** စသည်တို့၌ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီးအားရင်း၊ နိဗ္ဗာန်စံသွား မြတ်ဘုရား၏ ကျန်ကြွင်းဓာတ်တော် စေတီတော်တို့၌ရင်း ကြည်ညိုမှုစိတ် ထပ်တူထားနိုင်က အကျိုးထပ်တူ ရနိုင်သည်ဟု ရွှေနှုတ်

တော်ထွက် ဓမ္မစက်အရ စေတီတည်ထား ကိုးကွယ်ခြင်း၏ အကျိုးတရား ထင်ရှားလှပါပေသည်။

ထို့ပြင် စေတီ၌ ကြည်ညိုခဲ့ရမှု အကျိုးဆက်ကြောင့် ဘတ်ရ ကြားနာရသူတိုင်း သွားရေကျလောက်အောင် အလွန်အကျူး ထူးကဲလှသည့်နတ်စည်းစိမ်ကိုခံစားရသည့် အနေကဝဏ္ဏနတ်သား ကဲ့သို့သော ဝတ္ထုသာဓကများ အများပင် ရှိပါပေသည်။

## ၄-ဓာတ်တော်၏ အဓိပ္ပါယ်

**ဓာတ်တော်** ဆိုသည်မှာ ကိလေသာအာသဝတို့မှ ကင်းစင်ကုန်ပြီးဖြစ်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ဖုတ်ကြည်း သင်္ဂြိုဟ်ရာ၌ သဘာဝ အလျောက် ပြာအဖြစ် မီးသွေးအဖြစ်သို့ မရောက်ဘဲ ထူးကဲသော သဘာဝဖြင့် မပြိုမကွဲ တည်မြဲကြွင်းကျန်နေသော ဓာတ်စု ဓာတ်ခဲတို့ ဖြစ်လေသည်။ ထိုဓာတ်တော်မြတ်တို့သည် သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်ရန် ကိုးကွယ်ထိုက်ကြောင်းကို "စေတီ" အဓိပ္ပါယ် ရှင်းလင်းချက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပေသည်။

ဘုရားရှင်တို့၏ ဓာတ်တော်တွင်လည်း သက်တော်ရှည်သော ဘုရားရှင်တို့၏ ဓာတ်တော်များသည် ရွှေတုံး ရွှေခဲကြီးများကဲ့သို့ မကွဲမပြား ကြွင်းကျန်တည်နေကုန်၏။ သက်တော်တိုသော ဘုရားရှင်တို့၏ ဓာတ်တော်များကား သတ္တဝါတို့ အရှည်သဖြင့် အနှံ့အပြား ကိုးကွယ်ပူဇော်နိုင်ကြရန် အဓိဋ္ဌာန် ပြုတော်မူခဲ့သည့် အတိုင်း—

## ရွှေမုဋ္ဌော မဟာစေတီတော်သမိုင်း အချီး

၁။ မပြိုမကွဲ တည်သော အသမ္ဘိန္န အဝိပ္ပကိဏ္ဏ ဓာတ်တော် (စွယ်တော် ၄-ဆူ၊ ညပ်ရိုးတော် နှစ်ချောင်းနှင့် နဖူးသင်းကျစ်တော် ပေါင်း-၇-ဆူ) တို့ဖြစ်ကြကုန်၏။

၂။ အစိတ်စိတ်ကွဲပြား၍ တည်သော သမ္ဘိန္န ဝိပ္ပကိဏ္ဏ ဓာတ်တော် (ကြွင်းသော ဓာတ်တော်များ)ဟူ၍ နှစ်မျိုးရှိကုန်၏။

ထိုသမ္ဘိန္န ဓာတ်တော်တို့တွင် သုံးမျိုးသုံးစားရှိရာ—

၁။ အငယ်ဆုံးမှာ မြတ်လေးငုံအဆင်းရှိ၍ မုန်ညင်းစေ့ ခန့်ပမာဏရှိ၏။

၂။ အလတ်မှာ ပုလဲအဆင်းရှိ၍ ဆန်ကျိုးပိုင်း ပမာဏ ရှိ၏။

၃။ အကြီးဆုံးမှာ ရွှေအဆင်းရှိ၍ ပဲနောက်စေ့ တခြမ်းခန့် ပမာဏ ရှိ၏။

**အထူးမှတ်ဘွယ်**

ရဟန္တာ အသျှင်မြတ်များ ပရိနိဗ္ဗာန်ပြုတိုင်း ဓာတ်တော်မကျန်။ အချို့မှာ ပြာ မီးသွေး မျှ မကျန် မကြွင်းဘဲ လုံးဝ ပျောက်ကွယ်သွားကြောင်းကို ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ် ဒဗ္ဗသုတ်၌ အထင်အရှားဟောတော်မူ၏။

# ၅-ဗုဒ္ဓဘာသာဝင် စစ်တမ်း

ဗုဒ္ဓဘာသာဝင်တိုင်း မိမိကိုယ်ကိုမိမိ စစ်တမ်း ထုတ်ရမည့် **ဒသဝတ္ထုက ကမ္မဿကတာ—သမ္မာဒိဋ္ဌိဉာဏ်** ခေါ် မလွဲကေန် လက်ခံ ယုံကြည်ရမည့် အချက်ကြီး ဆယ်ချက်။ **(ဥပရိပဏ္ဏာသ ပါဠိတော် မဟာစတ္တာရီသကသုတ်)**

| | | |
|---|---|---|
| ၁။ | အတ္ထိဒိန္နံ | ပေးကမ်းကျိုးရှိ၏။ |
| ၂။ | အတ္ထိ ယိဋ္ဌံ | လက်ဦး လက်ဖျား ပေးလှူ ပူဇော်ကျိုးရှိ၏။ |
| ၃။ | အတ္ထိ ဟုတံ | အကြီးအကျယ် ပေးလှူ ပူဇော်ကျိုးရှိ၏။ |
| ၄။ | အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော | သုစရိုက်ဆယ်ပါး၏ ကောင်းကျိုး ဒုစရိုက် ဆယ်ပါး၏ မကောင်းကျိုးရှိ၏။ |
| ၅။ | အတ္ထိအယံလောကော | ဤလူ့ဘုံလောကသည် ရှိ၏။ |
| ၆။ | အတ္ထိ ပရော လောကော | ဤလူ့ဘုံမှတပါး နတ်ဘုံ ငရဲဘုံ စသည်ရှိ၏။ |
| ၇။ | အတ္ထိမာတာ | အမိအား ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်း, ပြစ်မှား လွန်ကျူးခြင်း ကောင်းကျိုး မကောင်းကျိုးရှိ၏။ |

## ရွှေမုဋ္ဌော မဟာစေတီတော် ဘဏ္ဍာတော်ထိန်း

## ဂေါပကအဖွဲ့ကြီး၊ ပုသိမ်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံ တရားမကျင့်ထုံး ကိုဥပဒေ ပုဒ်မ ၉၂-အရ၊ ရွေးကောက်တင်မြှောက်ဖွဲ့စည်းထားသည်။ (၁၉၆၁–ခုနှစ်)

၁။ ဦးမူ ကျောင်း, တန်ဆောင်း, စောင်းတန်း, ဇရပ်, ဓမ္မာရုံဒါယကာ ပရိက္ခရာကုန်သည်ကြီး

၂။ ဦးမောင်မောင် သစ်စက်ပိုင်ရှင်နှင့် ဓမ္မာရုံဒါယကာ

၃။ ဦးစံရွှေ* ဆန်စက်ပိုင်ရှင်နှင့် သမာဓိမြို့ဝန် (ဥက္ကဋ္ဌ)

၄။ ဦးဘကြွား* အစိုးရ ရိက္ခာတော်ရ ဆန်စက်ပိုင်ရှင် နှင့် သမာဓိမြို့ဝန် (ဒု-ဥက္ကဋ္ဌ)

၅။ ဦးဖထော်* အစိုးရရိက္ခာတော်ရ နှင့် သမာဓိမြို့ဝန်

၆။ ဦးဘအုန်း* အုန်းအင်ဆန်း စတိုးပိုင်ရှင်နှင့် သမာဓိမြို့ဝန် (စာရင်းစစ်)

၇။ ဦးမြဘူး* လွှတ်တော် ရှေ့နေကြီးနှင့် ပါလီမန် အမတ်ဟောင်း

၈။ ဦးညွန့်* သစ်ကုန်သည်ကြီးနှင့် သမာဓိမြို့ဝန် (အတွင်းရေးမှူးသစ်)

၉။ ဦးထွန်းမောင်* ဆေးလိပ်ခုံ ပိုင်ရှင်နှင့် သမာဓိမြို့ဝန် (အတွင်းရေးမှူး)

၁၀။ ဦးအုန်းရွှေ* ဆေးလိပ်ခုံ ပိုင်ရှင်နှင့် သမာဓိမြို့ဝန်

၁၁။ ဦးချစ်ဖေ ဆန်စက်ပိုင်ရှင်

---

* ဤ အမှတ် ပြထားသူ လူကြီးမင်း များမှာ မြှောက်မုခ်ဦး တန်ဆောင်း ဒါယကာများ ဖြစ်ကြပါသည်။



ရှေ့တန်း (ဝဲမှယာ) ဦးဖထော်၊ ဦးမောင်မောင်၊ ဦးဘကြွား-ဒု ဥက္ကဋ္ဌ၊ ဦးစံရွှေ-ဥက္ကဋ္ဌ၊ ဦးမှူ၊ ဦးမြဘူး။

နောက်တန်း (ဝဲမှယာ) ဦးထွန်းမောင်-အတွင်းရေးမှူး၊ ဦးဘအုန်း-စာရင်းစစ်၊ ဦးညွန့်၊ (အတွင်းရေးမှူးသစ်)၊ ဦးချစ်ဖေ၊ ဦးအုန်းရွှေ။



# ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

—:o:—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဌမခေတ်

## ၁—ဘုရားရှင်၏ သရီရဓာတ်တော်များ

### အတ္ထုပ္ပတ္တိ

သတ္တဝါဝေနေယျ တို့၏ အကျိုးစီးပွားကို အခါခပ်သိမ်း အလိုရှိတော်မူသော မဟာကရုဏာတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန် စံဝင် ခိုအောင်းတော်မူပြီး သည့်နောက် သရီရဓာတ် မွေတော်မြတ်တို့ကို ခုနစ်ပြည်ထောင် မင်း တို့အား ဆရာဖြစ်သော ဒေါနပုဏ္ဏားသည် အာဃာတ ဓာတ် မကပ်ငြိ စေရဘဲ မျှတညီတူ ခွဲဝေ၍ ယူစေပြီးခဲ့သည့် အတိုင်း ခုနစ်တိုင်း ခုနစ်ဌာန တို့၌ ကွဲပြား ပျံ့နှံ့လျက်ရှိသော ဓာတ်တော်မွေတော်များကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီး၏ သားတော် အဇာတသတ်မင်းသည် အဘ ရိုက်ရာ ဖြစ်သော ထီးနန်းကို သိမ်းမြန်း စိုးစံတော်မူပြီးနောက် ဘုရား ရှင်၏ သရီရဓာတ် မွေတော်မြတ် တို့ကို တလုံး တစည်းတည်း

တည်ထား ကိုးကွယ် နိုင်ရန် စီမံ ပင့်ဆောင် တော်မူ ပြီး လျှင် ရာဇဂြိုဟ်ပြည် ဝေဘာရ တောင်နှာမောင်း တွင် ကောင်း စွာ တည်ထားအပ်သော စေတီတော်မြတ်၌ ရဟန္တာ အရှင်မြတ် များနှင့် သိကြားမင်း နတ်မင်းတို့ ကြပ်မတ် ရှေ့ဆောင်ကာ နောင်လာနောက်သား အကျိုးများရန် အဓိဋ္ဌာန်ဖြင့် ခပ်သိမ်း ရန်သူ မယှမဖျက်နိုင်စိမ့်သောငှါ ယန္တရားစက်ရှင်တို့ကို တီထွင် ဖန်တီးလျက် ခက်ခဲသောအစီအရင်ဖြင့် ပင်လယ်ရေပြင်နှင့်အမျှ ပြုသော ဌာပနာတိုက်တွင်း၌ ရတနာမွန် ရတနာမြတ်တို့ဖြင့် အထပ်ထပ် ဝန်းရံကာ တည်ထား ကိုးကွယ်ခဲ့လေသတည်း။

## ၂—သိရိဓမ္မာသောကမင်းကြီး၏ အတ္ထုပ္ပတ္တိ

ဤသည်မှနောက် အနှစ် နှစ်ရာကျော် အရောက်တွင် ရှေး ကောင်းမှု၏ အာနုဘော် ရာဇာဘိသေက၏ အာနုဘော် တို့ကြောင့် အလွန်တရာ ဘုန်းတန်ခိုးအာဏာစက် ပျံ့နှံ့ ကြီးမားတော် မူခြင်းဖြင့် ဇမ္ဗူဒီပါကျွန်းအပေါ်၌ တယောက်တည်းသောမင်း အဖြစ်သို့ ရောက်တော်မူသော ပါဋ္ဌလိပုတ်ပြည့်ရှင် သံဂါယနာ တင် ဘုရင် သိရိဓမ္မာသောကမင်းကြီးသည် သာသနာတော် သက္ကရာဇ် ၂၁၈-ခုနှစ်တွင် ဒေဝါနံပိယ ပိယဒဿိရာဇာဘိသေက ဘွဲ့မည်ကို ခံယူလျက်မြတ်စွာဘုရား၏ သာသနာတော်ကို ကမ္ဘာ တဝှမ်းလုံး ပျံ့နှံ့အောင် ဆောင်ရွက် ပြုစုခဲ့သော ပြိုင်ဘက် ကင်းသည့် သာသနာပြုမင်းသည်လျှင် ဤရွှေမုဋ္ဌော မဟာစေတီ တော် မြတ်ကြီး၏ **ပဋ္ဌမဒါယကာတော်** ဖြစ်ရကား သာသနာ တော်၏ အကျိုး သတ္တဝါတို့၏ အကျိုးကို သည်ပိုး ဆောင်ရွက် ရာ၌ ကမ္ဘာပေါ်တွင် အထူးချွန်ဆုံး မင်းကောရဇ် ဖြစ်သည်ကို

သိသင့် သိထိုက်သည်ဟု ယူဆသည့် အလျောက် အောက်ပါ အတိုင်း သိတန်သမျှ အကျဉ်း သခ်ေပ ဖော်ပြအပ်ပါသည်။

## (က) ဘုရားဗျာဒိတ်တော်

ဘုရား မြတ်စွာ သည် ရာဇဂြိုဟ် ပြည်သို့ ဆွမ်းခံ ဝင်တော်မူသောအခါ ခုနစ်နှစ်အရွယ်ရှိ ပိယဒဿိအမည်ရှိသော သူငယ်သားသည် ဘုရား၌ ကြည်ညိုစိတ် ရှိသည် ဖြစ်၍ လက်၌ ရှိသော မြေမှုန့်ကို လှူရာ ရှင်လှသော နှုတ်ထားတော်ဖြင့် ရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ ဤ ပိယဒဿိ သတို့သားသည် မြေမှုန့် လှူသော အကျိုး အားဖြင့် နတ်ပြည်၌ ခံစားပြီးသော် သာသနာတော် ၂၁၈-နှစ် ရောက်သော အခါ ပါဋလိပုတ် ပြည်၌ ဗိန္ဒုသာရမင်း၏ တရားတယောက် သော သားတို့တွင် အသောကမည်သော ဗလစကြာမင်း ဖြစ်လတံ့။ ထိုအခါ ငါ၏ သာသနာ၌ သဒ္ဓါခြင်း အားကြီးသည် ဖြစ်၍ ခုနစ်လ ခုနစ်ရက် တိုင်တိုင် အလှူကြီးပေး၍ မိမိကိုယ်ကို နံ့သာဆီဖြင့်ဆွတ်သော ဝါဂွမ်းဖြင့် ရစ်၍မီးညှိကာ ပူဇော်လတံ့။ ထိုအခါ မာရ်နတ်ဖျက်ဆီးသည်ကို ဥပဂုတ္တတိဿ နာဂ မည်သော မထေရ် သည် တန်ခိုး အားဖြင့် တားပေး လတံ့"ဟု မြတ်စွာဘုရား ဗျာဒိတ် စကား ကြားတော်မူသည်။ (မဟာဝင်ဝတ္ထု)

## ( ခ ) အနောက်နိုင်ငံသားတို့၏ ထောက်ခံချက်

**အိပ်-ဂျီ-ဝဲလ်** ဆိုသူ ကမ္ဘာကျော် အင်္ဂလိပ် စာရေးဆရာကြီးက ကမ္ဘာ့ရာဇဝင် အစောင်စောင်တို့တွင် ထင်ပေါ် ကျော်ကြားကြကုန်သော ဧကရာဇ်ဘုရင်ကြီးပေါင်းများစွာတို့အနက် အသောက

မင်းတရားကြီး တဦးတယောက်တည်း သာလျှင် ကြွယ်တာရာ အလား ထင်ရှားခြင်း ရှိ၏၊ ၎င်း၏ ဘွဲ့နာမည်တော်ကိုဆိုလျှင် ဥရောပတိုက်ရှိ ပေါ်လဂါမြစ်မှသည် ဂျပန်နိုင်ငံသို့ တိုင်ရောက်အောင် ယခုထက်ထိ ရိုသေလေးမြတ်ခြင်းရှိကြ၏၊ တရုပ်,တိဗက်, အိန္ဒိယ စသော တိုင်းနိုင်ငံတို့၌လည်း ၎င်း၏ ကြီးကြွယ်မြင့်မြတ်ခြင်းအကြောင်းအရာတို့ကို ကောင်းစွာ သိမှီး သိမ်းဆည်းလျက် ထားရှိကြပေသည်၊ ယခုခေတ် ယခုကာလ ရှိကြ ကုန်သော လူ အပေါင်း တို့သည် ကွန်စတန်ဘုရင်ကြီးနှင့် ရှာလမိုင် ဘုရင်ကြီး တို့ထက် အသောက မင်းတရားကြီး၏ ဘွဲ့နာမည်ကိုသာ အမြတ်တနိုး ပြုလုပ် ပြောဆို လျက် ရှိ၏ ဟု ချီး ကျူး ရေးသား ထား လေသည်။

**ဒေါက်တာ ကော်ပိုလ်စတင်** ဆို သူ ပုဂ္ဂိုလ်ကြီး က လည်း အသောက မင်းတရားကြီးသည် သာသနာကို အားပေး ချီးမြှင့်ခြင်းတွင် ကွန်စတန် ဘုရင်ကြီးနှင့် တူရုံ သာမက အလွက်ဇံဒါ ဘုရင်ကြီးက ဂရိတ်လူမျိုး တို့၏ စိုးမိုး အုပ်ချုပ်ခြင်းကို ကမ္ဘာမြေပြင်တလျှောက် ပျံ့နှံ့အောင် ဆောင်ရွက်သည့်နည်းတူ သာသနာတော်ကို ကမ္ဘာ တလောကလုံး ပြန့်ပွားအောင် ဆောင်ရွက်တော်မူသည့်အပြင် နပိုလျံ ဘုရင်ကြီးပမာလည်း ဂုဏ်ပကာသန မဖက်ဘဲ မေတ္တာတရား သက်သက်ဖြင့် ဆောင်ရွက်တော်မူခြင်း ဖြစ်လေသည်ဟု ထောက်ခံပြန်သည်။

**ဒေါက်တာဂျိန်းမက္ကဖ**ီး( M.A.,M.D. )က“ဗုဒ္ဓဘာသာ သာသနာရာဇဝင်တွင် အသောက မင်းကြီးသည်ကား ဂေါတမ



အရှေ့စောင်းတန်း မုခ်ဦး-အလှူရှင်များမှာ
ဦးမူ-ဒေါ်မေ၊ ဦးသန်းအုံ-ဒေါ်မြမေ၊
ဦးဘိုးအိ-ဒေါ်ညွန့်။

မြတ်စွာဘုရား၏နောက် အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်ကြီးပင် ဖြစ်၏”ဟု ထောမနာပြုပေသည်။

**ဒေါက်တာဗင်းဆင့်စမစ်**(M.A.,D.Litt)က “အသောကမင်းတရားကြီးသည် ဗုဒ္ဓသာသနာတော်ကို အိန္ဒိယ နိုင်ငံလုံးနှင့်တကွ သီဟိုဠ်ကျွန်း, မြန်မာပြည်, ယိုးဒယား, ကမ္ဘောဇ, တရုပ်ပြည်,ကိုရီးယား,ဂျပန်, မွန်ဂိုလီးယား,တိဗက် စသော အရှေ့တိုင်းတလွှားတွင်လည်း ပြန့်ပွါးထွန်းကားစေခဲ့၏”ဟု ဆို၏။

## (ဂ) အရှေ့တိုင်းသားတို့၏မှတ်တမ်း

**ဖာဟီယင်** အမည်ရှိ တရုပ် ရဟန်းတော်၏ မှတ်တမ်းတွင် ပါဋလိပုတ် နေပြည် တော်ရှိ အသောက မင်းတရား ကြီး၏ စံတော်မူရာ ရွှေနန်း ပြာသာဒ်တို့မှာ နတ်အသူရာတို့ စီမံ ခြယ်လှယ်ထားသည့်အတိုင်း အလွန်တင့်တယ် ရှုချင်စဖွယ် ကောင်းပေရကား ဤကမ္ဘာလောကရှိ လူတဦးတယောက်မျှ လုပ်ကိုင်ဖြစ်မြောက်နိုင်ဘွယ်ရာ မရှိချေဟု ဆို၏။

**အီစင်** အမည်ရှိ တရုပ် ခရီးသည် တဦး၏ ရေးမှတ်တမ်းအရလည်း မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ် ဗိမ္ဗိသာရမင်းကြီးသည် မိမိ၏ ကမ္ဗလာထည်နှင့် ရွှေတောင်ဝေးတော်နှစ်ခုစလုံး တဆယ့်ရှစ်ပိုင်း ပိုင်းပြတ် သွားသည်ဟု အိပ်မက်မြင်မက် လေရကား မြတ်စွာ ဘုရားထံ ချဉ်းကပ်၍ ထိုအိပ်မက်အကြောင်းကို ပြန်ကြား လျှောက်ထားလေလျှင် မြတ်စွာဘုရားက “ငါဟောကြားသော တရားဒေသနာတို့ကို တဆယ့်ရှစ်မျိုးကွဲပြားလျက် အယူရှိလာကြလတံ့သော ပုဗ္ဗနိမိတ်သာတည်း။

ထိုသောအခါ အသောက မည်သောမင်းသည် ပေါ်ပေါက်လာပြီးသော် ဤဇမ္ဗူဒီပါတကျွန်းလုံးကို အစိုးရလိမ့်သတည်း" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ကြောင်းနှင့် ဖော်ပြပါရှိ၏။ ထိုမှတပါး "အသောက မည်သော ထိုမင်းသည် တရားနှင့်အညီ မင်းပြုပြီးလျှင် ငါ၏သရီရဓါတ်တော်တို့ကို စေတီပေါင်း ရှစ်သောင်း လေးထောင်တည်၍ ဌာပနာခြင်း ပြုလိမ့်သတည်း" ဟု ဗျာဒိတ်တော်ထားခဲ့ကြောင်းနှင့်လည်း ဒိဝ်ယဝါဒနကျမ်း၌ သာရှိသည်ဟူ၏။

ယုအံချောင် အမည်ရှိ တရုပ်ရဟန်းတော် တပါး၏ ရေးမှတ်တမ်းတွင်လည်း အသောက မင်းတရားကြီး တည်ဆောက်သော စေတီ ပုထိုးနှင့် ကျောင်းပေါင်း မြောက်မြား စွာကို ကသ္မီယတိုင်းနှင့် အခြားနေရာ အများတွင် တွေ့ခဲ့ ရကြောင်း ဖော်ပြထား၏။

## (ဿ) မဇ္ဈိမဒေသ ပညာရှင်ကြီးများ၏ တင်ပြချက်

အိန္ဒိယနိုင်ငံ လက္ကနောင်မြို့ သိပ္ပံ ကျောင်းကြီး၏ အိန္ဒိယနိုင်ငံ ရာဇဝင်ဆိုင်ရာ ပါမောက္ခဆရာကြီး ပရိဖက်ဆာ မူကာဂျီ (M.A.,Ph.D.) ကလည်း အရှင် မောဂ္ဂလိပုတ္တတိဿမထေရ် အမှူး ပြုလျက် ပါဋလိပုတ်ပြည် အသောကာရာမကျောင်းထက်တွင် တတိယ သံဂါယနာ တင်တော်မူကြောင်း၊ ထို့နောက် ရဟန္တာအရှင်မြတ်တို့အား ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ကြောင်း၊ ထိုကိုးတိုင်းတွင် မြန်မာနိုင်ငံသုဝဏ္ဏဘူမိတိုင်းသို့ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့အား စေလွှတ်ကြောင်း စသည်ဖြင့် ဗိနတ္ထပကာသနီ အစရှိသည့် ကျမ်းပေါင်း

မြောက်များစွာကို ပြုစုတော်မူသော ကျေးဇူးတော်ရှင် ကျီးသဲလေးထပ်ကျောင်း ဆရာတော်ဘုရားကြီး အရှင် မုနိန္ဒာဘိဓဇ စီရင်အပ်သော မဟာဝင်ဝတ္ထုတော်ကြီးလာ စကားရပ်တို့နှင့် တထပ်တည်းကျအောင် ရေးသား ဖော်ပြထားလေသည်။

## (င) ရှေးမြန်မာမင်းများ၏ ကမ္ပည်းကျောက်စာ

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာရှိ မြန်မာ ကျောက်စာ ကမ္ပည်းများ အနက် သက္ကရာဇ် ၆၆၀-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့ (အောက်တိုဘာ ၁၂၉၈-တွင်)မိမိ ပြုအပ်ခဲ့ပြီးသော ကောင်းမှုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြောင်းကို မှတ်တမ်း ရေးထိုးခဲ့သော ပြူတသောင်းတို့၏ အရှင် အမည်ခံ ပြူမင်း တပါး၏ ကမ္ပည်းကျောက်စာတွင် သာသနာတော် သက္ကရာဇ် ၂၁၈-ခုနှစ်နောက်တွင် ဇမ္ဗူဒိပ်ကျွန်း အရှင် သိရီဓမ္မာသောက မင်းကြီးတည်ထားတော်မူခဲ့သော စေတီပေါင်း၈၄၀၀၀-အနက် ပျက်စီး ယိုယွင်းနေသော စေတီတော်တဆူကို ပြန်လည် ပြင်ဆင်ခြင်းဖြစ်ကြောင်း ဖော်ပြထား၏။

## (စ) အသောကကျောက်စာများ

ယနေ့ ကမ္ဘာတွင် အထူးထင်ရှား ကျော်စော လျက်ရှိသော အသောကမင်းတရားကြီး ရေးထိုး မှတ်တင်ထားခဲ့သည့် ရာပေါင်း များစွာ ကျောက်စာများအရ လူနှင့်တတွ သက်ရှိ သတ္တဝါ အပေါင်းတို့၏ အကျိုးကို သည်ပိုးထမ်းဆောင်တော်မူရုံမက ဗုဒ္ဓ သာသနာတော်ကြီးကို ကမ္ဘာလောက တခုလုံး ပြန့်နှံ့အောင် ဆောင်ရွက်တော်မူခဲ့ခြင်းမှာ အံ့ချီးမကုန်ရှိပါပေ၏။

သာဓကတခုအဖြစ် တင်ပြရသော်....

**သဟဗာဇဂရဟီကျောက်စာ အမှတ် ၁၃—၅**

× × × × × × ×

မင်းတရားကြီးသည် လူခပ်သိမ်းတို့အပေါ် နာကျင်ခြင်းမပြု လိုသော သဘော မိမိစိတ်ကိုချုပ်တည်းလိုသော သဘော သမာ-သမတ် မျှတ တရားခြင်း ဖြစ်စေလိုသော သဘောထား ရှိတော်မူ၏။

ဤသို့ ပြုလုပ် အောင်မြင်ခြင်းသည်သာလျှင် ဓမ္မတရားဖြင့် အောင်မြင်ခြင်း မည်ပေသည်ဟု မင်းတရားကြီးသည် နှလုံး ပိုက်တော်မူ၏။

ဤသို့ အောင်မြင်ခြင်းကိုလည်း မင်းတရားကြီးသည် ဤ နိုင်ငံတော်နှင့်တကွ တိုင်းစွန်နယ်ဖျားနေ လူအပေါင်းတို့ အထဲ တွင်၎င်း၊ နိုင်ငံတော်မှ ယူဇနာပေါင်း ခြောက်ရာကျော် ဝေးကွာသော **အန္တိယောဂ** အမည်ရှိ ဂရိတ်ဘုရင်နှင့် တကွ **တုရမရ**[1] အမည်ရှိ ဂရိတ်ဘုရင်၊ **အန္တိက**[2] အမည်ရှိ ဂရိတ်ဘုရင်၊ **မဂါ**[3] အမည်ရှိ ဂရိတ်ဘုရင်၊ **အလိကသုဒရ**[4] အမည်ရှိ ဂရိတ် ဘုရင် လေးဦးတို့ပိုင် တိုင်း နိုင်ငံတို့ အပြင် နိုင်ငံ တော်၏ တောင်ဘက်ရှိ စောဠတိုင်း ပဏ္ဍယတိုင်း တမ္ဗပဏ္ဏိတိုင်း စသော တိုင်းပြည်တို့ တိုင်အောင်၎င်း အထပ်ထပ် အောင်မြင်ခြင်း ဖြစ်တော်မူလေသည်။ × × × × ဟု ဖော်ပြထား၏။

---

၁။ တုရမရသည် ဂျေစ်ဘုရင်ဖြစ်သည်။

၂။ အန္တိကသည် ဆီးရီးယားဘုရင်ဖြစ်သည်။

၃။ မဂါသည် ဆီရီနီပြည် ဘုရင်ဖြစ်သည်။

၄။ အလိကသုဒရသည် ဧပရတ်ပြည် ဘုရင်ဖြစ်သည်။



စေတီတော် တောင်ဘက်မုခ်ဦး
ဆန်စက်များပိုင်ရှင် ဦးရွှေဖြူ-ဒေါ်အေးမယ် နှင့်
သားသ္မီးတစုကောင်းမှု။

## မင်းတရားကြီး၏ စုတိခဏ်း ပေါ်ပြချက်

## မင်းတရားကြီး၏ စုတိခဏ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပေါ်ပြချက်

**အထူးမှတ်သားဘွယ်**

ဗုဒ္ဓသာသနာတော်တွင် သာသနာတော်၏အကျိုး သတ္တဝါတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်တော်မူရာ၌ သူမတူအောင် အထူးချွန်ဆုံး ဆောင်ရွက်ခဲ့သော ဤမင်းတရားကြီး၏စုတိခဏ်းနှင့် စပ်လျဉ်း၍ အလွန်ပင် မချမ်းမြေ့ဘွယ်ရာ ဖြစ်သော အစွဲအလမ်း အမှတ်အသားကြီး ရှိကြရုံသာမက မိမိတို့ ပူအပ်သော ကောင်းမှု ကုသလတို့ကိုပင် အကျိုးပေး စိတ်မှ ချရပါ့မလားဟု ယောင်ဝါးဝါးဖြစ်နေကြသော ဗုဒ္ဓဘာသာဝင် အများစုတို့၏ မခြေမြစ်လှသော သံသယကို တွန်းချပယ်လှန်နိုင်စိမ့်သောငှါ အောက်ပေါ်ပြပါ မှန်နန်းမဟာရာဇဝင်တော်ကြီးမှ ရှင်းလင်းချက်ကို ထည့်သွင်းပေါ်ပြအပ်ပါသည်။

(သိရိဓမ္မာသောကမင်းကြီး) အနိစ္စရောက်ပြီးသော်* အဆုံးစွန် အလျှူ၏ အာနုဘော်ကြောင့် နတ်ပြည်၌ ဖြစ်ရလေ၏ဟု လောကပညတ္တိကျမ်း၌ဆို၏၊ ရာဇဝင်ကြီး၌ကား စုတိခါနီးတွင် ပြင်းစွာ အမျက်ဒေါသရှိသဖြင့် စုတိအခြားမဲ့၌ စပါးကြီးမြွေဖြစ်၍ အရှင်မဟိန္ဒထေရ် တရားဟောသည်တွင်မှ တရားကိုနှလုံးသွင်းမိသဖြင့် စပါးကြီးအဖြစ်မှ စုတေ၍ နတ်ပြည်၌ ဖြစ်ကြောင်းကို ကျယ်စွာဆိုလေသည်၊ ထိုစကားကို **ကျမ်းကြီးကျမ်းခိုင်တို့၌လာသော စကားမဟုတ်သောကြောင့်**ဤ(မဟာရာဇဝင်တော်၌) မရေးမသွင်းသတည်း။

* သာသနာ ၂၅၅။

၁၁၀၃၄

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

သီဟဠဝတ္ထုဤကား ဤသို့လာ၏၊ သိရိမေဃသောကမင်းကြီးနှင့် ၎င်း၏ အဆွေတော်ကြီးဖြစ်သော လင်္ကာဒီပ သီဟိုဠ်ကျွန်းကို အစိုးရသော ဒေဝါနံပိယတိဿ မင်းကြီးလည်း တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသော နတ်သားဖြစ်လေ၏၊ ထိုနတ်နှစ်ပါးသည် နတ်၏ အသက်အတိုင်း နတ်ပြည်၌မနေ၊ သိကြားတောင်းပန်အပ်သည် ဖြစ်၍ သီဟိုဠ်ကျွန်း၌ သဒ္ဒါတိဿမင်း ၂ လက်ထက် သိရိမေဃသောကမင်းကြီးကား သမ္ဘုလ သူဌေးကြီးသား ဖြစ်လာ၏၊ ဒေဝါနံပိယတိဿမင်းကြီးကား ဗျဂ္ဃသာလ သူဌေးမဝမ်း၌ ဖြစ်လာ၏၊ ခုနစ်နှစ် အရွယ်သို့ ရောက်ကြလျှင် ရဟန်းပြု၍ ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ အဖြစ်သို့ ရောက်တော်မူကုန်၏၊ သိရိမေဃသောက မင်းကြီးကို ကုဏ္ဍလတိဿထေရ် ဟူ၍ တွင်၏၊ ဒေဝါနံပိယတိဿမင်းကြီးကို ဗျဂ္ဃထေရ်ဟူ၍ တွင်၏၊ ထိုမဟာထေရ်နှစ်ပါးကား ဘွားသောအခါလည်း အတူဘွားတော်မူကြသည်၊ ရဟန်းပြုသော အခါလည်း အတူ ရဟန်းပြုကြသည်၊ ကျွန်းဂန်အတူ သင်တော်မူကြသည်၊ ပရိနိဗ္ဗာန် ပြုတော်မူသော အခါလည်း သီဟိုဠ်ကျွန်း အလုံး၌ ကြီးစွာသော ပြာဋိဟာကို ပြတော်မူကြ၍ အတူပင် ပရိနိဗ္ဗာန် ပြုတော်မူကြသတည်း။

ဤတွင်၍ကား သိရိမေဃ သောကမင်းကြီး၏ အကြောင်း သိကောင်းသရွေ့ အကျဉ်းသခေ်ပ ဖေါ်ပြချက်ဖြစ်၏။

---

၁— သာသနာ ၂၇၇-တွင် နတ်ပြည်စံသည်။

၂— သာသနာ ၄၀၇။

## ၃—ရွှေအာဂဏာစေတီတော်အတ္ထုပ္ပတ္တိ

သာသနာတော်၏အကျိုး သတ္တဝါတို့၏အကျိုးကို သည်ပိုး ရွက်ဆောင်ရာ၌ အားမရ တင်းမတိမ်နိုင်ရှိသော သာသနာ့ ဒါယကာ သိရီဓမ္မာသောက မင်းကြီးသည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်စူး၍ စေတီတော် ရှစ်သောင်း လေးထောင်ကို တည်ထားကာ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အနှံ့အပြား ကိုးကွယ်နိုင်ကြစေရန် ရည်သန် ရိုးရင်း ပြင်းပြသော သဒ္ဓါ ဖြစ်ရကား အဇာတသတ်မင်းသည် ခဲယဉ်းသော အစီအရင်ဖြင့် တလုံး တစည်းတည်း သိုမှီး သိမ်းဆည်း ထားခဲ့သည့် ခုနစ် စရွတ်မျှသော သရီရဓာတ် မွေတော်မြတ်တို့ကို အကွယ်အကာ ယန္တရားစက်တို့ကိုပယ်ဖျက်၍ ပင့်ဆောင်တော်မူပြီးလျှင် ရွှေစင် အတိ မိုက်ပြည့်စေတီတော်တဆူလျှင် ဓာတ်တော်တဆူစီဌာပနာ ၍* ရွှေမယ်နလေးချက်စီ စွဲကာ ဇမ္ဗူဒိပ်ကျွန်း အလုံး၌ အနှံ့ အပြားတည်ထားကိုးကွယ်ရန် စီမံရာတွင် ယခု ပုသိမ်မြို့တည်ရှိရာ တိရင်္ဂလကျွန်း၌ ဘုရားအလောင်းတော် ရွှေငါးကြင်းနှင့်ဝက်မင်း

---

* ရွှေစင်အတိ........ဌာပနာ၍၊ မုဋ္ဌောကိုးဆူသမိုင်းအရှေးကဏ္ဍာ လာ စကားရပ်နှင့် သုတ်မဟာဝါ အဋ္ဌကထာ၊ ပါရာဇိကကဏ် အဋ္ဌ ကထာတို့နှင့် ညီညွတ်သည်။

ဒက္ခိဏာသာခါ—စသည်ဆိုသော စကားစုကဲ့သို့၊ မဟာဝင်-ဒီပဝင် ဗောဓိဝင် တို့ဖြင့် စောကြောဘူယ်လည်း မရှိ၊ အစွန်းလွှတ်သည်။

ဖြစ်စဉ် ပျော်မွေ့ရာဌာနဖြစ်ခဲ့သော အတိသဥ္စာနဂရ[၁] ကမ်းနဖူး တောင်ဦးအခင်း ကျောက်သလင်းအပြင် ပြန့်ပေါ်တွင် ရဟန္တာ အရှင်မြတ်တို့[၂] ညွှန်ပြတော် မူအပ်သည့် အတိုင်း သာသနာ သက္ကရာဇ် ၂၈၉[၃] ခုနှစ် တပေါင်းလပြည့်နေ့ လရထားနှင့် ရာဟုနတ်သား ကြိမ်ခိုက်တွင် စေတီတော် လုံးပတ် သုံးတောင် အရပ် ငါးတောင်ရှိ **စေတီတော်ကို ရွှေအာဏာ**ဟု ဘွဲ့တော်ချီးမြှောက်လျက် လူနတ်ပြဟ္မာ သတ္တဝါအများ အကျိုးများရန် တည်ထားတော်မူခဲ့လေသတည်း။

---

၁။ အတိသဥ္စာနဂရ-အတိ+သဥ္စာတ+**နဂရ**၊ အလွန်ကောင်းစွာဖြစ်ခဲ့ဘူးသော ဒေသဟု အဓိပ္ပါယ်ရသည့် ဘုရားအလောင်းတော် နှစ်ဦးအခါ-ရွှေငါးကြင်း၊ ရွှေဝက်မင်း၊ ရှဉ့်မင်း၊ ရွှေသမင်မင်းနှင့် ဆင်မင်း အဖြစ် ပျော်စံကျက်စားခဲ့ရာနှင့် ရှဉ့်မင်းခန္ဓာစဲရာစသည့်ဌာနအသီးသီး တို့၌ တည်ထားအပ်သော ယနေ့အထိ ထင်ရှားရှိနေသည့် အတွင်း မုဋ္ဌော ငါးဆူတို့ဖြင့် တင့်တယ်အပ်သော ပုသိမ်မြို့အတွက် အဓိပ္ပါယ် ယူတွက်ပြည့်စုံသည့်အမည် ဖြစ်ပေသည်။

၂။ ရဟန္တာ အရှင်မြတ်—(စေတီ) ကျောင်း ၈၄၀၀၀—တည် ဆောက်ရေးတွင် အစအဆုံး တာဝန်ယူရသော ဇာနဒ္ဓဂုတ္တ ရဟန္တာ အရှင်မြတ်မှာ၊ အတိတ်—အနာဂတ် ဆက်စပ်မြော်မြင် ကြီးလှသော အဘိညာဉ် တန်ခိုးတော်အရှင် ဖြစ်ရကား ဘုရားလောင်း နှစ်ဦးအခါ ရွှေငါးကြင်းနှင့် ဝက်မင်းဖြစ်စဉ် ပျော်မွေ့ရာ ဌာနဖြစ်ခဲ့၍၊ စေတီတော် တည်ရန် ဌာနအဖြစ် ရွေးချယ် ညွှန်ပြခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်သော အကြောင်းယုတ္တိပြည့်စုံသည်။

၃။ မုဋ္ဌောကိုးဆူသမိုင်းအရဖြစ်သည်။



စေတီတော် အနောက်မုခ်
နတ်လမ်း အနောက်ဘက်အဝမှ မြင်ရပုံ။

# ၁—အလောင်းစည်သူမင်း အတ္ထုပ္ပတ္တိ

## ဒုတိယခေတ်

## ၁—အလောင်းစည်သူမင်း၏ အတ္ထုပ္ပတ္တိ

စတုတ္ထ ပုဂံ မင်းဆက်တွင် ဗုဒ္ဓသာသနာ တော်ကို စတင်ထွန်းကားစေခြင်းနှင့်တကွ တိုင်းကားပြည်ရွာ သာယာဝပြောရေးအတွက် ထူးကဲသော ဆောင်ရွက်မှုတို့ကြောင့် ယခုထက်တိုင်ထင်ရှားကျော်စောလျက်ရှိသော ရှေးအခေါ် ပေါက္ကာရာမပြည် ခု ခေတ် တွင်မူ မြားမြောင် လှသော စေတီတော်ပုထိုးတော်တို့ကြောင့် ကမ္ဘာအနှံ့ အပြား ထင်ရှား ကျော်စောလျက်ရှိသည့် ပုဂံမြို့ကို အစိုးရတော်မူသော အနော်ရထာမင်းကြီး၏ သားတော်ဖြစ်သူ ကျန်စစ်မင်း၏ သမီးတော် ရွှေအိမ်သည် မင်းသမီးနှင့် ကျန်စစ်မင်း၏ တူတော် စောယွန်းမင်းသားတို့မှ ဖွားမြင်တော်မူ၍ ဘိုးတော် ကျန်စစ်မင်း ကိုယ်တိုင်လျှင်အထူးမြတ်နိုးတော်မူလှသဖြင့် ထီးဆက်နန်းလျာအဖြစ် ငယ်ရွယ်စဉ်ကပင် ကြိုတင် လျာထား သနား ချီးမြှောက်ခြင်းခံရသော **အလောင်းစည်သူမင်း**သည် ပြည်တွင်း ပြည်ပတို့သို့ ရေကြောင်းကုန်းကြောင်းတို့ဖြင့် တိုင်းခမ်း လှည့်လည်တော်မူလေ့ ရှိခဲ့ရာဖေါင်စကြာရှင်ဟုပင် အမည်တော် တွင်ခဲ့သည့်အတိုင်း လှေဖေါင်တော်ဆိုက်ရောက်ရာ အရပ်တို့၌ "ဖေါင်တော်ဦးစေတီ"ဟု များစွာသော အရပ်တို့၌ တည်ထားတော်မူခဲ့လေသည်၊ ထိုသာမက ပုဂံမြို့တွင်ပင် အကြီးဆုံးတဆူဖြစ်သော သဗ္ဗညုဘုရားကြီးကိုင်း၊ အလှပ အသပ္ပါယ်ဆုံးတဆူဖြစ်သော ရွှေဂူဘုရားကိုင်း တည်ထားတော် မူခဲ့လေသည်။

# ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

ထိုသက္ကရာဇ် ၅၃၆-ခုနှစ်ကား "သောနင့်တြိန် ပဥ္စမိန် ပုသိမ် တည်သည့်နှစ်"ဟူ၍ ပညာရှိကြီးတို့ မှတ်တမ်းပြုကြသည့်အတိုင်း ထိုသက္ကရာဇ် ၅၃၆-ခုနှစ်တွင် ပုသိမ်မြို့ကို အုပ်စိုးသော ဘုရင်ခံကား ဟံသာဝတီပြည်ဝိမလမင်း၏မြောက်နန်းတော်တွင်မြင်သည့် ဝါသုဒတ္တမင်း ဖြစ်၏။

| | | |
|---|---|---|
| ထို ဝါသုဒတ္တမင်း | .... | ၉-နှစ်၊ |
| ညီတော် ဗလဒတ္တမင်း | .... | ၁၀-နှစ်၊ |
| ညီတော် မဟာဇေယျ | .... | ၇-နှစ်၊ |
| ညီတော် စူဠဇေယျ | .... | ဂ-နှစ်၊ |
| ညီတော် သာဂရ | .... | ၆-နှစ်၊ |
| ညီတော် ဂန္ဓိတ္တ | .... | ၇-နှစ်၊ |

ညီနောင်ခြောက်ပါး ဆက်ကာ ဆက်ကာ ၄၇-နှစ်တိုင် စိုးစံပြီးနောက် သက္ကရာဇ် ၅ဂ၃-ခုနှစ်အရောက်တွင်....

| | | |
|---|---|---|
| ပသီမင်း | .... | ဂ-နှစ်၊ |
| အော်လံတေကုလားမင်း | .... | ၁ နှစ်၊ |
| အက္ကပတ်မင်း | .... | ၃-နှစ်၊ |

ကုလားမင်း သုံးဆက် ၁၂-နှစ် တိုင်တိုင် **ပသီမြို့** အမည်ဖြင့် အုပ်စိုးပြီးနောက် သက္ကရာဇ် ၅၉၅-ခုနှစ်တွင် (ပသီမြို့)အမည်ကို ဖျက်သိမ်း၍ အမည်ဟောင်းဖြစ်သည့် **ပုသိမ်မြို့** အမည်ဖြင့် မှန်မင်းများဖြစ်ကြသော....

| | | |
|---|---|---|
| ဂုဏ္ဏသာရ | .... | ဂ-နှစ်၊ |
| ညီတော် ဂုဏ္ဏသာရီ | .... | ၉-နှစ်၊ |
| သားတော် သမုဒ္ဒ | .... | ၁၃-နှစ်၊ |



ရေဆင်း တန်ဆောင်း တော်ကြီး အသစ် ပုံတော်
ခရိုင်ဝန် ဦးဘခိုင်နှင့် သီလရက္ခိတအဖွဲ့ကြီးမှ ကြီးမှူးသော
အများပြည်သူနှင့်ဘဏ္ဍာတော်။

## ၂—ရွှေမုဋ္ဌော စေတီတော်

အသီးသီး နှစ်ပေါင်း ၃၀-စိုးစံခဲ့ကြပြီးနောက် သက္ကရာဇ် ၆၂၅-ခုနှစ် အရောက်တွင် သမုဒ္ဒ၏သားတော် သမုဒ္ဒဃောသ မင်းနှင့် ဥမ္မာဒန္တီတို့က ဆက်လက်အုပ်စိုးကြလေသည်။

ဥမ္မာဒန္တီမင်းသမီးမှာ ကြင်ဘက်တော် သမုဒ္ဒဃောသ မင်း၏ အမည်ကိုပင် ဖုံးလွှမ်း ကျော်လွန်၍ ယခုတိုင်ကျော်စောထင်ရှား လျက်ရှိသော အတိတ်ကံအာနုဘော် ကြီးလှသည့် ကုသိုလ်ရှင် အမျိုးသမီးတဦး ဖြစ်ပေသည်။

ဤသမုဒ္ဒဃောသနှင့် ဥမ္မာဒန္တီတို့ကား ရွှေမုဋ္ဌော မဟာစေတီ တော်ကြီး၏ **တတိယ ဘုရားဒါယကာ** ရာဇာမင်းစိုးများ ဖြစ်ကြ လေသည်။

## ၂—ရွှေမုဋ္ဌောစေတီတော်

တတိယ ဘုရားဒါယကာ ရာဇာမင်းစိုးဖြစ်ကြကုန်သော ပုသိမ် ၃၂-မြို့ကို အစိုးရတော်မူသည့် သမုဒ္ဒဃောသမင်းနှင့်မိဖုယားမှူး ဥမ္မာဒန္တီ တွင်မည်ပုံ့ျသင်း ကျော်စောခြင်းကိတ္တိဖြင့် ယနေ့သို့တိုင် ကြိုင်လှိုင်လျက်ရှိသော ဘုရားဒါယိကာမတို့သည် ရဟန္တာအရှင် မြတ်တို့၏ အကူအညီဖြင့် ပတ္တမြားစေတီတော် လုံးပတ် ၃- တောင် အရပ် ၅-တောင်တွင် မွေတော်ဆံတော်များနှင့် ဥသျှစ် သီးခန့် ပမာဏရှိသော ဗောဓိသီးကို သွတ်သွင်း၍ မူလ **ထူပါရုံ စေတီတော်**၌ ဌာပနာပြီးလျှင် အသစ် မွမ်းမံ တဖန်ပြုပြင်ကာ "သုဝဏ္ဏမုဋ္ဌိပမာဏံ စေတိယံ ဒေဝမနုဿာနံ သရဏံ ဟောတိ"

သုဝဏ္ဏမုဋ္ဌိပမာဏံ၊ ရွှေစင်အတိတမိုက်အတိုင်း အရှည်ရှိသော၊ စေတိယံ၊ စေတီတော်သည်၊ ဒေဝမနုဿာနံ၊ နတ်လူအပေါင်းတို့၏၊ သရဏံ၊ ကိုးကွယ် လည်းလျှောင်းရာသည်၊ ဟောတိ၊ ဖြစ်၏။ ဟု ကျမ်းဂန်ရှိစကားအတိုင်း ပဌမ မူလဌာပနာရာ ရွှေစင်မိုက်ပြည့်စေတီတော် ဌာပနာရင်းကိုစွဲ၍ **ရွှေမုဋ္ဌောစေတီတော်** အမည်သို့ ပြောင်းကာ ကောဇာသက္ကရာဇ် ၆၀၀-ပြည့်နှစ်*တွင် နောင်လာအကျိုး မြှော်ကိုးတည်ထားကြပြန်ရာ ဤအမည်တော် ဖြင့်ပင်လျှင် ယနေ့အထိ ထင်ရှား ကျော်ကြား၍ အများ ကိုးကွယ်ရာ စေတီတော်မြတ်ကြီး ဖြစ်ပေသည်။

## မျက်မှောက်ခေတ်

**အမှာစကား** မျက်မှောက်ခေတ်ကို သမုဒ္ဒဃောသဉမ္မာဒန္တီတို့စိုးစံသော ခုနှစ်ရာစုမှ တဆယ့်တစ်ရာစု အထိ (သာသနာသက္ကရာဇ် ၁၉၀၀-၂၃၀၀) အပိုင်းတပိုင်း, ထိုမှ နောက်ကို အပိုင်း တပိုင်းဟု နှစ်ပိုင်း ခွဲခြားရာသည်။

## ပဌမ အပိုင်း

သမုဒ္ဒဃောသနှင့် ဉမ္မာဒန္တီတို့ လက်ထက် အလွန် ဝပြောသာယာရှိသည်ကို အကြောင်းပြု၍ ပုသိမ်မြို့ကို နာဂဝုလ္လာ (တနည်းခေါ်) နဂရဝေပုလ္လ ဟုသမုတ်၍ အဆက်ဆက်သော

---

* မုဋ္ဌောကိုးဆူ သမိုင်းပါအတိုင်း ဖြစ်သည်။

## မျက်မှောက်ခေတ် ပဌမပိုင်း

မင်းတို့ မင်းပြုကြရာ အသင်္ချိဟိန္ဒမင်း လက်ထက်မှ မင်းဆက် ပြတ်ကြောင်း မုဋ္ဌောကိုးဆူ သမိုင်းက ဆိုသည်၊ သို့ရာတွင် သက္ကရာဇ် အပိုင်းအခြား ဖော်ပြထားခြင်း မရှိပေ။

တဖန် မြန်မာရာဇဝင်များအရ တရုပ်ပြေးမင်း အမည်တွင်သော နရသီဟပတေ့ဒ္ဒ သားတော်သုံးပါး ထွန်းကားသည့်အနက် သားတော်ကြီး ဥဇနာကို သက္ကရာဇ် ၆၄၀-၆၄၇-ခုနှစ်လောက် တွင် ပုသိမ်စားထားကြောင်း တွေ့ရသည်။

သက္ကရာဇ် ၇၉၁-၈၂၁-ခုနှစ်ဆီလောက်တွင် တဖန် ပုသိမ်မြို့ မင်း ဗညားအိမ်ဖြစ်ကြောင်း တွေ့ရသည်။

ထို့ပြင် သက္ကရာဇ် ၈၂၁—ခုနှစ်လောက်တွင် ဟံသာဝတီ **အိမ်ရှေ့စံ ဓမ္မစေတီ**သည်ပုသိမ်မြို့ကို တိုက်ခိုက်အောင်နိုင်ကြောင်း နှင့် တဖန် သက္ကရာဇ် ၈၃၄—ခုနှစ်နှင့် ၈၃၇—ခုနှစ်များတွင် ဟံသာဝတီဘုရင် အဖြစ်ဖြင့် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့သို့ ပုသိမ် ဆိပ်ကမ်းမှ သင်္ဘောများစေလွှတ်ကြောင်း တွေ့ရသည်။

တဖန် သက္ကရာဇ် ၁၁၁၆—ခုနှစ် (အင်္ဂလိပ် လူမျိုး သံဘက် ကက်ပတိန်ဘေကာ၏ မှတ်တမ်းအရ ခရစ်သက္ကရာဇ် ၁၇၅၅-ခုနှစ် ဖေဖေါ်ဝါရီလ ၂၃—ရက်နေ့)တွင် အလောင်းမင်းတရားကြီးသည် ပုသိမ်မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်းတွေ့ရသည်။

သို့ရာတွင် ဤမင်းများလက်ထက်နှင့်သက္ကရာဇ် ၁၁၄၀-ခုနှစ် အထိ ကာလအတွင်း စေတီတော်ကြီးအား အထူးတလည်ထပ်မံ မွမ်းမံ ပြုပြင်ကြောင်း မတွေ့ရ။

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

### ဒုတိယအပိုင်း

**၁—စတုတ္ထ ဘုရားဒါယကာကြီး** သာသနာ သက္ကရာဇ် ၂၃၂၂-ခုနှစ် ကောဇာ သက္ကရာဇ် ၁၁၄၀-ပြည့်နှစ် အရောက်တွင် စေတီတော်၏ငှက်ပျောဖူး တော်ကွဲအက်သဖြင့် ပုသိမ်မြို့ဝန်မင်း **ဦးလုကြီး** သည် အသစ် မွမ်းမံပြင်ဆင်တည်ထားတော်မူပြီးလျှင် ထီးတော်ကိုပါ တင်လှူ ခဲ့လေသဖြင့် **စတုတ္ထ ဘုရားဒါယကာ** ပါရမီရှင် ကုသိုလ်ရှင်ကြီး ဖြစ်လေသည်။

**၂—ပဉ္စမ ဘုရားဒါယကာကြီးများ** ကောဇာ သက္ကရာဇ် ၁၂၄၀—ပြည့် နှစ်နှင့် ၁၂၄၁-ခုနှစ်အတွင်း ပုသိမ် မြို့ ဒုတိယတန်း အမိန့်တော်ရကြီး ဦးလှူက ဦးစိုးနာယက ပြု၍ ၃၂-ရတီရှိ စိန်ကြီးကို အဘိုးငွေ ၃၂၀၀ဝိ-ပေး၍ ဝယ်ယူတင်လှူသည့် အခါတွင် ပုသိမ်မြို့ အသည် ကြီးရပ် ဆရာကြီးဦး**အောင်ခိုင်ပါ** ကလျာဏလူကြီး ၆၁-ယောက် တို့နှင့်တကွ မင်းတုန်း မင်းတြားကြီး တင်လှူခဲ့သော သံထီး တော်ကို ပယ်ကာ ကြေးစင်ထီး ခုနစ်တောင် နှစ်မိုက် ငွေထီး နှစ်တောင်တမိုက် လေးသစ်တို့ကို တင်၍ ရွှေလုံးတော်ပြည့် ကပ်လှူကြပြီးနောက်....

၁၂၄၂-ခုနှစ် တော်သလင်း လပြည့်ကျော် ၁၁—ရက် ကြာသပတေးနေ့အဝင် ည၌ ၃—နာရီ ၄၅-မိနစ် အချိန်တွင် လျှင်ကြီးလှုပ်သဖြင့် သပိတ်မှောက် အထက်က စ၍ ကွဲအက်

ပြီးလျှင် စိန်ဖူးတော်ကြီးမှာ မြေသို့ သက်လျောရာ ကွဲအက် ပျက်ပြားသမျှ နေရာတို့ကို ပယ်ရှားပြီးလျှင် အဝန်း ၆၄-တောင် အမြင့် ၃၄-တောင် ၂-မိုက်ရှိအောင် ဘိလပ်မြေအင်္ဂတေ သရွတ်ဖြင့် သာလျှင် တိုးမြှင့်ပူဇော်ခြင်း ပြုသောအခါ အဘိုးငွေ ၄၇၀၀-ကျပ် ကုန်ကျသော ကြေးချိန် ၁၂၀၀-ရှိသည့် ပိန္နဲတိုင်သင်ကို စိုက်ထူလျက် ရွှေစစ်ရုပ်ပွားတော်ကြီး တပိဿာ ၉၅-ကျပ်ရှိ တဆူ၊ ရွှေစစ် တပိဿာ ၄၂-ကျပ် ၈-ပဲရှိ ရုပ်ပွားတော်တဆူ၊ ရွှေစစ်အငယ်ဆုံး ၃-ကျပ်သားရှိ ရုပ်ပွားတော်ကြီးငယ် ၂၀၁-ဆူ အစုစု ငွေသားအချိန် ၁၆-ပိဿာ ၅၀-ကျပ်၊ ငွေဆင်းတုပေါင်း ၂၃၀၀၊ ပယင်းဆင်းတု ၁၄-ဆူ၊ ခတ်တော် ၇၀-စိန်စစ်ရုပ်ပွား ၁-ဆူ၊ မြသား ရုပ်ရှင်တော် ၁-ဆူတို့ကို ရွှေပလ္လင်သစ် ရွှေစင်စစ်တို့ဖြင့် ဝန်းရစ်လွှန်ကဲ ရွှေတံကဲ၌ ဆွဲပန်းတော်ရှိ မဏိပတ္တမြား ပြရိုးယား ပုလဲ မြရွှဲ ဂေါမုတ် ဥဿဖယား နီလာ စီမြွာ ဝန်းရံ မွမ်းမံသည့်အတွက် ငွေ၉၇၈၀၀-ကျပ်တန် တို့ကို ဦးစီးဆောင်ရွက်သူ ဦးလူနှင့်အတူ အသည်ကြီး ရပ်ကွက်မှ ကလျာဏလူကြီး ဆရာကြီး ဦးအောင်ခိုင်နှင့် ပွဲစားကြီး ဦးညိမ်း တို့ပါ ၆၂-ယောက်တို့ကလည်း အသီးသီး ချီးမြှင့်လှူဒါန်းကြသော တသိန်းကျော်တန် စီမံပူဇော် ကြခြင်းဖြင့် **ပဌမမြောက် ပါရမီရှင် ကုသိုလ်ရှင် ဘုရားဒါယကာ ကြီးများ** ဖြစ်ကြပါပေသည်။

**မှတ်ချက်**။ ။ပုသိမ်မြို့ အသည်ကြီးရပ် လူကြီးမင်းတို့၏လှူငွေ စာရင်းမပါဘဲ အမိန့်တော်ရကြီး ဦးလူ မှ တည် နိုးဆော်၍ ပူဇော်လှူဒါန်းခဲ့သည့် ငါးကြိမ် တိုင်တိုင်အတွက် ငွေ၃၁၀၈၂၈-ကျပ်၊ ၉-ပဲ၊

ပြန်သဖြင့် **ယနေ့ ဉာဏ်တော်မှာ** မြေမှ ခရေသီး အဆုံးအထိ ၇၇-တောင် ထီးရပ် (စိန်ဖူးအထွဋ် ဆုံးထိ) ၂၅-တောင်ဖြစ်၍ နှစ်ရပ်ပေါင်း**၁၀၂-တောင်** အမြင့် ဆောင်တော်မူလျက်ရှိသည်။

(၃) စေတီတော်ဆိုင်ရာ ဘဏ္ဍာတော်အရပ်ရပ် ထိန်းသိမ်း စီမံ ဆောင်ရွက် ရေးကို တရားမကျင့်ထုံးကိုမ-ဥပဒေအရ ပြည်ပိုင်အစိုးရက သတ်မှတ်ပေးသော စည်းမျဉ်း ဥပဒေဖြင့် ကောဇာ သက္ကရာဇ် ၁၂၅၇-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၉၆-ခုနှစ်က စ၍ အဖွဲ့ဝင် ၉-ဦးပါသော ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စတင်ဆောင်ရွက်ခဲ့သည်။

---

## ကောင်းမှုတော်ကြီးများ

### ၁—ဘုရင်မင်းမြတ်များနှင့် ထင်ရှားသောအခြားကုသိုလ်တော်ရှင်များ၏ကောင်းမှုတော်များ

(က) သက္ကရာဇ် ၁၁၇၁-ခုနှစ်တွင် ပုသိမ်မြို့ မြို့ဝန်မင်း မဟာမင်းခေါင်ကျော်သည် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူတော်မူသည်။

(ခ) သက္ကရာဇ် ၁၁၉၀-ပြည့် နှစ် တွင် လေ ကြီး လာ ၍ ထီးတော် ပျက် သည် ကို စစ်ကိုင်း ဘုရင် မည်သော



ရေဆင်းတန်ဆောင်း အဟောင်းပါသော ပုသိမ်မြို့ရှုခင်း။

## ကောင်းမှုတော်ကြီးများ

ဘကြီးတော် ဘုရားသည် ကိုယ်စားတော် လှုတ်၍ ထီးတော်အသစ် တင်လှူတော်မူသည်။

(ဂ) သက္ကရာဇ် ၁၂၁၃-ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး၏ နောင်တော် **ပုဂံဘုရင်** မင်းတရားကြီးဘုရားသည် ပုသိမ် ၃၂-မြို့ဝန်ကြီး မဟာမင်းခေါင်ကျော် အား ရွှေတိုက် လှုတ်တော်အမိန့်နှင့် ရွှေဆိုင်းများ လွှဲအပ်၍ ကိုယ်တော်စား တင်လှူစေတော်မူသည်။

**မှတ်ချက်။** ။၁၂၁၄-ခု နယုန်လဆန်း ဂ-ရက် ၁၈၅၂-ခုနှစ် မေလ ၂၃-ရက်နေ့တွင် ပုသိမ်မြို့သည် အင်္ဂလိပ် လက်တွင်းသို့ ကျဆင်း ဆုံးရှုံးခဲ့ရလေသည်။

(ဃ) သက္ကရာဇ် ၁၂၂၂-ခု ကြတ္တိကာနှစ်တွင် မင်းတိုင်ပင် အမတ်ကြီး တပါးဖြစ်သော စစ်ကဲတော်မင်း **မင်းလှ သမန္တရာဇာ**သည် လုံးတော်ပြည့် ရွှေ သင်္ကန်းကပ်လှူ တော်မူသည်။

(င) သက္ကရာဇ် ၁၂၂၅-ခုနှစ်တွင် ဗြိတိသျှအစိုးရခန့် ပုသိမ် မြို့ စစ်ကဲတော်မင်း **ဦးရွှေဗို**သည် ပုသိမ် ၃၂-မြို့သား တို့အား နှိုးဆော်၍ ရွှေ လုံးတော်ပြည့် ကပ်လှူသည်။

**မှတ်ချက်။** ။ဤ စစ်ကဲတော်မင်း ဦးရွှေဗိုမှာ ဗြိတိသျှတပ် များပုသိမ်မြို့ကို တိုက်ခိုက်ချိန်တွင် မြို့ဝန်းကျင်

(ဃ) ရွှေဆည်းလည်းတော်များ

။အချို့တွင် စိန်, ပတ္တမြား စသည်တို့ စီခြယ်လျက် ရွှေချိန် ၁၄၃ ကျပ် ၁၁-ပဲ ၃-ရွေးရှိ ရွှေသားစစ်ဆည်းလည်းတော် ၆၃-လုံး။

(င) ရွှေပြားသင်္ကန်းတော်

။ငှက်ပျော်ဖူးတော်တွင် ကြေးဘောင်ကြီးဖြင့် သပ်ယပ်စွာ တပ်ဆင်လှူဒါန်းထားအပ်သော စုစုပေါင်း ရွှေချိန် ၄၀၂-ကျပ် ၁၂-ပဲ ၃-ရွေးရှိ ၆-လက်မပတ်လည် ရွှေသားစစ် ရွှေပြား သင်္ကန်းတော် ၃၇၁-ချပ်နှင့် ၆-လက်မ x ၃-လက်မ ရှိ ရွှေသားစစ်ရွှေပြားသင်္ကန်းတော် ၅၃-ချပ်၊ စုစုပေါင်း ၄၂၄-ချပ်။

(စ) ငွေထီးတော်

။အမြင့် ၆-ပေ ၆-လက်မ၊ ထိပ်ဝ ၃-ပေ ၉-လက်မ၊ ငွေကျပ်ချိန် သုံးထောင် ခြောက်ရာရှိ ငွေထီးတော်။

မှတ်ချက်။

။ထီးတော်သုံးဆင့်ရှိရာ အောက်ဆုံးရှိ ကြေးထီးတော်ကြီးမှာ ထိပ်ဝ ၇-တောင် ၂-မိုက် ရှိပါသည်။



မင်္ဂလာစေတီတော်
ယခုအခါ တဂေါင်းစေတီပုံတော်။

# ကောင်းမှုတော်ကြီးများ

## ၃-အထွဋ်တင်စိန်ရတနာကြီးအကြောင်း
## သိကောင်းစရာ

(က) ၁၂၃၁-ခုနှစ်တွင် ရတီချိန် ၃၂-ရတီရှိ ဤစိန်ကြီးကို အဘိုးငွေ ၃၂၀၀-နှင့် ပေးဝယ်၍ တင်လှူခဲ့ကြသည်။

(ခ) ၁၂၄၂-ခုနှစ်တော်သလင်း လပြည့်ကျော် ၁၁-ရက် ဗုဒ္ဓဟူးနေ့ ညဥ့်သန်းခေါင်ကျော် ကြာသပတေးနေ့ အကူးဖြစ်သော ၃-နာရီ ၄၅-မိနစ်အချိန်တွင် လျှင် ကြီးလှုပ်၍ မြေသို့ ခ,လေရာ ထိုနှစ်တွင်ပင် ပြန်တင် ခဲ့ရသည်။

(ဂ) သက္ကရာဇ် ၁၂၇၂-ခုနှစ် ဆီလောက်တွင် အတိအကျ မသိသော အကြောင်း တခုကြောင့် စိန်ကြီး မြေသို့ ခ,ရာ အစောင့်ကျသူ ကုလားလူမျိုး ဒရဝမ်သည် တိတ်တဆိတ် ကောက်ယူပြီးလျှင် အိန္ဒိယပြည် ဂူဂျ ရတ်တီနယ်သို့ ပြန်၍ ထုခွဲရာ ကုလားသူဌေး ၃-ဦး လက်ပြောင်းပြီးမှ သတင်းအစရသဖြင့် အိန္ဒိယအစိုးရ နှင့် ဆက်သွယ်စုံစမ်း ထိရောက်စွာ ကြိုးပမ်းခဲ့မှုကြောင့် စိန်ကြီးကို ပြန်ရခဲ့သည်၊ အရောင်း လွယ်အောင် သို့မဟုတ် အစပျောက်အောင် သွေးပစ်ခဲ့သဖြင့် ရတီ ချိန်မှာ ၂၈-ရတီနှင့်၁၁-ဗီဇဝါခွဲသာကျန်တော့သည်။

**မှတ်ချက်။** ။အထက်ပါ အကြောင်းများကို ဂေါပကလူကြီး မင်း သမာဓိမြို့ဝန် ဦးတက်ဖြိုး(K.I.H.,T.P.S.) ၏သမီး ဝန်ထောက်ကတော်ကြီး ဒေါ်ဖွါးရှင်ထံမှ

မှတ်မိသမျှ ပြောပြသိရှိရပါသည်။ နေ့ရက်အတင် အကျနှင့်အခြားမှတ်တမ်းများမှာ ၁၉၅၈ ခုနှစ် တလိုင်းချောင်းရပ်ကွက် မီးကြီးတွင် ပါသွား ကြောင်း ပြောပြသိရှိရပါသည်။

(ဃ) သက္ကရာဇ် ၁၂၇၄-ခုနှစ် ဝါခေါင်လဆန်း ၃-ရက်၊ (၁၅-၈-၁၉၁၂)ကြာသပတေးနေ့ညဉ့်တွင် ကျုံပျော် မြို့နယ် ဝက်ချောင်းရွာသား ဘဆိုသူသည် ကျင် လည်ပိရိစွာ ဝါးနှင့်ကြိုးများကို အသုံးပြုလျက် စေတီ တော်ကြီးကို တိတ်တဆိတ် တက်ရောက်၍ စိန်ကြီးနှင့် တကွ အခြားအဘိုးတန် ရွှေထည်များကိုပါ ခိုးယူ သွားကြောင်း သတင်းရသည်နှင့် ထိုအချိန်တွင် အင်္ဂ လိပ် လူမျိုး အရေးပိုင်ဖြစ်သူ (Mr. H.F. Graham) (မစ္စတာအိပ်ချ်အက်ဖ် ဂရေဟန်)၏ အမိန့်နှင့် ရဲဘက် ၏ အကူအညီကိုယူကာ ဒေါ်ပကအဖွဲ့ဝင်တဦး ဖြစ်သူ ဦးတက်ဖြိုး (K.I.H., T.P.S.) ကိုယ်တိုင် သတင်း အဆက်ရှိရာ ကျေးရွာများသို့ သွားရောက်ပြီး ရဲအင် စပိတ် တော်ကြီး ဦးထွန်းငြိမ်း နှင့် ပိုက်စိတ်တိုက် မေ့ နှောက်၍ ထိရောက် ကြပ်တည်း စွာ ခြေရာခံ စုံစမ်း သည့်ဒဏ်ကို နောက်ဆုံးတွင်မခံနိုင်တော့သဖြင့် အင်းရဲ ရွာအနီး အသေအချာ ဖေါ်ပြထားသော နေရာတွင် မြှုပ်နှံထားကြောင်း "ပစ်စာ" ပို့လာသည့် အတိုင်း သွားရောက် တူးဖေါ်ရာ စိန်ကြီးကို နဂိုရှိ အတိုင်း ပြန်ရခဲ့ပြန်သည်။

## ကောင်းမှုတော်ကြီးများ

**မှတ်ချက်။** ။နေ့ရက် အတိအကျကို အသေအချာ မှတ်သား သိမ်းဆည်းထားသူ အငြိမ်းစား ရဲအရာရှိ ဦးဘသင်း ထံမှ ရရှိခဲ့ပါသည်။

(င) သက္ကရာဇ် ၁၃၀၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃-ရက်၊ (၁-၁၀-၁၉၄၄) နေ့ မွန်းလွဲ ၂-နာရီ အချိန်ခန့်တွင် အမေရိကန်ဗုံးကြဲလေယာဉ်ပျံ ၁၀-စင်းတို့သည် စေတီတော်ကြီးအပေါ်မှ နီးကပ်စွာ ဖြတ်ကျော် ပျံသန်းပြီး ဂျပန်များ စခန်းချနေသော အဆောက်အဦများကို ဗုံးကြဲတိုက်ခိုက်ရာတွင် လေယာဉ်၏ ပြင်းထန်သော အဟုန်တို့ကြောင့် စိန်ဖူးတော်ကြီးမှာ ပိန္နဲတိုင်မှ ကျွတ်ထွက်ပြီး မြေသို့ ကျလေသည်။ ထိုရာတွင် စေတီတော်ကြီး၏ ပန်းတင်ခုံ တံတိုင်းအတွင်းမှာပင် ဖြစ်၍ အလွယ်တကူ ပြန်လည်ရရှိခဲ့လေသည်။

**မှတ်ချက်။** ။စိန်ဖူးတော်ကြီး ပိုမိုခိုင်မြဲရန် ပိန္နဲတိုင်ကို ၁-ပေ နှင့် ၆-လက်မတိုးမြှင့်၍ ဆက်ထားပြီးဖြစ်သည်။

## ဝိသေသဂုဏ် ထူးခြားပုံ

### ၁-ဆုတောင်းပြည့်အင်္ဂါ

မဟိဒ္ဓိဂိုဏ်းဝင်တဦးဖြစ်၍ နေရာအနှံ့အပြားတွင် ဂိုဏ်းဆိုင်ရာ စီစဉ်ချက် အရ စေတီတော် အတော် များများ တည်ခဲ့ဘူးသူ ရဟန်းတော်တပါးသည် စာပြုသူ၏မိတ်ဆွေဖြစ်သူ အငြိမ်းစား ရာဘက် ရာဇဝတ် တရားသူကြီး တဦးနှင့်အတူ ဤစေတီတော်

ကြီးသို့ ဘုရားဖူး ရောက်လာကြစဉ် ဤစေတီတော်ကြီးတည်ထား ပုံမှာ ဆုတောင်းပြည့် စေတီများ တည်ရိုးထုံးတမ်းအတိုင်း တည် ထားခြင်းဖြစ်၍ ဆုတောင်းပြည့် စေတီဖြစ်ကြောင်း မိန့်ကြား သည်ကို ကြားနာမှတ်သားရဘူး၏။

ထိုရဟန်းတော်မှာ စေတီတော်ကြီး၏ မြောက်မုခ် စ,တင် မဆောက်လုပ်ရမီ ၂-နှစ်လောက်ကပင် နှစ်ပေါင်းများစွာ ပိတ် ထားခဲ့ရသော မြောက်မုခ်မှာ မကြာမီအတွင်း ပြန်လည်ဖွင့်လှစ် နိုင်လိမ့်မည်ဖြစ်ကြောင်း အတိအကျကြိုတင်ဟောကိန်းထုတ်ခဲ့သူ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း မိတ်ဆွေ တရားသူကြီးထံမှ တဆင့် ကြား သိခဲ့ရ၏။

နိုင်ငံကျော် သာသနာပြု မဟာ ဆေးဝက်ဘာ ဆရာတော် ဦးသုရိယ အသျှင်မြတ် ကိုယ်တိုင်လည်း ဆုတောင်းပြည့် စေတီ ဖြစ်ကြောင်း မိန့်ကြားသည်ကို ကြားနာမှတ်သားရဘူး၏။

စေတီတော်ကြီး၏ ပဌမဒါယကာ သိရိဓမ္မာသောကမင်းကြီး သည်လည်း "ရွှေအာဏာ စေတီတော်ကို ကိုးကွယ်လေသမျှ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်း တို့သည် ငါကဲ့သို့ ချမ်းသာကို ရကြ၍အန္တရာယ်အပေါင်း ပျောက်ပါစေသတည်း"ဟုပတ္ထနာဆု ပြုတော်မူခဲ့သည်ဟု မုဋ္ဌောကိုးဆူသမိုင်းတွင် ဆို၏။

ထို့ပြင် ဒုတိယ ဘုရားဒါယကာ ဖြစ်သူ အလောင်းစည်သူ မင်းသည်လည်း အောက်ပါအတိုင်း ပတ္ထနာပြုခဲ့ကြောင်း မုဋ္ဌော ကိုးဆူသမိုင်းတွင်ပင် အထင်အရှား ဖေါ်ပြထားၡ။

## ကောင်းမှုတော်ကြီးများ

"ငါမရှိသည့်နောက် ငါပြုပြင် တည်လုပ်သော ထူပါရုံ စေတီတော်မြတ်ကို ပူဇော်ကန်တော့ရသော ရှင်လူအပေါင်း တို့သည် ငါ့ကို အမျှပေးဝေစေသတည်း။ အမျှပေးဝေသော ရှင် လူ အပေါင်း တို့သည်လည်း မကောင်းသော ဘေးဒဏ် အန္တရာယ်အများ ကပ်သုံးပါးတို့မှ ကင်းလွတ် စေသတည်း၊ နောင် စေတီတော် ပျက်စီး ယိုယွင်း ရှိလျှင် တွေ့ မြင် သမျှ ရဟန်းရှင်လူတို့ ငါကဲ့သို့ ပြင်ဆင်လုပ်ဆောင် ကိုးကွယ်ကြ စေသတည်း။ ငါကဲ့သို့သော ဘုန်းရှိသော ယောကျ်ားဖြစ်၍ ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်စေသတည်း။"

ဤသို့အားဖြင့် သတ္တဝါတို့၏ အကျိုးကို ပွားတိုး စေရာ ဆုတောင်းပြည့် အင်္ဂါနှင့် ပြည့်စုံ ကြောင်း ကောင်းစွာ ဖော်ပြ အပ်ပေသည်။

## ၂-တိတ်ထူးနိမိတ်ထူးများ

စေတီတော်ကြီးအတွက်ဖြစ်စေ, သို့မဟုတ် ပုသိမ်မြို့ အတွက် ဖြစ်စေ တစုံတရာ ထူးခြားသော ကောင်းကျိုး မကောင်းကျိုးပေး အဖြစ်အပျက် ပေါ်ပေါက်လာမည်ကို ကြိုတင်သတိပေးသော သဘောဖြင့် စေတီတော်ကြီးတွင်သော်၎င်း, မြို့ပါခြုံ၍သော်၎င်း တိတ်ထူး နိမိတ်ထူးများ ထင်ရှားဖြစ်ပေါ်လေ့ရှိခဲ့၏။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်း ကြုံခဲ့ရသော သာဓက အချို့ကို ဖော်ပြရလျှင်-

(က) မိုင်းကြီးဝေခြင်း ၁၃၀၅-ခုနှစ် သီတင်းကျွတ် လဆန်း ၃-ရက် (၁-၁၀-၄၄) နေ့ နံနက် ၈-နာရီ အချိန်

လောက်တွင် နေဝင်၍ မိုးချုပ် သွားဘိ အလား တဖြည်းဖြည်း မှောင်လာပြီး ၁၀-မိနစ်ခန့် ညအတိ ကဲ့သို့ လုံးလုံးမှောင်ကြီး ကျသွားသည်၊ ပြီးမှ တဖြည်း ဖြည်း ပြန် လင်း လာ သော် လည်း တဆက်တည်း လေကြီး မိုးကြီး သည်းထန်စွာ ကျနေရာ မွန်းလွဲ တချက်တီး လောက်တွင် အနည်းငယ် လျော့သွားပြီး ၂-ချက် တီးတွင် အမေရိကန် ဗုံးကြဲ လေယာဉ်ပျံ ဆယ်စင်းတို့သည် စေတီတော်ကြီးအထက်မှ နိမ့်ကပ်စွာ ဖြတ်ကျော်ပျံသန်း၍ ဂျပန်များ စခန်းချရာသို့ ဗုံးကြဲ တိုက်ခိုက်ရာ လေယာဉ်၏ ပြင်းထန်သော အဟုန် ကြောင့် **စိန်ဖူးတော်ကြီးမြေသို့ခ,လေသည်။**

(ခ) **ပျားနိမိတ်** သက္ကရာဇ် ၁၃၁၀-ခုနှစ် နတ်တော်လကုန်ခါ နီးလောက်တွင် စေတီတော်ကြီး၏ အရှေ့မျက်နှာ ရှိ* အောက်တွင် ပျားအုံ ဖွဲ့ခို စွဲကပ် လာကြရာ ၎င်းခုနှစ် ပြာသိုလကွယ် (၂၀-၁-၄၉) သောကြာ နေ့ နံနက် ၄-နာရီ အချိန်တွင် မြို့တွင်း၌ ရှိနှင့်ပြီး ဖြစ်သော ကရင်သောင်းကျန်းသူများသည် ရတ်ခြည်း ထကြွ တိုက်ခိုက်ရာ ကိုးသိန်း ရဲဌာနနှင့် ကုန်းရပ် ကွက်မှ အချို့နေရာများကို သိမ်းပိုက် နိုင်ခဲ့ကြ၏၊

---

* (ရှိ) ကြာမှောက်ကြာလံ၏အကြား ခွဲလုံးများသဏ္ဌာန်ပြုလုပ် ထားသော စေတီ၏ အစိတ်အပိုင်းကို ခေါ်သည်။

(မြန်မာ့စွယ်စုံကျမ်း အတွဲ-၃၊ စာမျက်နှာ ၄၂၉-တွင်ရှုပါ)။

## ၂-တိတ်ထူးနိမိတ်ထူးများ

မြို့စောင့်တပ်မတော်နှင့် ဆက်လက် တိုက်ပွဲများ ဖြစ်ခဲ့ရာ ၉-ရက်မြောက်နေ့ဖြစ်သော (၅-၂-၄၉)နေ့တွင်မှ ၎င်းတို့ အခိုင်အမာ တပ်စွဲခုခံနေသော စကောကရင်ကျောင်းမှ တပ်မတော်က တိုက်ထုတ် ရှင်းလင်းနိုင်ခဲ့၏။

(က) ပျားနိမိတ် သက္ကရာဇ် ၁၃၁၀-ခု တန်ခူး လဆုတ် ၅-ရက် (၁၀-၄-၅၆) တနင်္လာနေ့ မွန်းလွဲ ၂-နာရီခန့်တွင် စေတီတော်ကြီး၏ အထက်ဆုံး ဖေါင်းရစ်အပေါ် နခမ်း အောက်ဆုံး ကြာမှောက်၏ အောက်ဆွယ်၌ တောင်မျက်နှာနှင့် အရှေ့တောင် မျက်နှာအကြား အရှေ့တောင်ဘက် ယွန်းယွန်းတွင် ပျားကောင်များ လာရောက် အုံဖွဲ့ ခိုလှုံကြရာ ၎င်းခုနှစ်ကဆုန်လဆန်း ၃-ရက်(၁၂-၅-၅၆) တနင်္ဂနွေ နေ့တွင် စေတီတော်ကြီး၏ တောင်ဘက်မုခ် တန်ဆောင်းသစ် ဆောက်လုပ် လှူဒါန်းရန်အတွက် တာဝန်ခံထား ကြသူ ဒေါ်စိုးချို ထံမှ ငွေ ၄၀၀၀၀ိ (ကျပ်လေးသောင်း) နှင့် ဦးရွှေဖြူထံမှ ငွေ ၃၅၀၀၀ိ (ကျပ် သုံးသောင်း ငါးထောင်) နှစ်ဦးပေါင်းငွေ ကျပ် ၇၅၀၀၀ိ (ကျပ် ခုနစ်သောင်း ငါးထောင်) ကို တ နေ့ ထည်း တွင် လှူဒါန်း၍ ရရှိခဲ့ကြ၏၊ (ပျားများ သည် နယုန် လဆန်း ၂-ရက် (၁၀-၆-၅၆) နေ့တွင် ထွက်ခွါသွားကြ၏၊ အခြား အကြောင်းထူး တစုံတရာ မပေါ် ပေါက်ခဲ့ချေ။)

(ဿ) ပျားနိမိတ် ၁၃၁၉-ခုနှစ်တပို့တွဲလအတွင်းစေတီတော်ကြီး၏ အရှေ့မျက်နှာ အပေါ်ဆုံး ကြာမှောက်အောက်နခမ်းတွင် ပျားကောင်များ အုံဖွဲ့စွဲကပ်လာရာ ၎င်းခုနှစ် တပေါင်းလဆန်း ၉-ရက် (၂၆-၂-၅၈) ဗုဒ္ဓဟူးနေ့၌ ပုသိမ် ရာဇဝင်တွင် အဆိုးဆုံး ဖြစ်သော ဆုံးရှုံးမှု ခန့်မှန်းခြေ သိန်း ၂၀၀-ခန့် ရှိသည့် တလိုင်းချောင်းရပ်ကွက် မီးကြီးဖြင့် တလိုင်းချောင်း ရပ်ကွက် တခုလုံး ကုန်လုဘနန်း ပျက်စီးခဲ့ရလေသည်။

**မှတ်ချက်။** ။(၁၅-၈-၁၂)ခု နေ့ည (၄ဘ) စိန်ဖူး တက်ခိုး စဉ်ကလည်း လေကြီး မိုးကြီး သည်းထန်စွာ ကျခဲ့ဘူးကြောင်း ကြားသိမှတ်သားရ၏။

ဤသည် တို့ကား အံ့ဘွယ်သရဲ ဖြစ်သော တိတ်ထူး နိမိတ်ထူးတို့ကို ထူးခြားမည့် အခါ သမယ တို့၌ ပြသထင်လင်းစေတော်မူသော တန်ခိုးတော်ဟုန် အံ့ဘွယ်ဂုဏ်နှင့် ပြည့်စုံကြောင်း လက္ခဏာများဖြစ်ပါသည်။

## စေတီတော်ဆိုင်ရာ ဘဏ္ဍာတော်အရပ်ရပ် ထိန်းသိမ်း စီမံဆောင်ရွက်မှု

ဤသမိုင်း မျက်မှောက် ခေတ် အခဏ်း ပဉ္စမပိုင်းတွင် ဖေါ်ပြ ပြီးခဲ့သည့်အတိုင်း ကောဇာသက္ကရာဇ် ခုနှစ်ရာစုမှ တဆယ့်တစ် ရာစုတိုင် ခေတ်အတွင်း တွေ့သိရသမျှ ပုသိမ်မြို့ကို စိုးမိုးပိုင်သခဲ့သူမင်းများမှာ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုင်းရှိုင်းကြသူများ ဖြစ်ကြသဖြင့် ဤစေတီတော်ကြီးအတွက် အထူး



မဟာဗောဓိစေတီပုံတော်။

တလည် မွမ်းမံပြုပြင်ကြောင်း မတွေ့ရသော်လည်း အထိုက်အလျောက် စောင့်ရှောက်ထိန်းသိမ်း ကိုးကွယ်ပူဇော်သမှု ပြုခဲ့ကြမည်မှာ ယုံမှားဘွယ်မရှိချေ။

ဤသည့် နောက်တွင် သာသနာ သက္ကရာဇ် ၂၃၂၂-ခုနှစ် ကောဇာသက္ကရာဇ် ၁၁၄၀-ပြည့်နှစ်မှစ၍ ပုသိမ်မြို့ကို ကွပ်ကဲအုပ်ချုပ်ကြကုန်သော မြန်မာဘုရင်များ ချီးမြှောက်အပ်နှင်းသည့် ဂုဏ်ထူးဘွဲ့ထူးဆောင် မြို့ဝန်မင်း အဆက်ဆက် တို့သည်လည်းကောင်း၊ သက္ကရာဇ် ၁၂၁၄-ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၅၂-ခုနှစ်) ဗြိတိသျှတို့ ပုသိမ်မြို့ကို တိုက်ခိုက် သိမ်းပိုက်အုပ်ချုပ်သည့်နောက်ပိုင်း၌ ဗြိတိသျှအစိုးရခန့် စစ်ကဲတော်မင်းအဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင် မြို့မိမြို့ဘများ ပူးတွဲ၍ရင်းအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက် ကိုးကွယ် ပူဇော် ခဲ့ကြရာ ၁၂၅၇-ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၉၆-ခုနှစ်) တွင် ပုသိမ်မြို့ဒိစတြိတ် တရားမတရားသူကြီးရုံးတော် ၁၈၉၅-ခု တရားမကြီးမှုနံပါတ် ၄-၌ တရားသူကြီး အိပ်(ချ်) အက်(စ်) ဟတ္တနေ့ာစည်းမျဉ်းသတ်မှတ် ဆုံးဖြတ်ချက်ချပေးသည့်အတွက် ဟတ္တနေ့ာစကင်းဟု ခေါ်တွင်ခဲ့သော စည်းမျဉ်းဥပဒေဖြင့် တရားမကျင့်ထုံးကိုဥပဒေနှင့်အညီ အစိုးရခန့် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဝင် ၉-ဦးဖြင့် စေတီတော်ဆိုင်ရာ ဘဏ္ဍာတော်အရပ်ရပ်ကို စတင်ထိန်းသိမ်း စီမံဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စည်းမျဉ်းဥပဒေရှိ အချို့ အချက်အလက်တို့မှာခေတ်နှင့်မလျော်ကန်သည်ကို တွေ့ကြရသဖြင့် စည်းမျဉ်းဥပဒေသစ်ဘခု ရေးဆွဲနိုင်ရန် အထက်တန်း ရှေ့နေကြီးများ ဖြစ်ကြ

သော ဦးဆိုင်နှင့် ဦးမြဘူး (ယနေ့ လွတ်တော် ရှေ့နေကြီး) တို့ ဦးဆောင်သော အဖွဲ့တဖွဲ့နှင့် စေတီတော်ကြီးအား ယာယီ ထိန်းသိမ်းစီမံဆောင်ရွက်ရန် လူကြီး ၁၀-ဦး ပါဝင်သော ယာယီ ဂေါပကအဖွဲ့ကိုပါ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတိုင်း ကောဇာ သက္ကရာဇ် ၁၃၁၆-ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ်)တွင် ပုသိမ်မြို့ ခရိုင် တရားမတရားသူကြီး ရုံးတော် ၁၉၅၄-ခုနှစ် တရားမကြီးမှု အမှတ် ၁-၃ မူလစည်းမျဉ်း ဥပဒေဟောင်းကို အစားထိုးသော စည်းမျဉ်း ဥပဒေသစ်အရ အဖွဲ့ဝင် ၁၁-ဦး ပါဝင်သော ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သစ်ဖြင့် ယနေ့ထိ ဆက်လက်၍ ထိန်းသိမ်း စီမံဆောင်ရွက်လျက် ရှိကြပေသည်။

**မှတ်ချက်။** ။စည်းမျဉ်းဥပဒေအရ ဂေါပကအဖွဲ့ဝင်များ အတွက် မဲဆန္ဒဖြင့် ယှဉ်ပြိုင် ရွေးကောက် တင်မြှောက်ရမည် ဖြစ် သော်လည်း (အခြား ဗုဒ္ဓဘာသာ အဖွဲ့များမှ အဖွဲ့ဝင်များပါ ပါဝင်ဖွဲ့စည်းထားသည့်) သီလရက္ခိတအဖွဲ့ကြီးက ၎င်းနှင့်အခြား ဗုဒ္ဓဘာသာအဖွဲ့အသင်းများပါ ညှိနှိုင်းတိုင်ပင်ကြပြီး ရွေးကောက် ပွဲ မကျင်းပရဘဲ စည်းကမ်းနှင့် ညီညွတ်လျော်ကန်၍ ထိုက်တန်မည့် ပုဂ္ဂိုလ်ကြီးများကို အညီအညွတ် ရွေးချယ်တင်မြှောက် နိုင်ခဲ့ခြင်း များမှာ အမှတ်တရ ဖြစ်စေသည့် ဆောင်ရွက်မှု ကြီးပင် ဖြစ် ပေသည်။

## ၁၉၅၄-ခုနှစ်တွင် ပြဋ္ဌာန်းသည့် စည်းမျဉ်း ဥပဒေအသစ် အရ ရွေးကောက်တင်မြှောက် ဖွဲ့စည်းထားသည့် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဝင်များ

## (၁၉၅၄-ခုနှစ်)

၁ ဦးစိုးမောင် အာရကံကုမ္ပဏီဝင်းပိုင်ဟောင်း (ဥက္ကဋ္ဌ)

၂ ဦးဘဝင်း အငြိမ်းစား စက်ရှင်မင်းကြီး (ဒု-ဥက္ကဋ္ဌ)

၃ ဦးသန်း ရာဖြတ်နှင့်အခွန်ဝန်ဟောင်း(စာရင်းစစ်)

၄ ဦးထွန်းမောင် ဆေးလိပ်ခုံပိုင်ရှင် နှင့် သမာဓိမြို့ဝန် (အတွင်းရေးမှူး)

၅ ဦးစံရွှေ စက်ပိုင်ရှင်နှင့် သမာဓိမြို့ဝန်

၆ ဦးဘကြွား အစိုးရ ရိက္ခာတော်ရနှင့် ဆန်စက်ပိုင်ရှင်

၇ ဦးဖထော် အစိုးရ ရိက္ခာတော်ရ

၈ ဦးမြဘူး အထက်တန်းရှေ့နေကြီး

၉ ဦးညွန့် သစ်ကုန်သည်ကြီး

၁၀ ဦးဘအုန်း အုန်းအင်ဆန်းစတိုးပိုင်ရှင်နှင့်သမာဓိမြို့ဝန်

၁၁ ဦးအုန်းရွှေ ဆေးလိပ်ခုံပိုင်ရှင် နှင့် သမာဓိမြို့ဝန်

# ကျောက်စာမူ

## ရွှေမုဋ္ဌော မဟာစေတီတော် ကျောက်စာ

### ၁—ကျောက်စာမူ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မော်ကွန်းမင်္ဂလာ၊ ဖေါ်ညွှန်းဖြာပိန့်၊ ဘဂဝါမုနိန်၊ မာရဇိန်သည်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ အောင်ဘုံနိဗ္ဗာန်၊ ရွှေပြည်မှန်သို့၊ ဝင်စံမြန်းက၊ လှုမ်းအကြွတွင်၊ သကလ ဥဿုံ၊ မွေဓာတ်စုံကို၊ ဗိုလ်ပုံဝန်းလည်၊ ခုနစ်ပြည်ဟု၊ သာကီချင်းချင်း၊ အမင်းမင်းတို့၊ စစ်ခင်းရန်ထပ်၊ ပဋိဃာတ်ဖြင့်၊ ဖြစ်လတ်မည်မှန်၊ ဒေါသရန်ကို၊ အမြန်သိမ်းရုပ်၊ မီးရေငုတ်သို့၊ သုတ်သုတ်ပယ်ခါ၊ မင်းရာဇာတို့၊ ဆရာ ဒေါန၊ ဩဝါဒဖြင့်၊ ညီမျှရစေ၊ ဓာတုမွေကို၊ ခုနစ်ပြည်ထောင်၊ ပင့်ယူဆောင်၍၊ နောက်နောင်မွန့်ရှည်၊ ကိုးကွယ်သည်မှ၊ သာကီမင်းမြတ်၊ ဇာတသတ်နှင့်၊ ထေရ်မြတ်ရဟန္တာ၊ ရှင်မဟာကဿပ၊ တိုင်ပင်ကြ၍၊ ဇိနပရမေ၊ သုံးလူ့ဆွေ၏၊ ဓာတ်မွေတော်မြတ်၊ အရပ်ရပ်တို့၊ ကွဲလတ်ဖြာဖြာ၊ မရှိရာဟု၊ ပင့်ခါဆောင်ပြီး၊ တလုံးတည်းဖြင့်၊ ပြည်ကြီးရာဇဂြိုဟ်၊ မဂဓိုတွင်၊ ခေါ်ဆိုမည်ရ၊ ဝေဘာရဟု၊ ပဗ္ဗတ မြောင်စောင်း၊ တောင်နှာမောင်း၌၊ စံကြောင်းမသွေ၊ ပင်လယ်ရေနှင့်၊ ညီစေတိုက်ခင်း၊ သုံးလူ့မင်း၏၊ မကြွင်းဥဿုံ၊ ဓာတ်မွေစုံကို၊ ဗိုလ်ပုံဝန်းပတ်၊ ဇာတသတ်ဟု၊ မြတ်သည့်ရာဇာ၊ ဒါယကာ နှင့်၊ ရှင်မဟာကဿပ၊ ပဉ္စသတာ၊ ရဟန္တာတို့၊ များစွာ ပရိသတ်၊ သိကြားနတ်လည်း၊ ကြည့်ကြပ်စောင်မ၊ ကူညီကြ၍၊ သဗ္ဗရန်သူ၊ ကလူနှိပ်စက်၊ ဖြိုဖျက်ခြင်းငှါ၊ မစွမ်းသာအောင်၊ သတ္တာဝုဓ၊

ရေမီး စသား၊ ယန္တရားခလုပ်၊ စက်ရှင်ရုပ်တို့၊ သုတ်သုတ်
လှည့်မြန်း၊ လက်နက် ထမ်းလျက်၊ တိုက်ခန်း ရံပတ်၊ စကြံ
ခတ်၍၊ စောင့်ကြပ်စေရာ၊ လူပမာသို့၊ ခြာခြာပတ်ပတ်၊ သတ္တ
ယန္တရား၊စီမံထားခဲ့၊ ဘုရားသုံးလူ့၊ သဗ္ဗညု၏၊ ဓာတုရတနာ၊
အဖြာဖြာကို၊ ဥပနာ အောင်း၊ ဘောင်နှာမောင်းတွင်၊
မင်းကောင်းတည်ပြု၊ စမွှားစုသဏ္ဌာန်၊ စေတီဟန်ကား၊ ကာလံ
သမယ၊ရှည်လျားလှ၍၊ ဥာနထင်ထင်၊ စေတီရှင်ကို၊ မမြင်မသိ၊
တိမ်မြုပ်ဘိ၍၊ အတိဒုက္ကရာ၊ သူတကာပင်၊ နေရာကျကျ၊ ပြောပြ
မည့်သူ၊ မရှိဟူခဲ့၊ ဇမ္ဗူသိမ်းရုံး၊ တကျွန်းလုံးကို၊ ရွှေဘုန်းပိုက်မိ၊
တန်ခိုးရှိသည့်၊ ပါဋ္ဌလိပြည့်ရှင်၊ ဘုရင်ကေရာ၊ မင်းသော
ကာကား၊ ကောဇာသက္ကာ၊ နောက္ကေဒွေ၊ ရောက်တုံရေးဝယ်၊
ဟိုရှေးယံခေါင်၊ လွန်ပြီးနောင်က၊ ပြည်ထောင်သေဌ်နှင်း၊ ခုနစ်
မင်းတို့၊ဝပ်စင်းပူဇော်၊ မွေဓာတ်တော်တို့၊ မပေါ်တိမ်မြုပ်၊သရုပ်
မထင်၊ ဖြစ်ကြောင်းအင်ကို၊ သေနင်ကျင်းပ၊ ဥာနမကျန် ရှာဖွေ
ပြန်လည်း၊ အမှန်တပ်အပ်၊ မတွေ့လတ်ခဲ့၊ သိအပ်ရှေးမှီ၊ သီလ
သည်ဟု၊ ဘိက္ခုနီနွယ်၊ သူအိုမယ်ကား၊ သက်ဝယ် တရာ၊
ခြောက်ဆယ် သာ၍၊ ဥပနာ ရပ်၊ စေတီ မြတ်ကို၊ တပ်အပ်
သေချာ၊ညွှန်ကြားပါက၊ ရာဇာဘုန်းရှိ၊ သီရိဓမ္မာ၊ ကေရာလျှင်၊
ဗိုလ်ပါပရိသတ်၊ မှူးမတ်သေနင်၊ ဗျူဟာဆင်၍၊ ယခင်ပဗ္ဗတာ၊
ဝေဘာရမှ၊ ဗုဒ္ဓ သရီရတ်၊ မြတ်သယမ္ဘူ၊ အဆူဆူကို၊ ဇမ္ဗူ
ကျော် သောင်း၊ ရွှေ ပန်း တောင်း နှင့်၊ ကောင်းစွာ ပင့်ယူ၊
မင်းဘုန်းလူလည်း၊ ကြည်ဖြူသဒ္ဓါ၊ လွန်မင်းစွာနှင့်၊ ဖရဏာ
ဇောလှိုက်၊ သဘောပိုက်၍၊ မိုက်ပြည့်စေတီ၊ နာရဏီရွှေသား၊
စံမှားအောင်၊ ငါးရာညီညီ၊ ပန်းထိမ်သည်ကို၊ ကိုယ်စီကိုယ်ငှ၊



သုမင်္ဂလစေတီတော်

ရေကြည် ရေနောက် ဆုတောင်းပြည့်။

သွင်းလုပ်ကြ၍၊ ဇာတရူပီ၊ ရွှေစေတီပေါင်း၊ သင်္ချာလောင်းကာ၊ ရှစ်သောင်းလေးထောင်၊ ပြုပြီးနောင်မှ၊ ဘုန်းခေါင်မြတ်စွာ၊ ခေတ်ရတနာကို၊ သချာသွင်းမှီ တဆူစီဖြင့်၊ အညီဌာပနာ၊ ပြုပြီးခါမှ၊ ရာဇာအများ၊ ရဝ္ဂတပါးနှင့်၊ မှူးများမတ်ပေါင်း၊ ရှစ်သောင်း လေးထောင်၊ အပ်နှင်းဆောင်၍ ပြည်ထောင်တိုင်းရုံ၊ ဘုရင်ခံတို့၊ အမြန်တည်စေ၊ မိန့်ခွန်းချွေကာ၊ သပြေငူရိပ်၊ဇမ္ဗူဒိပ်ဝယ်၊ ဓမ္မိဿရ၊ဂေါတမ၏၊ သရီရဓာတ်၊ မွေတော်မြတ်တို့၊ ကိန်းဝပ်ဌာပနာ၊ အခါချိန်းပြီး၊ တပြိုင်တည်းနှင့်၊ အပြီး ရောက်ကြောင်း၊ ခါ မနှောင်းဘဲ၊ တပေါင်းမာသီ၊ ပုဏ္ဏမီနေ့၊ လရထားနှင့်၊ နတ်သားတွေ့မှာ၊ မရွှေ့မပျက်၊ ရွှေပနက်ကို၊ ချလျက်မယုတ်၊ အခြေမြှုပ်၍၊ ငွေအုဋ္ဌအတွင်း၊ ရွှေအုဋ္ဌခင်းဖြင့်၊ ဝင်းဝင်းပတ္တမြား၊ တိုက်ခန်းသားတွင်၊ ကိုးပါးနဝရတ် စီခြယ်လတ်၍၊ နတ်ဝိသုဒ္ဓိ၊ မာရဇိမြတ်၊ ဗောဓိသတ်ကား နုလတ်စဉ်ခါ၊ ရေမှာဖြစ်ခြင်း၊ ရွှေငါးကြင်းနှင့်၊ ဝက်မင်းနှစ်ဦး၊ ပျော်စံဘူးသည့်၊ ကုန်းထူးသေလာ၊ တိသဋ္ဌာဟု၊ ရဟန္တာပေါင်း၊ အသျှင်ကောင်းတို့၊ ညွှန်ကြောင်းပြသ၊ မဏိသေလာ၊ ကုန်းဗွေသာတွင်၊ရာဇာသီရိ၊ဘုန်းရှိကြေရာ၊ မင်းသောကာသည်၊ ကောဇာသက္ကရာဇ် ၂၇၀၊၉·ခုဝယ်တွင်၊ သပ္ပါယ်ရိပ်ငွါး၊ ညောင်သားအပ္ပရာဇိ၊ဒက္ခိဏသာခါ၊ဗိမ္ဗာကိုယ်စား၊ ဓာတ်တော်များနှင့်၊ ဦးဖျားတည်ရာ၊ ရွှေအာဏာဟု၊ သုံးဖြာခေတ်လုံး၊ ပွဲတင်ကြုံး၍ လွှမ်းဖုံးကျေညာ၊ ပသဗျာဓာတ်၊ အိုးထိန်းခပ်လျက်၊ ပျပ်ပျပ်လှုပ်ရှား၊ ကောင်းချီးသားလျက်၊ တည်ထားပြီးခါ၊ စကြာဗလ၊ မင်းသောကာ၏၊ပဋ္ဌမကုသိုလ်၊ မဂ်ဖိုလ်ပစ္စယ၊ ကုသလတွင်၊ ဒုတိယထပ်မံ၊ ပြည်ပေါက္ကံကို၊ ဆက်ခံစိုးခြင်း၊

တန်ခိုးလင်းသည့်၊ မင်းကျန်ရစ်မြေး၊ ဘိုးဘေးစဉ်လာ၊ သညာ-မည်ရှိ၊ နရပတိစည်သူ၊ မင်းတဆူလည်း၊ ကြည်ဖြူဇောဖြာ၊ ရွှေအာဏာကို၊ ထပ်ခါတည်လစ်၊ ၃၀၈-ဟု၊ သက္ကရာဇ်ကောဇာ၊ ရောက်ဆဲခါတွင်၊ သဒ္ဓါပိုမောက် ဆယ်တောင်မြှောက်၍၊ အောက်နဂါးစက်၊ ပလ္လင်ထက်ဝယ်၊ ကိုးမျက်နဝရတ်၊ စီလတ်ခြယ်ကာ၊ စောက်မှာ ၄-တောင်၊ အဝန်းဆောင်က၊ ၆-တောင်ကိုးဆယ်၊ အံ့ဘွယ်ထူးစွာ၊ ဝဂ်ဘာဟန်၊ တိုက်ခန်းရံတတ်၊ ဓာတ်ဆံအများ၊ မွေတော်အားကို၊ ပတ္တမြားကြုတ်မြတ်၊ ရွှေငွေထပ်လျက်၊ သွင်းလတ်ဌာပနာ၊ ဘွဲ့တော်မှာကား၊ သုံးဖြာခေတ်ကုန်၊ ထူပါရုံဟု၊ သုံးဘုံလူနတ်၊ ပဲ့တင်ခပ်ရှင့်၊ မြတ်သယမ္ဘူ၊ ထွတ်မှန်ကူကို၊ စည်သူရာဇာ၊ ထောမနာခဲ့၊ ကောဇာရောက်ရှိ၊ ၆၀၀-ပြည့်တွင်၊ အတိသဥ္စာ၊ မဏ္ဍလာဟု၊ သညာကျော်ရှိန်၊ မြို့ပုသိမ်ကို၊ ဘုန်းရှိန်မီးတောက်၊ ထီးဖြူဆောက်၍၊ နှစ်ယောက်မခ၊ သမုဒ္ဒဟု၊ ဃောသရာဇ်နှိ၊ မင်းနရိန်နှင့်၊ ဒေဝိန်ခေါင်ဦး၊ ရှစ်သောင်းကြူးသည့်၊ ကျော့မှူးကဥ္စနာ၊ မယ်ဥမ္မာတို့၊ ရှစ်ဖြာကြွင်နှန်း၊ ဘိသိက်ဖျန်း၍၊ စံမြန်းဆက်ခါ၊ အုပ်စိုးရာတွင်၊ ထူပါရုံမြတ်၊ စေတီဓာတ်ကို၊ ထပ်ခါပုံပြင်၊ မွမ်းမံချင်၍၊ အသျှင်များစွာ၊ ရဟန္တာတို့၊ မိန့်ခါထုတ်ကြား၊ မြတ်ဘုရား၏၊ အများဆံဓာတ်၊ ကိန်းပျော်ရပ်ကား၊ ကုန်းမြတ်သဥ္စာ၊ ဤနေရာတွင် သာသနာဝင်း၊ ထွန်းလင်းမှန်ညီ၊ ငါးတောင်တည်လိမ့်၊ မိန့်ချီမြွက်ကြား၊ အသျှင်များတို့၊ ဟောကြားပြသ၊ သမုဒ္ဒ၏၊ ပဌမပွင့်ရာ၊ ပလ္လင်သာနှင့်၊ မဟာဗောဓိ၊ အပ္ပရာဇိတ၊ ဒက္ခိဏာစစ်၊ ရောင်လှစ်ရှပ်ပွား၊ တောင်ကိုင်းသားနှင့်၊ သီးကားဖလံ၊ သဏ္ဍာန်ဥသျှစ်၊ ပြေပြစ်ချောမွေ့၊ ပြကတေ့ရောင်ရှင်၊ အပြင်ပတ္တမြား၊

တွင်းကား နဝရတ်၊ ကိုးပါး လျှပ်လျက်၊ မြတ် ဗေဒိသီး၊ ကွာခရီးမှ၊ သျှင်ကြီးရဟန္တာ၊ ဆောင်ပင့်လာ၍၊ ရာဇာမင်းအား၊ ပေးသနားက၊ ရှင်အားရရ၊ နှစ်သက်လှ၍၊ မြပတ္တာမြားဆောင်း၊ ရွှေ ပန်းတောင်းနှင့်၊ မင်းကောင်း ခံလင့်၊ ပူဇော် ပင့်လျက်၊ ထပ်ဆင့်ဥပဏ္ဏာ၊ ဘွဲ့တော်မှာကား၊ ကပ္ပါလုံးသြ၊ ရွှေမုဋ္ဌောဟု၊ သုံးလောကစေတ်၊ ပွဲတင်ခပ်၍၊ သုံးထပ်ဘွဲ့ခြည်၊ သုံးမည်ဘွဲ့ထူး၊ သုံးကြိမ်ကူးခဲ့၊ ကျေးဇူးအနန္တ၊ စံမမျှသည့်၊ သမန္တ စက္ခု၊ သဗ္ဗညု၏၊ ဓာတု အစုံ၊ မွေ့ ဓာတ်ပုံဟု၊ ကိုးဂုဏ် ပျော်ရာ၊ မဟာပဗ္ဗတ၊ သဥ္စာရတွင်၊ လောကမှန်ကင်း၊ သုံးလူ့မင်း၏၊ ပျော်ခင်းမှန်သည်၊ ရွှေစေတီကို၊ ဤကပ္ပါလုံး၊ အံ့မဆုံး၍၊ ခေတ်သုံးထုတ်လျှော၊ နတ်လူပျောသည်၊ မုဋ္ဌောစိန္တေ မော်ကွန်း တည်း။

ကောဇာသက္ကရာဇ် ၁၂၇၂-ခုနှစ်တွင် မော်ကွန်းကျောက်စာပြီးသည်။

## ၂-စေတီတော်တည်သည့်သက္ကရာဇ်များ ညှိနှိုင်းဖော်ပြချက်

(က) ရွှေအာဏာဟုဘွဲ့တော်ချီစေလျက် သိရိဓမ္မာသောက မင်းကြီးတည်တားတော်မူသောသက္ကရာဇ်မှာ ၂၁၈-ခုနှစ် ဖြစ်သည်ဟု မုဋ္ဌောကိုးဆူသမိုင်းနှင့် ရွှေမုဋ္ဌော ကျောက်စာတို့ကဆိုသည်။

ဘုရားတည်နှစ် ၂၁၈-ခုနှစ်ဟု မူကွဲတွေ့ရသည်၊ သို့သော် ယုတ္တိမတန်၊ **အကြောင်းပြကား**၊ မဟာဝင် ဝတ္ထုတော်ကြီးနှင့် ပိဋကတ်တော်လာ ဒေသနာအရ

သာသနာ သက္ကရာဇ် ၂၁၄-ခုနှစ်တွင် နန်းတက်၍ ၂၁၈-ခုနှစ်မှ ရာဇာဘိသေက ခံတော်မူကြောင်း၊ ပြီးနောက် နိဂြောဓသာမဏေနှင့် မတွေ့ရမီ* အဘိုး၌ ခမည်းတော် ဗိန္ဒုသာရ မင်းကြီး ပူလှေ့ရှိခဲ့သော ဝတ်အတိုင်း တိတ္ထိတို့အား ဝတ်ထား လုပ်ကျွေး ပူဇော် လျက် ရှိခဲ့၏၊ ဗုဒ္ဓဘာသာဝင် မဟုတ်သေး ဆိုလို၏။

တဖန် ဒီပဝင်တွင်လည်း အဘိသိက်မင်္ဂလာခံယူပြီး သုံးနှစ်တွင်မှ (နန်းတက်ပြီး ခုနစ်နှစ်ကြာမှ) ဗုဒ္ဓဘာသာကို ကြည်ညို လာကြောင်း အတိ အကျ ဆိုထားပြန်၏။

ထို့ကြောင့် ဘုရားတည်သော နှစ်သည် သက္ကရာဇ် ၂၁၉-ခုနှစ် မဟုတ်တန်ရာ။

ထို့ပြင် အာသောက မင်းတြားကြီးသည် အဘိသိက် ခံယူ ပြီး ရှစ်နှစ်မြောက် (၂၁၈+၈) = ၂၂၆-ခုနှစ် အရောက်တွင် ပဋမဆုံးရေးထိုးသော ဗြဟ္မဂီရိကျောက်စာငယ်အမှတ် ၁-၌—

× × × × × ×

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် ဤသို့ အမိန့်တော်ရှိ၏ ငါသည် ဗုဒ္ဓဘာသာ ဥပါသကာ ဖြစ်လာ သည်မှာ နှစ်နှစ်ခွဲကျော် လွန်လေပြီ သို့သော် ငါသည် သံဃာတော် တို့ထံ ဆည်းကပ်၍ တရားတော်ကို စိတ်

---

* သာသနာ သက္ကရာဇ် (၂၁၄+၇)=၂၂၁-ခု နောက်မှ တွေ့သည်။ (မှန်နန်းရာဇဝင်)



မဟာစေတီ
ယခုအခေါ် ဘုရားကြီးကုန်းစေတီပုံတော်။

ထက်သန်စွာ ကြိုးစားအားထုတ် ခဲ့သည်ကား စင်စစ် အားဖြင့် တနှစ်,တနှစ်ကျော်သာ ရှိသေးသည်။

ထိုကာလအတွင်း နတ်တို့နှင့် မရောပြွမ်း မဆက်ဆံရ ကန်သော ဇမ္ဗူဒိပ်ကျွန်းရှိ လူတို့အား ယခုအခါနတ်တို့ နှင့် ရောပြွမ်းဆက်ဆံခြင်းဖြစ်လာစေလေပြီ * ၊

× × × × × × ×

စသည်ဖြင့်အဆိုရှိရာ—အဘိသိက်ခံယူသော သက္ကရာဇ် ၂၁၈+ (၈–၂၃/၂)=၅၃/၂ နှစ်၊ နှစ်ရပ်ပေါင်း = သက္ကရာဇ် ၂၂၃-ခုနှစ် ကျော်မှ ဗုဒ္ဓဘာသာ ဥပသကာ ဖြစ်လာရုံ ရှိသေးရာ ၂၁၉-ခုနှစ် သည် ဘုရားတည်နှစ် မဖြစ်နိုင်ကြောင်း ထင်ရှားပေသည်။

ဤကျောက်စာပါ စကားတို့မှာ **ပါရာဇိကဏ်အဋ္ဌကထာ** လာ ခမည်းတော် ဗိန္ဒုသာရမင်းကြီး၏ အရိုက်အရာကို ဆက်ခံစိုးစံပြီး ခုနစ်နှစ်လွန်မှ နိဂြောဓသာမဏေနှင့် တွေ့ရကြောင်းနှင့် **သုတ် မဟာဝါအဋ္ဌကထာ**လာ နိဂြောဓသာမဏေကိုမှီ၍ သာသနာ တော်၌ ရအပ်သောကြည်ညိုခြင်းရှိသည်ဆိုသော စကားရပ်တို့နှင့် ဆီလျော်ကြောင်း တွေ့ရပေသည်။

ထို့ပြင်လည်း—သုတ်မဟာဝါအဋ္ဌကထာစသည်တို့၌လာသော ၈၄၀၀၀-သော (စေတီ) ကျောင်း တို့ကို ပြုလုပ်စေပြီးနောက်၊ ဥပနာရန် ဓါတ်တော်များ ရနိုင်ရေးအတွက် နေရာအနှံ့အပြား ခံယဉ်းစွာ ရှာဖွေတူးဖေါ်ရပုံနှင့်တကွ ၈၄၀၀၀-သော မြို့ရွာ ဒေသတို့၌ စေတီကျောင်းများတည်ဆောက်ရာတွင် **ပါရာဇိကဏ် အဋ္ဌကထာ**လာသည့်အတိုင်း—တိပိဋကသံဝဏ္ဏနာရေဟိ ဝိဟာရကမ္မာနိ

---

*။ ဒေဝလောကရှိကြောင်း ထင်ရှားစေသည်။

ဥာပေသိ ဟူသော သုံးနှစ်ကြာမှ ပြီးစီးကြောင်းနှင့် **သာရတ္ထဒီပနီဋီကာ** လာ သုံးနှစ် လွန်မှ တနေ့တည်း ကမ္ပည်းဆက်စာ ရောက်**လာ**ကြောင်း စသည် တို့ကို မှန်နန်း မဟာ ရာဇဝင်တော်ကြီးက အခိုင်အမာ ရှင်းလင်း တင်ပြ ထားသည် ကိုလည်း ထည့်သွင်း ရေတွက်ရန်လိုပေမည်။

ထိုသာမကသေး အဆိုပါ အဘိသိက် ခံပြီး ရှစ်နှစ်မြောက် တွင်ပင် ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရာ၌ သောင်းနှင့် သိန်းနှင့် ချီ၍ လူအများ သေကြေပျက်စီး အတိဒုက္ခကြီး ရောက်စေခဲ့သည့်အတွက် သတိသံဝေဂကြီးစွာရပြီး[၁] စစ်ခရာသံအစား တရားစည်ကြီး မြည်ဟီးကြွေးကျော်စေရန် အမိန့်တော် ထုတ်ပြန်ခြင်း[၂] သားငှက်တိရစ္ဆာန် တို့အား ဘေးမဲ့ပေးခြင်း[၃] တောကစားထွက်လေ့ ရှိခဲ့ခြင်းအစား အဘိသိက်ခံပြီး ဆယ်နှစ်မြောက်၌ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်စသော အဓိကရနေရာဌာနများသို့ လှည့်လည်ဖူးမျှော်ခြင်းနှင့် အခြားကောင်းမှု ကုသိုလ်များကို ပြုခြင်း[၄] စသည့် ဗုဒ္ဓအဆုံးအမတော်နှင့်အညီ ဆောင်ရွက်ဘွယ်တို့ကို စတင်ဆောင်ရွက် လာသည်တို့မှာ အဘိသိက်ခံယူပြီး ၁၀-နှစ်မှ ၁၃-နှစ်အတွင်း ရေးထိုးမှတ်တင်သော ကျောက်စာများအရ သိရရာ မင်းတရားကြီး ဆောင်ရွက်ခဲ့သမျှ ကိစ္စအဝဝကို ဝေဘန်သုံးသပ် အဆုံးအဖြတ်ပြုရာ၌ ယနေ့အထိ ရှာဖွေတွေ့ရှိ တူးဖေါ်

---

၁။ သဟဗါဇဂရဟိ ကျောက်စာအမှတ်-၁၃။

၂။ ဂိရနာရ ကျောက်စာအမှတ် - ၄။

၃။ သဟဗါဇဂရဟိ ကျောက်စာအမှတ်- ၁။

၄။ သဟဗါဇဂရဟိ ကျောက်စာအမှတ်- ၈။

ပြီးခဲ့သမျှ အသောကကျောက်စာများ * နှင့် ညှိနှိုင်းတွက်စစ်ခြင်း သည် ပိုမိုသဘာဝကျနိုင်မည်ဟု ယူဆမိပေသည်။

သို့ဖြစ်ရာ အသောက ကျောက်စာ များနှင့် ညှိနှိုင်းသော် ရွှေအာဏာစေတီ တည်သောနှစ်မှာ သာသနာသက္ကရာဇ် ၂၃၀- ခုနှစ်ထက် မစောနိုင်ဟု ခန့်မှန်းဘွယ်ရှိပေသည်။

တဖန် သက္ကရာဇ် ၂၀၉-ခုနှစ်ကို စိစစ်ပြန်ရာ သာသနာ သက္ကရာဇ် ၂၃၅-ခုနှစ် နယုန်လမှ တပို့တွဲလအထိ ၉-လတို့ ပတ်လုံး ရဟန္တာအသျှင်မြတ် ၁၀၀၀-တို့ဖြင့် တတိယ သံဂါ ယနာတင်ပြီးမှ ကိုးတိုင်း ကိုးဌာနသို့ အသျှင်မဟိန္ဒ အစရှိ သော ရဟန္တာ အသျှင်မြတ်တို့အား သာသနာပြု စေလွှတ် ကြောင်း၊ စေတီတော်များ တည်စေခြင်းမှာ ထိုနောက်မှပင် ဖြစ်ကြောင်း အဆိုရှိရာ သံဂါယနာတင် သက္ကရာဇ် ၂၃၅-ခုနှစ် နှင့် ဘုရားတည် သက္ကရာဇ် ၂၀၉-ခုနှစ်မှာ ၃၄-နှစ်မျှ ဝေးကွာ နေသည်ကို တွေ့ရသဖြင့် စဉ်းစားဘွယ်တရပ် ဖြစ်နေပြန်သည်။

၍ နေရာတွင် ညှိနှိုင်း သုံးသပ်ဘွယ်တခုမှာ အသောက ကျောက်စာများကို နှစ်ပေါင်းအတော်ကြာ လေ့လာစိစစ်ကြ သော အနောက်နိုင်ငံ ပညာရှိ သုတေသီများ၏ ဖော်ပြချက် အရ အသောက မင်းတရားကြီး၏ နန်းစံနှစ်မှာ ၄၂-နှစ် ဖြစ် ကြောင်း အဆိုရှိရာ နန်းတက်နှစ်ဖြစ်သော ဗုဒ္ဓသာသနာတော် သက္ကရာဇ် ၂၁၄-ခုနှစ် နှင့် နန်းစံနှစ် ၄၂-နှစ် ပေါင်းသော်

---

* အော့စဖို့မြို့ ကလာရင်ဒန်ပုံနှိပ်တိုက်ထုတ် ဒေါက်တာဟတ်ဇက် Ph.D. ပြုစုသည့် အသောကကျောက်စာများ (inscriptions of Asoka.)

သာသနာတော် သက္ကရာဇ် ၂၅၆-ခုနှစ်တွင် ကံတော်ကုန် တန်ရာသောကြောင့် ဘုရားတည်နှစ် ၂၀၉-ခုနှစ်ကို အခိုင်အမာ ယူရန် အထောက်အထား မလုံလောက်ဟု ယူဆမိပေသည်။

ထို့ပြင် သိရိဓမ္မာသောကမင်းကြီးသည် အဘိသိက် မခံမီ (လေးနှစ်) ဘိဘိက်ခံပြီး (သုံးဆယ့်ခုနစ်နှစ်) နှစ်စုစည်းစိမ် (လေးဆယ့်တနှစ်) သက္ကရာဇ် (နှစ်ရာငါးဆယ့်ငါးနှစ်) တွင် ကံတော်ကုန်ကြောင်း မှန်နန်း မဟာရာဇဝင်က အတိအကျ ဖေါ်ပြထားသည်ကိုလည်း လေးစားရပေမည်။

သို့ဖြစ်ရကား စောလွန်းသော ဘုရားတည်နှစ် ၂၁၉-ခုနှစ် နှင့် နောက်ကျလွန်းသော ဘုရားတည်နှစ် ၂၀၉-ခုနှစ်တို့၏ နှစ်ပေါင်း ၇၀-ကွာခြားနေခြင်းကို ကျေနပ် လက်ခံနိုင် လောက်သော ယုတ္တိသာဓကဖြင့် စေ့စပ်တင်ပြရန် တာဝန်ရှိ သည်ဟု ယူဆသည့်အလျောက် (အတိအကျ အဆုံးအဖြတ်ကို ပေးနိုင်မည်ဟု ယူဆဘွယ်ရှိသော သမိုင်းပေမူများ လက်ဝယ် မရှိလေရကား) အတ္တနောမတိဖြစ်သည့် အောက်၌ ဖေါ်ပြအပ် သော "ဖြစ်နိုင်ဘွယ်" အကြောင်းအချက်များ အရ တင်ပြ လိုပေသည်။

ဤတွင် (၁)ဂဏန်းနှင့် (၀)ဂဏန်းကို စီစစ်ဝေဘန်ရန် လိုပေသည်၊ ပေမူမှ ပဌမ ကူးယူရာတွင် (၁)ဂဏန်း ရေးယူပုံ မသေချာ၍ ပုံနှိပ်သောအခါ (၀)ဂဏန်း ဖြစ်လာနိုင်သည်။

တဖန် (၁)ဂဏန်းအဖြစ် ကူးယူခဲ့ရာတွင်လည်း ပေမူရှိ (၃)ဂဏန်းသည် ကာလ ကြာညောင်းလှသဖြင့် "အမြီး" ပျက်နေခြင်း သို့မဟုတ် အလွန် မှေးမှိန် နေခြင်း အတွက် (၁) ဂဏန်းဟု မှတ်ထင်ကူးယူခဲ့ခြင်းလည်း ဖြစ်နိုင်ဘွယ်ရှိသည်။

## သက္ကရာဇ်များ ညှိနှိုင်းဖော်ပြချက်

ဤအယူအဆတိုင်းဆိုလျှင် ပေမူတွင် (၂-၁-၉) သို့မဟုတ် (၂-ဂ-၉) မဟုတ်တော့ဘဲ (၂-၃-၉) ဖြစ်နိုင်သည်။

၂၃၉-ဖြစ်လျှင် သံဂါယနာတင် သက္ကရာဇ် ၂၃၅-ခုနှစ်နှင့် ညှိနှိုင်းသော် အတော်ပင် ဆီလျော်ဘွယ် ရှိသည်ဟု ယူဆမိပေသည်။

ထို့ပြင် သံဂါယနာတင် သက္ကရာဇ် ၂၃၅-ခုနှစ်မှာ အခိုင်အမာ အထောက် အထားများ ရှိသဖြင့် ထိုသက္ကရာဇ်ကို ပင်ကိုယ် အခြေခံထား၍ ညှိနှိုင်းတွက်ချက် ရပေမည်။

အခြား ညှိနှိုင်းဘွယ်ရာ အကိုးအကားတခုမှာ—

ဒေါက်တာ ဟတ်ဇက် Ph.D., ဒေါက်တာ ဗင်းဆင့်စမစ် M.A., D.Litt ဒေါက်တာဂျိန်းမက္ကဖိုး M.A., M.D. ဆာအာဂျိဘန်ဒကား M.A.,Ph.D.,K.C.I.E. ပရိုဖက်ဆာ မူကာဂျီ M.A.,Ph.,D. စသော ပညာရှိကြီး များသည် အသောက ကျောက်စာတော်များ၌ နှစ်ပေါင်းများစွာ လေ့လာဆည်းပူးပြီးမှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားအပ်သော အသောက အတ္ထုပ္ပတ္တိ ဆိုင်ရာ ကျမ်း များစွာ တို့ကို အခြေခံ၍ မြန်မာဘာသာ ပြန်ဆိုထားသော ကျောက်စာတော် အမှတ် ၁၃-အမှတ် ၅-နှင့် အမှတ် ၂-ပါ အသောကမင်းကြီး သာသနာပြုစေလွှတ်ခဲ့သော ဆီရီယာပြည်, ဂျေစ်ပြည်, ဆီရိနီပြည်, မက်ဆီဒိုနီးယားပြည်, ဧပရပ်ပြည် ပြည်စံဘုရင်များ အသက်နှင့် ရှိခဲ့ကြသော နောက်ဆုံးခုနှစ် သက္ကရာဇ်များနှင့် ညှိနှိုင်းသော် သာသနာပြု နှစ်များမှာ ခရစ်တော် မပေါ်မီ ၂ဂ၅-နှစ် သာသနာသက္ကရာဇ် (၅၄၄—၂ဂ၅)=၂၅၉-ခုနှစ် ထက်

နောက်ကျခြင်း မရှိနိုင်ပေဟု အသောက အတ္ထုပ္ပတ္တိတွင် တင်ပြထားသည်ကို ထောက်သော် အထက်က အကျဉ်းချုပ် တင်ပြခဲ့သော သက္ကရာဇ် ၂၃၉-ခုနှစ်သည် "ရွှေအာဏာ" စေတီတော်ကို တည်သော သက္ကရာဇ် ဖြစ်နိုင်ဘွယ် ရှိသည်ဟု ဆိုရပေမည်။

**မှတ်ချက်** (၁) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူသောနှစ်သည် ရာဇဝင်ကိုဟ်ပြည့်ရှင် အဇာတသတ် မင်းက သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ် အညီထား၍ စတင် သတ်မှတ်သောနှစ် ဖြစ်သည့်ပြင် ထိုနှစ်သည် ခရစ်တော်မပေါ် ၅၄၄-နှစ်(544-B.C.)ဟု ကမ္ဘာက အသိအမှတ် ပြုကြသည်။

(၂) သာသနာ သက္ကရာဇ် ၂၃၉-ခုနှစ်သည် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ သုဝဏ္ဏဘူမိ (သထုံ) သို့ ရောက်နှင့်ပြီး ဖြစ်သည့် အချိန်တည်း။

(၃) အသောက ကျောက်စာများတွင် သက္ကရာဇ်စွဲ တစုံတရာဖြင့် ဖော်ပြခြင်း မရှိဘဲ အဘိသိက်ခံပြီးနောက် မည်ရွေ့ မည်မျှ နှစ်အကြာတွင် ရေးထိုးတော်မူသည် ဟုသာ ဖေါ်ပြ ထားလေသည်။

(ခ) **ထူပါရုံ** မူလ ရွှေအာဏာ စေတီတော်ကို အလောင်းစည်သူ မင်းသည် ထူပါရုံ ဘွဲ့တော်သစ် ဖြင့် တိုးမြှင့်တည်ထားသောနှစ်မှာ မုဋ္ဌော

## သက္ကရာဇ်များညှိနှိုင်းဖော်ပြချက်

ကိုးဆူ သမိုင်းအရ ဖြိုးကြွင်းသက္ကရာဇ် ၄၅၇-ခုနှစ် ကဆုန်လဆန်း ၅-ရက်နေ့ဟု ဆိုသည်။

ရွှေမုဋ္ဌော စေတီတော် ကျောက်စာအရ ၃၀၈-ခုနှစ် ဆိုသည်၊ အဆိုပါ ၃၀၈-ခုနှစ် အတွက် အခြား အထောက်အထား အလျဉ်း မတွေ့ရ။

ဖြိုးကြွင်းသက္ကရာဇ် ၄၅၇-ခုနှစ် အတွက်မှာ မှန်နန်းရာဇဝင် ဘွင်းသင်းရာဇဝင်တို့အရ အလောင်းစည်သူမင်းသည် ဖြိုးကြွင်း သက္ကရာဇ် ၄၅၄-မှ ၅၂၉-ထိ နန်းစံနှစ် ရှိကြောင်း အဆိုရှိသဖြင့် ဘုရားတည်နှစ် ၄၅၇-ခုနှစ်သည် ယုတ္တိတန်ဘွယ်ရှိသည်။

သို့ရာတွင် အလောင်းစည်သူမင်း၏ ဘိုးတော် ကျန်စစ်မင်းနှင့် ရဟန်းမထီး (ရှင်ပုပ္ပါ)၏ တူမဖြစ်သူ "ဦးဆောက်ပန်း" အမည်ခံ သမ္ဘုလ[၁] တို့မှ ဖွားသော သားတော် **ရာဇကုမာရ**[၂] **မင်းသား** ရေးထိုးသော ပုဂံမြို့ မြစေတီ ကျောက်စာတွင် သာသနာတော် သက္ကရာဇ် ၁၆၂၈-ခုနှစ် (ကောဇာ- ၄၄၆) တွင် ကျန်စစ်သား နန်းတက်ကြောင်းနှင့် ရာဇဝင် အများကပင် အညီအညွတ် ဖော်ပြကြသည့် နန်းစံနှစ် ၂၈-နှစ်နှင့် ပေါင်းသော် (၄၄၆ + ၂၈)=ကောဇာသက္ကရာဇ် ၄၇၄-ခုနှစ်မှ ကျန်စစ်မင်း ကံတော်ကုန်ကြောင်း အခိုင်အမာ ဆိုလာပြန်သောကြောင့် အနှစ် ၂၀-ကွာခြားနေပြန်သဖြင့် ပညာရှိများ ညှိနှိုင်း၍ ယူကြပါကုန်။

---

၁ တြိလောကဝဋ္ဋံသကာဒေဝီလည်း ဟူ၏ (မြစေတီကျောက်စာ)

၂ ဇေယျခေတ္တရာဟုလည်း တွေ့ရသည်။

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

(ဂ) **ရွှေမုဋ္ဌော** ကောဇာ သက္ကရာဇ် ၆၀၀-ပြည့်နှစ်တွင် ပုသိမ် ၃၂-မြို့ကို အစိုးရသော သမုဒ္ဒဃောသနှင့် ဥမ္မာဒန္တီ တို့သည် "ထူပါရုံ" စေတီတော်ကို ရွှေမုဋ္ဌော အမည်သို့ ပြောင်း၍ ထပ်မံ ပြုပြင် တည်ထားပြန်လေသည်ဟု မုဋ္ဌော ကိုးဆူ သမိုင်းနှင့် စေတီတော် ကျောက်စာတွင် အညီအညွတ်ဆိုကြ၏။

သို့ရာတွင် သက္ကရာဇ် ၆၂၅-ခုနှစ်ဟု မှတ်ကွဲရှိပြန်သည်၊ ပုသိမ် ရာဇဝင်အရ သမုဒ္ဒဃောသ၏ ခမည်းတော် သမုဒ္ဒမင်းသည် သက္ကရာဇ် ၆၂၅-ခုနှစ်တွင် ကံတော်ကုန်ကြောင်း အဆိုရှိသည်ကို ကိုးကားဟန်တူသည်။

---

## ပုသိမ်မြို့အကြောင်း

### ၁ — မွန် ၃-ရပ် နှင့် ပုသိမ်မြို့

"ကုသိမ မဏ္ဍလ ဟံသာဝတီ မဏ္ဍလ မုတ္တမ မဏ္ဍလ သခေါ် တေသု တီသု ရာမည မဏ္ဍလေသု" ဟု ကလျာဏီ ကျောက်စာ လာစကား အရရင်း, ဆင်ဖြူတော်ကြီး၏ အရှင် မုတ္တမ ဘုရင်၏ မယ်တော် ကိုးကွယ်တော် မူသော ဆရာတော် **အရှင် မေဓင်္ကရာ**, ၎င်း မုတ္တမဘုရင်၏ ဆရာတော် **အရှင် သုဝဏ္ဏသောဘဏ** တို့ စီရင်တော်မူသော ရာမညရဋ္ဌ လင်္ကာရ ကျမ်း, ရာမညရဋ္ဌ ဒီပနီ ကျမ်းများလာ စကားအရရင်း, ဓမ္မစေတီ ကျမ်းဟောင်း ကြီးပါ



မြောက်မုခ်သဘ် မဆောက်ရမီပုံ။

၁—မွန် ၃-ရပ်နှင့်ပုသိမ်မြို့

စကားအရင်း, ပေါက္ကံပြည်ရှင် ဘုရင် နရပတိစည်သူမင်း၏ ဆရာ အရှင်အာနန္ဒာမထေရ်၏တပည့် စတုတ္ထမြောက် ဒလမြို့ သာသနာပြု ဆရာတော် ဓမ္မဝိလာသ ဘွဲ့တော်ရ အရှင်သာရိပုတ္တရာ စီရင်တော်မူသော ရဋ္ဌသာရဒီပနီ ကျမ်းလာ စကားများ အရင်း မွန်တိ, မွန်စ, မွန်ည ဟူသော မွန်(၃)ရပ်တို့အချင်းချင်း အညမည ပေါင်းစပ်သောအားဖြင့် တိုင်းဖွဲ့အပ်သော ရာမည တိုင်းဟု နာမပညတ်အထူးဖြင့် သမုတ်အပ်သည့်....

(က) တိဂုံ, ဒလ စသော ရာမညတိုင်း အစိတ် (မွန်တိ)

(ခ) သထုံ, မုတ္တမ စသော ရာမညတိုင်း အစိတ် (မွန်စ)

(ဂ) ပုသိမ်, မြောင်းမြ စသော ရာမညတိုင်း အစိတ်(မွန်ည)

တို့တွင် မွန်တိ, မွန်စဟူသော တိဂုံ, ဒလ, သထုံ, မုတ္တမတို့နှင့် အညမညဖြစ်သောကြောင့် (မွန်ည) ဖြစ်သော တိုင်း အစိတ်၏ ဗဟိုချက်ချာ မင်းစံရာ နေပြည်တော်ကား ကုသိမရဋ္ဌ ကုသိမနဂရ(ကုသိမ်-ကော့သမိန်)စသည်ဖြင့် မွန်ဘာသာဖြင့် သမုတ်အပ်ခဲ့သော ယနေ့ ပုသိမ်မြို့ပင် ဖြစ်ပေ၏။

မှတ်ချက် (ရာမ)ကို ၃-ခု ဟောရခြင်းမှာ ပြို့ဟာဇကျမ်း, ရာဇမတ္တံကျမ်း, အသီတိကျမ်း, ဇောတိသတ္တာကျမ်း, ဇောတိဒီပိကာကျမ်း, သရဝိဇ္ဇောဓရေကျမ်း, သူရိယသိဒ္ဓန္တကျမ်း, ဝေဒကောသလ္လကျမ်း, အင်္ဂဝိဇ္ဇာ ၉-တွဲကျမ်း, ကဝိပါသဏ္ဍာဆန်းကျမ်းများအရ ဟူ၏၊ ဓမ္မစေတီဘုရင်၏ ဘွဲ့တော်ကို ရာမာဓိပတိ ဆိုရာ၌ ရာမာ(မွန်)

(၆၅)

၃-ရပ်၏+အဓိပတိ—အဓိပတိ=(မှန်) ၃-ရပ်၏ အဓိပတိ ဟူ၏။

## ပုသိမ်မြို့၏ အမည်အမျိုးမျိုးကို ဖော်ပြခြင်း

(က) **အတိသဥ္စာနဂရ** ရှေးလွန်လေပြီးသော အခါ ဘုရားအလောင်း သူတော်ကောင်းတို့ မွေ့လျော်ဘူးရာ အဓိကရဌာန ဖြစ်ခဲ့ကြောင်းကို ရဟန္တာအသျှင်မြတ်တို့ ညွှန်ပြအပ်သဖြင့် ပဌမတွင် အတိသဥ္စာနဂရဟု တွင်ခဲ့၏။

တနည်းအားဖြင့်လည်း ငါးဝံ-ထားက-ပမ္မဝတီ သုံးလီသော မြစ်ရေတို့ဖြင့် ဝန်းရံလျှည့်ပတ် ခြားနားအပ်သည့် တိရဂ်လကျွန်း၏ ဦးစွန်းသဘွယ်ဖြစ်သော ပုသိမ်မြို့၏တည်နေရာမှာ သဥ္စာလီညောင်စောင်း၏ သဏ္ဌာန်ဖြင့် တင့်တယ် သားနား ခန့်ညားသည်၏ အဖြစ်ကြောင့် **အတိသဥ္စာ နဂရ**ဟု နာမဗျူပ္ပတ်ဖြင့် သမုတ် အပ်သည် ဟူ၍ ရှေးပညာရှိ အချို့ကတင်ပြထားသည်ကိုလည်း တွေ့ရ၏။

(ခ) **ကုသိမရဋ္ဌ—ကုသိမ်မြို့** သာသနာသက္ကရာဇ် ၅၅၀-ခုနှစ်တွင် သရေခေတ္တရာပြည် ငတပါးမင်း၏ မြေးတော် ရန်မုက္ခမင်း လက်ထက် သီဟိုဠ်ပြည် စောရနာဂမင်း* နှင့် ထီးနန်း ပြိုင်စဉ်အခါ သီဟိုဠ်ကျွန်းတွင် ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်သဖြင့် ရဟန္တာ မြောက်မြားစွာတို့မှာ ပုသိမ်သဘောဆိပ်သို့ ကြွရောက်တော်မူကြကာ အချို့ ပုသိမ်မြို့

---

* မဟာဝင်ဝတ္ထု ရာဇနာမဝင်္ဂတွင် ငတပါးမင်း နှင့် ထီးပြိုင်နန်းပြိုင် ပြသည်။

တွင် သီတင်းသုံးတော်မူကြ၍ များစွာသော ရဟန္တာ အသျှင်မြတ်တို့မှာသရေခေတ္တရာပြည်အရောက် ကြွရောက် သီတင်းသုံးတော်မူကြသဖြင့် နိဗ္ဗာန်သခင် ရဟန္တာအသျှင် တို့ ကူးရောက်သော နိဗ္ဗာန်ကူးဆိပ် အဓိပ္ပါယ်ရှိသည့် **ကုသိမရဋ္ဌ-ကုသိမ်မြို့** ဟု မှည့်ခေါ် သမုတ်ပြန်သည်။

(ဂ) **ပုသိမနဂရ-ပုသိမ်မြို့** သက္ကရာဇ် ၅၃၃-ခုနှစ်တွင် ကုလား ကျမင်းဟု အမည်တွင်ခဲ့သော ပေါက္ကံပြည်ရှင် ဘုရင် နရသူ ကွယ်လွန်ပြီးနောက် သားတော် မင်းယဉ်နရသိင်္ခ ဆက်ခံတော်မူရာ ခမည်းတော်၏ ရန်ဘက်ဖြစ်သော ပဋိက္ခရား ကုလားမင်း၏ အလံဦးကင်းဖျား စစ်တံခါး လမ်းဝကျသော ကုသိမရဋ္ဌ-မြို့ကို ခံမြို့အဖြစ် ဘုရင်ခံ စိုးအုပ်စေလျက် မြို့အခိုင်အလုံ တည်ဆောက်ရာတွင် စစ် ရေးပြိုင်ရမည့်အခါနှင့် လျော်ကန်အောင် သရောဓရ ကျမ်း, သရဝိဇ္ဇောဓရကျမ်း, ရာဇမတ္တံကျမ်း, နေမိတ္တက ဝိဇ္ဇာကျမ်း, ဇောတိဒီပိကာ စသော ဗေဒင်ကျမ်းကြီး အမျိုးမျိုးနှင့် ညှိနှိုင်းဝေဘန်ကာ ရန်ငြိုဟ်ဖြစ်သော (က)နှင့် (သ)မှ ဥဒါသိန်ဖြစ်သော (ပ)နှင့် (သ)သို့ ပညာရှိအစုံအလင်ပြင်ဆင်၍ ၅၃၆-ခုနှစ်တွင် မော်ကွန်း စိုက်ထူကြောင်း ရှေးစာဟောင်း ရှေတိုက် စာရင်း စစ်တမ်းတွင် ဖေါ်ပြပါရှိသည့်အတိုင်း ကုသိမ-ကုသိမ်မှ ပုသိမ်သို့ ပြောင်းမှည့်ခေါ်ဝေါ်ခဲ့ကြ၏။

(ဃ) **ပသိမ်မြို့** သက္ကရာဇ် ၅၇၃-ခုနှစ်မှ ၅၉၅-ခုနှစ်အထိ ပုသိမ် မြို့ကို အုပ်စိုးကြသော ကုလားမင်းများ လက်ထက်တွင်

မူလအမည် ပုသိမ်မြို့မှ ပသိမ်မြို့ဟု ပြောင်းမည့် ခေါ်ဝေါ် အုပ်စိုးခဲ့ကြ၏။

(င) **ပုသိမ်မြို့** ကုလားမင်းများကို တိုက်ခိုက် အောင်နိုင်၍ သက္ကရာဇ် ၅၉၅-ခုနှစ်မှ ၆၂၅-ခုနှစ်အထိနှင့် ဘဆက် တည်း ဆက်လက် အုပ်စိုးခဲ့ကြသော မွန်မင်းများ လက်ထက်တွင် ပသိမ်မြို့ အမည်ကို ဖျောက်၍ မူလ အမည် **ပုသိမ်မြို့** အမည်ဖြင့် ဆက်လက်အုပ်စိုးခဲ့ကြ၏။

(စ) **နာဂဝုလ္လာ** တနည်းခေါ် **နဂရဝေပုလ္လ** မျက်မှောက် ခေတ် ပဌမပိုင်းတွင် ပေါ်ပြခဲ့သည့်အတိုင်း သက္ကရာဇ် ၆၂၅-ခုနှစ် နောက်ပိုင်းတွင် သာယာ ဝပြောမှုကို အကြောင်းပြု၍ သမုတ်ခဲ့သော အမည်ဖြစ်၏၊ မည်သည့် သက္ကရာဇ်အထိဟု အပိုင်းအခြားမတွေ့ရ။

(ဆ) **ကော့သမိန်-ကော့စမိန်** ( Cosmin ) သက္ကရာဇ် ၉၄၈-ခုနှစ် ခရစ်သက္ကရာဇ် ၁၅၈၆-ခု နိုဝဘၤာလ ပုသိမ်ရောက် အနောက်တိုင်းသားခရီးသည်( Ralf Fitch )ရဖ်ဖစ်(ခ်ျ) မှတ်တမ်းအရ ( Cosmin ) ကော့စမိန်ဟု ခေါ်တွင် နေကြောင်း တွေ့ရသည်ဆိုရာ မွန်ဘာသာခေါ် ကော့ သမိန်ကို အနောက်တိုင်းသား အသံဖြင့် ခေါ်ဝေါ်ခြင်း သာဖြစ်သည်။

သို့ရာတွင် ပုသိမ်ဟူသော အမည်မှာ အထင် အရှား အခိုင် အမာဆုံးဖြစ်၍ ယနေ့အထိ ဆက်လက် ထင်ရှားလျက်ရှိ၏။

## ၃—ပုသိမ်မြို့ကို နိဗ္ဗာန်ကူးတို့ဆိပ်ဟု အမှတ်ပြုကြပုံ

ပုသိမ်မြို့မှ သီဟဠနှင့် မဇ္ဈိမဒေသကြောင်း သင်္ဘောလမ်းဖြင့် မဂ်ဌမ်း ဖိုလ်သို့ကူးတို့ဆိပ်သဏ္ဌာန် ရည်သန်မည်ရှိ ကုသိမရဋ္ဌ ကုသိမနဂရ ကုသိမ်မြို့ဟု ခေါ်ဆိုကြ၏ဟုဆိုသော စကားအတိုင်း—

(က) အထက်က မြို့အမည်အမျိုးမျိုး ဖော်ပြရာတွင် ပါရှိသည့်အတိုင်း သာသနာသက္ကရာဇ် ၅၅၀-ခုနှစ်တွင် သီဟိုဠ်မှ ရဟန္တာ အသျှင်မြတ်များ ပုသိမ်မြို့သို့ ကြွလာတော်မူခဲ့ကြခြင်း။

(ခ) သာသနာသက္ကရာဇ် ၉၄၆-ခုနှစ် (သမုဒ္ဒရာမင်း မြို့ကြွင်း ၃၂၄-ခုနှစ်)တွင် ဒုတိယ ပုဂံဆက် **ကြောင်ဒုရာဇ်မင်းနှင့်** သီဟိုဠ်မင်း ၆၆ * ဆက်မြောက် မဟာနာမမင်းကြီးတို့ ထီးပြိုင် နန်းပြိုင်အခါ၌ သထုံမင်းဆက် ၂၅-ဆက်မြောက် **ဓမ္မပါလမင်း**၏ အကူ အညီဖြင့် မြန်မာပြည်သို့ ဗုဒ္ဓပဋိကတ်တော်ကို ပဌမဆုံးပင့်ဆောင်လာသူ **အရှင်မဟာဗုဒ္ဓဃောသ** သည် ပုသိမ်မြို့ (အသည်ကြီးရွှေဗိုလ်တပ်အနီးရှိ)ဘင်္ဂလားသင်္ဘောဆိပ်မှ သီဟိုဠ်ကျွန်းသို့ကူးတော်မူ၍ စတုတ္ထ သံဂါယနာတင် သီဟဠဘာသာရေး ပေမူရင်း ပိဋကတ်တော်သုံးပုံကို မာဂဓဘာသာဖြင့် ပြန်ဆိုရေးကူး ပင့်ဆောင်တော်မူခဲ့ခြင်း။

ညွှန်းနိုင်းပေါ်ပြချက် အဋ္ဌကထာဆရာကြီးသျှင်မဟာဗုဒ္ဓဃောသမှာ သထုံသားဖြစ်၍ပုသိမ်မြို့မှ မဇ္ဈိမသို့ ထိုမှ တဆင့် သီဟိုဠ်သို့

---

* မဟာဝင်ဝတ္ထုရာဇနာမဝဋ္ဋိတွင် ၅၉—ဆက်မြောက်ဟုပြသည်။

ကူးတော်မူကြောင်း မှန်နန်းနှင့် သထုံရာဇဝင်ဟောင်း စသည်တို့ကဆို၏။

ဗုဒ္ဓဃောသုပ္ပတ္တိ၌မူ အိန္ဒိယပြည် ဗောဓိပင်အနီး ဃောသရွာသား ပုဏ္ဏားလူမျိုးဖြစ်၍ အိန္ဒိယတောင်ပိုင်း ဗင်္ဂရီသင်္ဘောဆိပ်မှ ကူးသည်ဆို၏။

အပြန်တွင် ဇမ္ဗူဒိပ်ကျွန်းသို့ပြန်သည်ဟု ဗုဒ္ဓဃောသုပ္ပတ္တိနှင့် စူဠဝင်ကျမ်းများက ဆို၏။

အင်္ဂုတ္တရအဋ္ဌကထာ ကမူ သုဝဏ္ဏဘူမိ သထုံပြည်နှင့် သီဟိုဠ်သင်္ဘောလမ်းသင့်ကြောင်း အဆိုရှိရာ ဘာသာပြန်ဆို ခဲ့သော ပိဋကတ်တော်နှင့်တကွ သထုံပြည်သို့ ရောက်ကြောင်း ထင်ရှားသဖြင့် ပိုမိုသင့်မြတ်သည်ဟု ယူဆဘွယ် ရှိပေသည်။

တဖန်အဋ္ဌကထာဆရာကြီး သီဟိုဠ်သို့ ကြွရောက်တော်မူသော သက္ကရာဇ်နှင့် စပ်လျဉ်း၍ အောက်ပါ **ညှိနှိုင်းဘွယ်**တို့ကို ထပ်မံဖော်ပြလိုပေသည်။

သာသနာသက္ကရာဇ် ၉၄၆-ခုနှစ်(သမုဒ္ဒိမင်းဖြို့ကြွင်း ၃၂၄-ခုနှစ်)တွင် ကြွရောက်ကြောင်း **သာသနာဝံသာလင်္ကာရကျမ်း**က ဆိုသည်၊ ဒီပဝင်ကျမ်းလာ ကလျာဏီကျောက်စာ သာသနာဝံသနှင့် ညီညွတ်ကြောင်း မှန်နန်းရာဇဝင်က ထောက်ခံထားလေသည်။

**သာသနာလင်္ကာရ စာတမ်း**တွင်မူ သာသနာ ၉၃၀-ဆိုသည်၊ ၎င်းစာတမ်းတွင်ပင် ဘိုးတော်ဘုရားလက်ထက် သီဟိုဠ်ရဟန်းတို့က “ဆက်စာ သန္ဒေသကထာ”တွင် သာသနာ ၉၅၆-ခုနှစ်

ကျော်တွင် အရှင်ဗုဒ္ဓဃောသ သီဟိုဠ်သို့ လာရောက်သည်ဟု ဆိုကြောင်း ဖော်ပြထားပြန်၏။

အထက်ပါ ကျမ်းနှစ်ခုစလုံးကပင် သီဟိုဠ်ကျွန်း ဗ၆-ဆက်မြောက် မဟာနာမမင်း နန်းစံနှစ်ကို ညွှန်ပြကြ၍ သာသနာဝံသာလင်္ကာရကျမ်းနှင့် မှန်နန်းရာဇဝင်တို့တွင်မူ ဒုတိယပုဂံဆက် ကြောင်ဒူရာဇ်မင်းနှင့် ထီးပြိုင်နန်းပြိုင်ဟု ပြဆိုကြသည်။

ကြောင်ဒူရာဇ်မင်း နန်းစံနှစ်မှာ သာသနာ ၉၃၀-မှ ၉၅၆ ဖြစ်သည်။ (ရာဇဝင်)

မဟာနာမမင်း နန်းစံနှစ်မှာ သာသနာ ၉၁၀-မှ ၉၃၂-ဟု (သာသနာလင်္ကာရ)က ဆိုသည်။

မဟာဝင်ဝတ္ထု ရာဇနာမဝဋ္ဋိတွင် သာသနာ ၉၅၄-၉၇၆-ဟု ပြသည်။

ဒီပဝင်တွင် နန်းစံနှစ်ပေါင်း ၂၇-နှစ်ဟု ပြသည်။

တနေ့ရာတွင်မူ ခရစ်သက္ကရာဇ် ၄၀၉-မှ ၄၃၁-ထိ အုပ်စိုးခဲ့ကြောင်း အခိုင်အမာ ဖော်ပြထားသည်ကို တွေ့ရပြန်သည်၊ ခရစ်သက္ကရာဇ် ၄၀၉-၄၃၁-မှာ သာသနာ သက္ကရာဇ် ၉၅၃-မှ ၉၇၅-အထိ ဖြစ်သည်၊ သို့ဖြစ်ရာ ပညာရှိများ ညှိနှိုင်းယူဆကြပါကုန်။

(၈) (ကလျာဏီ ကျောက်စာ အရ) သာသနာ သက္ကရာဇ် ၁၇၁၅-ခု(ဖြိုကြွင်း ၅၃၃-ခုနှစ်) (မှန်နန်းရာဇဝင်အရ)

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

သက္ကရာဇ် ၅၄၂-ခုနှစ် (ခေတ်သစ် မြန်မာ ရာဇဝင် တစောင်အရ) သက္ကရာဇ် ၅၂၃ ခုနှစ်တွင် မြန်မာ သာသနာရာဇဝင်တွင်သာသနာပြု ကျမ်းပြုပုဂ္ဂိုလ်ကျော် ဟု အထူး ထင်ရှားခဲ့သော ပုဂံဘုရင် **နရပတိစည်သူ**၏ မင်းဆရာဖြစ်တော်မူသည့် **သဒ္ဓမ္မဇောတိပါလ မထေရ်မြတ်** သည် ငယ်ရွယ်စဉ်အခါ ဆပဒသာမဏေအမည်တော်ဖြင့် ဆရာဖြစ်သူ အရှင်ဉတ္တရာဇီဝ မထေရ်မြတ်နှင့် အတူ ကုသိမ်မြို့(ပုသိမ်မြို့) သင်္ဘောဆိပ်မှ သီဟိုဠ်သို့ ကူးတော်မူခဲ့လေသည်။

သီဟိုဠ်တွင် ပဉ္စင်းခံပြီး ဆယ်ဝါမြောက်၍ ထေရသမ္မုတိရသည့်တိုင်အောင် ပိဋကတ်ကျမ်းဂန်များကို သင်ကြား တတ်မြောက်ပြီးမှ တာမလိတ္တိ[၂]ရွာသား **သီဝလိထေရ်**, ကမ္ဗောဇ

---

၁ ပုံနှိပ်ချွတ်ယွင်းဟန် ရှိသည်။

၂ တာမလိတ္တိကား ဒက္ခိဏသာခါ မဟာဗောဓိ သကျာတောင်ကိုင်းကို **သံဃမိတ္တာထေရီ** သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်တော်မူရာနှင့် ဒန္တကုမာရနှင့် ဟေမမာလာတို့ လက်ဝဲအောက်ခေတ် စွယ်တော်မြတ်ကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ရာ ယနေ့ "တာမလွတ်"ဟု ခေါ်တွင်လျက်ရှိသော သင်္ဘောဆိပ်မြို့ ဖြစ်သည်။

မျက်မှောက်ခေတ် သုတေသီ ပညာရှိများက အဋ္ဌကထာဆရာကြီး အသျှင် မဟာဗုဒ္ဓဃောသသည် သီဟိုဠ်သို့မကူးမီ ၌ တာမလိတ္တိမြို့နယ်အတွင်း ခေတ္တ သီတင်းသုံးတော် မူခဲ့ကြောင်းကို ရှေးဟောင်း အထောက်အထားများကို ကိုးကား တင်ပြကြ၏။

## ၃—ပုသိမ်မြို့ကို နိဗ္ဗာန်ကူးတို့ဆိပ်ဟု အမှတ်ပြုကြပုံ

မင်းသား **တာမလိန္ဒထေရ်**၊ ကိဉ္စိပုရ * မြို့သား **အာနန္ဒာထေရ်** သီဟိုဠ်ကျွန်းသား **ရာဟုလာထေရ်** စသော ပိဋကတ်သုံးပုံဆောင် ကျမ်းဂန်၌ လိမ္မာကုန် အရည်ရှိကုန်သော မထေရ် ၄-ပါးနှင့် အတူ ပဥ္စဝဂ် ပြည့်စုံစေ၍ (ကလျာဏီ ကျောက်စာအရ) သာသနာသက္ကရာဇ် ၁၇၂၅-ခုနှစ် (ဖြိုးကြိုင်း ၅၄၃-ခုနှစ်) (မှန်နန်းရာဇဝင်အရ) သက္ကရာဇ် ၅၅၃-ခုနှစ်တွင် ပုသိမ်မြို့သို့ သင်္ဘောဖြင့် ကူးရောက်လာရာ ဝါဆိုခါနီး ဖြစ်နေသဖြင့် ပုဂံသို့ မကြွသေးဘဲ ပုသိမ်မြို့တွင်ပင် တဝါဆိုပြီးလျှင် ဝါကျွတ်၍ ပဝါရဏာပြုပြီးမှ ပုဂံသို့ ကြွတော်မူသည်။

ဆရာဖြစ်သူ ဥတ္တရာဇီဝမထေရ်မှာ ဘဝနတ်ထံပျံလွန်တော် မူနှင့်ပြီးဖြစ်၍ **ဒုတိယ သိန်းသိုရောက်** ဟူ၍၎င်း၊ **ဆပဋထေရ်** ဟူ၍၎င်း တင်ရှားသောအားဖြင့် နရပတိစည်သူမင်း၏ အတိုင်း ထက် အလွန် အကြည်ညို အပူဇော်ကို ခံရသော မင်းဆရာ အဖြစ်ဖြင့် ဆက်ခံတော်မူလေသည်။

သို့လင့်ကစား သဒ္ဒနယ အတ္ထနယ ပရမတ္ထမှနှင့် ဝိနယပါရဂူ ဖြစ်တော်မူသည့်အလျောက် ထိုအသျှင်မြတ် ပြုစုစီရင်အပ်သော သိမ်မေ့နက်နဲတော်မူလှသည့် သုတ္တနိဒ္ဒေသကျမ်း, သင်္ခေပဝဏ္ဏနာ, နာမစာရဒီပကကျမ်း, ဝိနယဂူဠတ္ထဒီပနီ, သိမာလင်္ကာရကျမ်း

---

* ကိဉ္စိပုရမြို့ကား ယနေ့ မဒရပ်မြို့တောင်ဘက် မိုင် ၆၀-ခန့်အကွာ တွင် ရှိသော ရှေးခေတ်တွင် ဗုဒ္ဓဘာသာ ထွန်းကားရာ ဒေသ ဖြစ်ခဲ့သည့် ကွန်ဂျီဗာရမ်မြို့တည်း။

တရုပ်ရဟန်းတော် ခရီးသည်ကြီး ဟီယန်ဆိုင်၏ မှတ်တမ်း၌ လည်း ဤအတိုင်း တင်ပြထား၏။

များ၏ကျမ်းပြီး နိဂုံးအရ အမည်ရင်းဖြစ်သော **သဒ္ဓမ္မဇောတိပါလ** ဟု ပေါ်လွင်သိသာရ၏။

ထင်ရှားကျော်ကြားသော "ဆပဒ" အမည်တော်နှင့် စပ်လျဉ်း၍ ကလျာဏီကျောက်စာတွင် "ဆပ္ပဒ"ဟု ဖော်ပြထားကြောင်း၊ မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံစီရင်သော **သာသနာလင်္ကာရ စာတမ်းက** ဆို၏၊ **မှန်နန်းရာဇဝင်တွင်** မူ **ဆပဋ္ဌထေရ်**ဟု ဆို၏။

တဖန် ကလျာဏီကျောက်စာတွင်ပင် အသျှင်ဥတ္တရာဇီဝ၏ အတ္ထုပ္ပတ္တိကို ဖော်ပြရာ၌ "ဥတ္တရာဇီဝ မဟာထေရသည်သိသော ဆပဋ္ဌောတိ"စသည် လာသည်နှင့် အညီ **ဆပဋ္ဌ**ဟု ဋ္ဌသံလျှင်းချိတ်နှင့်ပင် ရေးထားကြောင်းကိုလည်း တွေ့ရပြန်၏၊ ထိုပြင် ယနေ့ အခေါ် ပုတောမြို့၊ ရှေးအခေါ် ဇောင်းလျှားကျွန်း ထိုထက်အရင် **ဆပဒဂါမ**ဟု ခေါ်သည့်ရွာကို ပိုင်သော ပုသိမ် ၃၂-မြို့ မြို့သူကြီး၏သား ဖြစ်သောကြောင့် ရွာအမည်ကို စွဲ၍ **ဆပဒ သာမဏေ** ဟု ခေါ်ဝေါ်ကြောင်း ကိုလည်း အဆိုရှိပြန်၏၊ ပညာရှိများ ညှိနှိုင်းယူဆကြရန်ပင်။

(ဃ) သက္ကရာဇ် ၆၂၅-ခုနှစ် နောက်ပိုင်းတွင်ပုသိမ်၃၂-မြို့သခင် သမုဒ္ဒဃောသနှင့် ဥမ္မာဒန္တီတို့လက်ထက်၌ မြန်မာပြည်နှင့် သီဟိုဠ်ရဟန္တာအသျှင်မြတ်များရော လူဒါယကာများပါ ဥဒဟိုကူးခတ်သွားလာ သာသနာတော်အရောင်တောက် ပြောင်ယှက်ကူးစေခဲ့ခြင်း။

(င) သက္ကရာဇ် ၇၉၁-ခုနှစ် အင်းဝနန်းစံ သတိုးမင်းဖျား အမည်ခံ (မြန်မာ ရာဇဝင်၌ မိုးညှင်းသတိုး ဆိုသည်)

## ၃—ပုသိမ်မြို့ကို နိဗ္ဗာန်ကူးတို့ဆိပ်ဟု အမှတ်ပြုကြပုံ

မိုးညှင်းမင်းတရားကြီး လက်ထက်တွင် သီဟိုဠ်ကျွန်းမှ **အသျှင်သီရိသုဓမ္မရာဇာဓိပတိ** နှင့် **အသျှင်သီရိသီဟဠ မဟာသာမိ** အသျှင်နှစ်ပါးတို့သည် သရီရဓာတ်တော်စစ် ၅-ဆူနှင့်တကွ ပုသိမ်မြို့သို့ သင်္ဘောတော်ကြီး ဖြင့် ကြွလာတော်မူခြင်း (ပုသိမ်မြို့မင်း ဗညားရံ* က သရေခေတ္တရာထိ လိုက်ပို့သည် ဟူ၏။)

ထိုဓာတ်တော်များကို မိုးညှင်းမင်းတရားကြီး ကိုယ်တိုင် မိဖုရား မောင်းမမိဿံ မှူးတော်မတ်တော်အပေါင်း ခြံရံလျက် ရွှေဖောင်တော်ဖြင့် ကြိုဆိုပင့်ဆောင်၍ အင်းဝသို့ ဆိုက်ရောက် တော်မူလျှင် မြေလျှင်ပွဲတင်ထပ်မျှ လှုပ်လေရာ သာသနာတော် ရှည်မြင့်စွာ ထွန်းလင်း စည်ပင်မည်ဟု မင်းတရားကြီးကိုယ်တိုင် နိမိတ်ဘတ်တော်မူ၍ သက္ကရာဇ် ၇၉၂-ခုတွင် ထိုဓာတ်တော် ငါးဆူကို ဥပနာကာ **ရတနာစေတီ**ဟု ဘွဲ့တော်ချီစေလျက် စစ်ကိုင်းမြို့အနောက်ဘက်တွင် စေတီတည်ထား ကိုးကွယ်တော်မူ လေသည်၊ ဆင်ရုပ်အများ ရံသောကြောင့် **ဆင်များရှင်**ဟုလည်း ထင်ရှားလျက်ရှိ၏။

**မှတ်သားဘွယ်** (က) မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၀၀ ခုနှစ်တွင် ၇၉၇-နှစ်ကို ဖြို၍ ၂-ခု ကြွင်း ထားသည်၊ သို့ရာတွင် သက္ကရာဇ်မပြို့လေ။

(ခ) အလားတူပင် သရေခေတ္တရာ ပြည် ဒွတ္တဘောင်ဆက်အဆုံးဖြစ်သောသီရိရာဇ်

---

* ဗညားအိန်ဟုလည်း တွေ့ရသည်။

မင်းလက်ထက် သာသနာ သက္ကရာဇ် ၄၃၃-
ခုနှစ်တွင် သက္ကရာဇ် ဖြိုသည်၊ မပြိုလေ။

(၈) တဖန် ပဲခူးမြို့ငယ်မည် **မင်တန်** ရှင်ဘွဲ့ **ဦးဓမ္မဓရ** ပိဋကတ် သုံးပုံကိုဆောင်၍ ပညာ တတ်လှသောကြောင့် **ဓမ္မစေတီ** နောင်ဘုရင်ဖြစ်လာသောအခါ **ရာမာဓိပတိ** ဘွဲ့တော် ရသော ဓမ္မစေတီမင်းသည် မဇ္ဈိမတွင် ဗုဒ္ဓသာသနာတော် အခြေအနေ စုံစမ်းရေးအတွက် သက္ကရာဇ် ၈၃၄-ခုနှစ်၊ ဝါခေါင်လဆန်း ၃ရက်နေ့တွင်တကြိမ်၊တဖန်ဥပသမ္ပဒကံ ယုံမှား မရှိအောင် သိမ် အဆုံး အဖြတ် စင်ကြယ်ရေး အတွက် သီဟိုဠ်ကျွန်းသို့ သက္ကရာဇ် ၈၃၇-ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၁-ရက်နေ့ နှင့် ၁၂-ရက်နေ့များတွင် စိတြဒူတနှင့် ရာမဒူတ မည်သော သင်္ဘော နှစ်စင်းနှင့် တကြိမ် ပုသိမ်မြို့ဆိပ်ကမ်းမှ သင်္ဘောလွှင့်စေခဲ့ဘူးခြင်း၊ ထို့ကြောင့် နိဗ္ဗာန်ကူးတို့ဆိပ်ဟု အမှတ်ပြုခဲ့ကြ၏။

**မှတ်ချက်** (၁) သာသနာရေးတွင်သာမက ကုန်သွယ်မှုအရေး အတွက်လည်း သက္ကရာဇ် ၈၀၀-ခုနှစ်ဆီလောက် တွင် ရန်ကုန်ဆိပ်ကမ်း မရှိသေးသဖြင့် ပဲခူး, ဟံသာဝတီထိ အတွက်ပါ သင်္ဘောဆိပ်ကမ်း ဖြစ်ခဲ့ကြောင်းကို ပဲခူးရောက် အနောက် တိုင်း သား(Caesar Frederike)ဆီဆာ ဖရက်ဒရစ် မှတ်တမ်းတွင် တွေ့ရသည်။

(၂) အလောင်းစည်သူ မင်းသည်လည်း ပင်လယ် ရပ်ခြား တိုင်းပြည်နယ်ပယ်များကို လှေဖေါင်

တော်ဖြင့် လှည့်လည်ရာတွင် ပုသိမ်သဘော်
ဆိပ်မှပင် ထွက်ကြောင်း ရာဇဝင်အရသိရ၏။

## ၄—ပုသိမ် ၃၂-မြို့

ပုသိမ်မြို့နှင့် အရံမြို့ပေါင်း သုံးဆယ့်တမြို့ ဖြစ်သည်။

**နယ်နိမိတ်**မှာ အရှေ့ကို ဇရုံ၊ တောင်စွန် အာလိန်၊ အနောက်ကို မိုဃ်းတိမ်ပြင်ရွာတိုင်၊ မြောက်ကို ကျန်ကင်းပရှင့်ချောင်းထိ ဖြစ်သည် ဟူ၏။

### တနည်း

သက္ကရာဇ် ၁၁၄၃-ခုနှစ်မှ ၁၁၈၁-ခုနှစ်အထိ အုပ်စိုးခဲ့သော (အလောင်း မင်းတရား ကြီး၏ စတုတ္ထ သားတော်) (အင်းဝ အမရပူရစံ) ဘိုးတော်ဦးဝိုင်းလက်ထက် ၁၁၄၅-ခုနှစ် **စစ်တမ်း** ကောက်ယူရာတွင် ပုသိမ်မြို့ သူကြီး ဦးချမ်းမြ (င-ချမ်းမြ) သောကြာသား (နံ-၆) အသက် ၂၂-နှစ်၏ လျှောက်တင်သော **စစ်တမ်း** ပုရပိုက်မူတွင်—

| | |
|---|---|
| အရှေ့အလား | ရောဝတီမြစ်လယ်ကြော၊ |
| တောင်အလား | ပင်လယ်၊ |
| အနောက်ဘက် | နဂရစ်တောင်ရိုးထိ၊ |
| မြောက်အလား | ဖါးတရှည်နယ်ဟုဆို၏။ |

**မှတ်ချက်** (၁) အခေါ်အဝေါ် ကွဲခြားသော်လည်း သဘောသွား အတူတူပင် ဖြစ်ဟန်ရှိသည်။

(၂) **စစ်တမ်း** ဆိုသော စကားမှာ ဒုတိယ အင်းဝ ခေတ် ၉၉၀-ခုနှစ်မှ ၁၀၁၀-ခုနှစ် အထိ

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

အုပ်စိုးခဲ့သော **သာလွန်မင်း** လက်ထက်တွင် တိုင်းနိုင်ငံ အကျယ်အဝန်း လူနေ အိမ်ခြေ သီးနှံအထွက် အခွန်အကောက်အုပ်ချုပ်ပုံစံနစ် တို့ကို စာရင်း အသေအချာ ကောက်ယူခြင်းဖြစ်သည်၊ ထိုစစ်တမ်းမှာ ပဌမ အကြိမ်ဖြစ်သည်၊ ယခု ၁၁၄၅-ခုနှစ် စစ်တမ်းမှာ ဒုတိယ အကြိမ်ဖြစ်သည်။

### အရံမြို့များ

### ရွှေတိုက်တော်စာရင်းအတိုင်း

| ရှေးအခေါ် | ယခုခေတ်အခေါ် |
|---|---|
| ၁။ ကျိုက်စတည်မြို့ | ဟိုင်းကြီး၊ |
| ၂။ ကျိုက်သရဲမြို့ | မော်တင်၊ |
| ၃။ ကျိုက်ခရံမြို့ | ဘုရားလှကျုံကူး၊ |
| ၄။ ကျိုက်ထူပါရုံကမ်းဖြူမြို့ | မြစ်တရာ၊ |
| ၅။ ကျိုက်ဇလတာမော်မြို့ | သမံဒေဝကျောက်သအော် |
| ၆။ ကျိုက်ပဒေါမြို့ | ပန်းမမြစ်တာ-ပန်းမဝတီ၊ |
| ၇။ ကျိုက်အမွန်မြို့ | ဆိပ်ကြီး၊ |
| ၈။ ကျိုက်ဝှန်မြို့ | ကျုံတုံး ကံကြီး၊ |
| ၉။ ကျိုက်ဇလဲထော် | မြောင်းမြမြို့ဟောင်းရာ၊ |
| ၁၀။ ဆိပ်ကြီး | မြောင်းမြ၊ |
| ၁၁။ ကျိုက်မိမြို့ | သစ်ရောင်းချောင်း၊ |
| ၁၂။ ကျိုက်ခေါမြို့ | တကောင်း၊ |

# အရံမြို့များ

| | | |
|---|---|---|
| ၁၃။ | ကျိုက်ပိ ကျုံတရော် | ကျုံပျော်၊ |
| ၁၄။ | ကျိုက်မော်ဓေါ်ထလျော် | ထောင်လုံ၊ |
| ၁၅။ | ကျိုက်သထောမြို့ | ရေကြည်ပန်းတော၊ |
| ၁၆။ | ကျိုက်ပတည် | သာရဝေါမြို့ မြို့ကွင်း (ဟင်္သာတ) |
| ၁၇။ | ဘုရားကြီးသံသေတံခွန်မြို့ | ဒံဘီ၊ |
| ၁၈။ | ကျိုက်တုံလုံထောမြို့ ကျန်ကင်းပရှင့်ချောင်း တရုပ်မော်မြို့ထိ | မြန်အောင်၊ |
| ၁၉။ | ကျိုက်ပြိုတောင်မြို့ | ကျိုက်ထော်(အင်္ဂပူ-အုတ်ဖို) |
| ၂၀။ | ကျိုက်ငူသုနန္ဒမြို့ | မန်းကြာ၊ |
| ၂၁။ | ကျိုက်တောင်တော်မြို့ | ပန်းတောကြီး(၄-မျက်နှာ) |
| ၂၂။ | ကျိုက်မင်းပတောမြို့ | ကျောက်ချောင်းကလေး (သီဒါ) |
| ၂၃ | ကျိုက်အဝှန်ကျုံတုံးမြို့ | ဘိုးတော်ဘုရားကြီး၊ |
| ၂၄။ | ကျိုက်ခရံဂဟောန်မြို့ | ခေနံ၊ |
| ၂၅။ | ကျိုက်သတောမြို့ | ခသောဒရှာ (ဘုရားကုန်း) |
| ၂၆။ | ကျိုက်ခတော်တုံမြို့ | ထန်းဘူး၊ |
| ၂၇။ | ကျိုက်ခရံထော် ကျိုက်ဖြူမြို့ | သိမ်ချောင်း (သာပေါင်းကညင်ချောင်း) |
| ၂၈။ | ကျိုက်နံကလံတနပဝေါရိမြို့(ကျိုက်တံတလံတဝေါမြို့လည်းခေါ်သည်) | ကျောက်ချောင်းကြီး၊ |

၂၉။ ကျိုက်တည်မုဋ္ဌော
သမြင်တုံးမြို့ — ပန်းတနော်၊

၃၀။ ကျိုက်သလွန်မွန်
ဒေါင်းဖြူမြို့ — ဓနုဖြူမြို့၊

၃၁။ ကျိုက်အနန္ဒပူရမြို့ — ညောင်ပင်ရွာ-ဇရွှံ့တို့
ဖြစ်ကြ၏။

ယနေ့ ပုသိမ်ခရိုင်တခုလုံး ဟင်္သာတခရိုင်တခုလုံးနှင့် မြောင်းမြနှင့် မအူပင်ခရိုင်များမှ အချို့ပါဝင်နေကြောင်း တွေ့ရ၏။

## ၅—ပုသိမ်မြို့ကို အင်္ဂလိပ်တို့ တိုက်ခိုက် သိမ်းပိုက်ခြင်း

အင်္ဂလိပ် မြန်မာ ဒုတိယ အရေးတော်ပုံ ခေတ် ဖြစ်သော ခရစ် သက္ကရာဇ် ၁၈၅၂-ခုနှစ် ဧပြီလ ၁၄-ရက်နေ့ (မြန်မာ သက္ကရာဇ် ၁၂၁၄-ခုနှစ် တန်ခူး လပြည့်ကျော် ၁၃-ရက်)တွင် ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ ရကြပြီးနောက် စစ်ဗိုလ်ကြီး ဂေါ့ဒွင် ကွပ်ကဲသော ဥရောပ စစ်သည်တော် ၈၀၀၊ မြေကတုတ်ဆိုင်ရာ စစ်သားအချို့, အမြောက်တပ်ဆိုင်ရာ စစ်သားအချို့, သင်္ဘော စီး သူရဲ အချို့နှင့် ရေကြောင်း ဗိုလ်ကြီး လန်ဘတ်သည် သင်္ဘော ၈-စင်း သမ္ဗာန် ၃၀-ကျော် ၄၀-ခန့်နှင့် မေလ ၁၈ ရက်နေ့ ညနေဘက် မော်တင်စွန်းတွင် ကျောက်ချ ရပ်နား၍ နောက်နေ့ (၁၉-ရက်နေ့) နံနက်တွင် ပုသိမ်ကို ချီတက်ရာ ကမ်းနှစ်ဘက်ရှိ သစ်တပ်များက အပြင်းအထန် မခုခံသဖြင့် ၎င်း ၁၉-ရက်နေ့ ညနေပင် ပုသိမ်သို့ ဆိုက်ရောက် လေသည်။



မြောက်မုခ်အသစ်   မုခ်ဦးတန်ဆောင်း
(အလှူရှင်ဂေါပကလူကြီးများမှာ)
ဦးသန်း၊ ဦးစံရွှေ၊ ဦးဘကြွား၊ ဦးဖထော်၊ ဦးဘဝင်း၊
ဦးညွန့်၊ ဦးဘအုန်း၊ ဦးထွန်းမောင်၊ ဦးမြဘူ၊ ဦးအုံးရွှေ၊
(မုခ်လယ်ဒါယကာများမှာ)
သဘော်ာများပိုင်ရှင် ဦးဘစိန်-ဒေါ်မမလေးနှင့်
သားသမီးများ။

## ၅—ပုသိမ်မြို့ကိုအင်္ဂလိပ်တို့တိုက်ခိုက်သိမ်းပိုက်ခြင်း

ထိုအခါ ပုသိမ်မြို့တွင်လည်း ပုသိမ်ကြောင်းချီ ဗိုလ်မှူး ပုသိမ်မြို့ဝန် သတိုးမင်းကြီး မဟာမင်းခေါင် အုပ်ချုပ် ကွပ်ကဲသော တပ် ၁၄ တပ်ဖြင့် ပုသိမ်မြို့ဝန်းကျင်၌ တပ်ပြု၍ ခုခံရန် အသင့်ရှိနှင့်ကြ၏။

ရွှေမုဋ္ဌော ဘုရား၌လည်း အုန်းပင် ထန်းပင်များ ကို ခုတ်၍ တပ်တိုင်ပြုလုပ် ကာရံ ပြီးလျှင် ရွှေကျင်မင်းကြီး၏သားများဖြစ်ကြသော မောင်ကြီး, မောင်ငယ် တို့က ဗိုလ်ပြုလုပ်၍ ဘုရားရာဟုထောင့်မှ အမြောက်ကြီး ၃-ခု တင်ကာ ပြင်ဆင်စောင့်ရှောက်လျက် ရှိကြ၏၊ ဘုရားအနီး ဘုန်းကြီးဗိုလ်ခ၏ တပ်မှာ တိုက်ပွဲတွင် အခုခံဆုံး တပ်ဖြစ်သည်ဟုဆိုကြ၏။

အင်္ဂလိပ်တို့လည်း ရတ်ခြည်း တက်လာပြီးလျှင် စစ်ဗိုလ် အိရ်ရင်တန် ကွပ်ကဲသော ခြေလျင်တပ် ၅၁-နံပါတ် တပ်ဖြင့် အတင်းတိုက်ခိုက်၍ ရွှေမုဋ္ဌောကုန်းတော်ကို ရလေသည်။

၎င်းနောက် မြန်မာဘက်မှ တပ်ပေါင်း များစွာနှင့် ၃-ရက်တိုင် ခုခံတိုက်ခိုက်နေသည့်အတွင်း စပါယ်ရှိ ပွဲနင်း မောင်ရွှေဗိုအုပ်စု လူ ၃၀၀-ကျော်နှင့် ထွက်သွားပြီးလျှင် အင်္ဂလိပ်တို့ထံ လက်မှတ်ခံယူ မြို့ဝန် အရာနှင့် အသီးသီး ကျေးရွာ များကို လက်မှတ်ပေး၍ ခုခံတိုက်ခိုက်သည်။

အင်္ဂလိပ်ဘက်က ၃၀၀-ကျော် ကျသော်လည်း ရှပ်ရှပ်ခွဲခွဲ ဒေါသစ်၍ တက်လာပြီးလျှင် မြန်မာတပ်များကို ဗုံး၊ အမြောက် လောင်မီးများဖြင့် ပစ်ခတ်သောကြောင့် တပ်ကျိုးပေါက်၍ မြန်မာဘက်မှ ၂၀၀-ကျော် ကျဆုံးတပ်ပျက်ပြီး မြို့ကို လက်လွှတ်လိုက်ရလေသည်။

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

ထိုနေ့ကား မေလ ၂၃-ရက် နယုန်လဆန်း ၈-ရက်နေ့ ဖြစ်သည်။ စစ်ဗိုလ်ကြီး ဂေါဒွင်မှာ မေလ ၂၄ ရက်နေ့တွင် ရန်ကုန်သို့ ပြန်လေသည်။ ဤတိုက်ပွဲတွင် အင်္ဂလိပ် စစ်သား တို့သည် ရွှေမုဋ္ဌောစေတီတော်ကြီးအား သေနတ်စသည်တို့ဖြင့် ပစ်ခတ်ရာ မိုးမကျူးဟုဆိုသည်။ သို့မိုးမကျူးသည့်အတွက် ၎င်းတို့၏လက်မောင်းတွင် ရွှေမုဋ္ဌောစေတီပုံတော်ကိုဆေးထိုးကြသည်ဆိုသည်။ ဆေးနီထိုးဆရာ ဦးရွှေအုပ်ဆိုသူမှာ တရုပ်လျှင် ၁-ကျပ်နှုန်းဖြင့် ထိုးပေး၍ ငွေငါးရာမျှပင် ရသည်ဟူသတတ်။

## ၆—ပုသိမ်မြို့၏ ဘူမိနက်သန်မှန်ပုံ

ဤကဲ့သို့ ဗြိတိသျှတို့ တိုက်ခိုက်သိမ်းပိုက်ပြီးနောက်-ပုသိမ်မြို့၏ အနေအထားမှာ ပင်လယ်ဝမှ ၇၅-မိုင်ခန့် ကွာဝေးရာ ကုန်းတွင်းဒေသတွင် တည်ရှိနေခြင်းဖြင့် စစ်ရေးစစ်ရာအရ၎င်း၊ တနင်္သာရီ ရခိုင် အိန္ဒိယနယ်ပယ်များဖြင့် ကူးသန်းသွားလာရေးတွင်သော်၎င်း၊ အဆင်မပြေဟု ယူဆကြသည့်အလျောက် ပုသိမ်မြစ်ဝအနီးဟိုင်းကြီးကျွန်းအနောက်မြောက်ဘက်ယွန်းယွန်း မြစ်၏အနောက်ဘက် ကမ်းခြေတွင် မြို့သစ်တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ပြီး စတင်တည်ဆောက်ခဲ့လေသည်၊ မြို့သစ်အမည်ကိုပင် ထိုအခိုက်၌ အိန္ဒိယဘုရင်ခံချုပ်ဖြစ်သော လော့(ဒ)ဒါလဟိုဇီ၏ အမည်ကိုစွဲ၍ ဒါလဟိုဇီမြို့ဟု ခေါ်ဝေါ်သမုတ်ရန် ကြံတင်ရာထားပြီးဖြစ်လေသည်။ သို့လင့်ကစား မြို့သစ်တည်ဆောက်ရေးလုပ်ငန်း အတော်ပင် ခရီးရောက်ပြီ ဖြစ်နေသည့် နှစ်နှစ်ကျော်လောက်၏ နေ့တနေ့တွင် လေဆင်နှာမောင်း တိုက်ခတ်ဖျက်ဆီး လိုက်သဖြင့် မြို့သစ်

## ၆—ပုသိမ်မြို့၏ဘုမ္မိနက်သန်မှန်ပုံ

ဆက်လက်ဆောက်လုပ်ရေးကိုလုံးဝစွန့်လွှတ်လက်လျှော့လိုက်ရပြီး ပုသိမ်မြို့မှာပင် အခြေစိုက်ရန် ဆုံးဖြတ်ခဲ့ကြရဘူးလေသည်။

ထိုမြို့သစ်နေရာတွင် မြို့ပျက်အဆောက်အဦးဟောင်း များကို ယနေ့အထိ တွေ့နိုင်ပေသည်။ ထို့ပြင် ပင်လယ်ဝမှ ပုသိမ်မြို့သို့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာရာ ရေကြောင်းတွင် ထိုမြို့သစ်နေရာတည့်တည့်၌ ဒါလဟိုဇီပွိုင့်ဟု ယနေ့အထိ ရေကြောင်းဌာနမှ မှည့်ခေါ် သုံးစွဲလျက် ရှိနေသည်ကို တွေ့နိုင်ပေသည်။

**မှတ်ချက်။** ။အင်္ဂလိပ်တို့သည်ခရစ်၁၆၈၇(မြန်မာ၁၀၄၈) ခုနှစ်ကပင် ဟိုင်းကြီးကျွန်း၌ ခြေကုတ်ရရန် ကြိုးစားခဲ့ပုံ၊ တဖန် ခရစ်၁၇၅၇(မြန်မာ ၁၁၁၈) ခုနှစ်တွင် အလောင်းမင်းတရားကြီးနှင့် ချုပ်ဆိုသော စာချုပ်အရဆောက်လုပ်ခဲ့သည့်ယနေ့အထိ တွေ့ရှိနိုင်သော ခံတပ် အဆောက်အဦး ဟောင်း များဖြင့် အခိုင်အမာအခြေစိုက်ရန်ကြိုးစားခဲ့ပုံနှင့် ခရစ် ၁၈၂၄—၂၅-ခုနှစ်အင်္ဂလိပ်-မြန်မာ ပဌမ အရေးတော်ပုံအတွင်း ထိုနေရာတဝိုက်ကိုထိပါး လာခဲ့ပုံတို့မှာ ဤဒေသ တဝိုက်ကို အစ ကနဦး ကပင် မျက်စေ့ကျထား ခဲ့ပြီး ဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုအခိုက်တွင် ဒုတိယအရေးတော်ပုံကြီးအပြီး၌ ဗြိတိသျှတို့ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သမျှဖြစ်သော ပုသိမ် ၃၂-မြို့အပါအဝင် ဖြစ်သည့် နယ်ပယ် အားလုံးကို ပဲခူးဒိဗိဇံနယ်ဟု သတ်မှတ်ကာ၊

ဝန်ရှင်တော်မင်းကြီးတဦး ခန့်အပ်၍၊ ရန်ကုန်မြို့တွင် ရုံးစိုက် အုပ်ချုပ်စေခဲ့ရာ ပုသိမ်မြို့အဖို့မှာ ပဲခူးဒီဗီဇံနယ်အတွင်း ရှေးအခေါ် အရေးပိုင်၊ယခုအခေါ် ခရိုင်ဝန်ရုံးစိုက်ရာ—ရှေးအခေါ် ဒိစကြိတ်၊ သို့မဟုတ်—စီရင်စုနယ်—ယခုအခေါ် ခရိုင်တခု၏ မြို့မ အဖြစ်ဖြင့် သာ ရပ်တည်ခဲ့ရလေသည်။ ပဲခူးဒီဗီဇံနယ်၏ ပဌမဆုံးဝန်ရှင်တော် မင်းကြီးမှာ (Captain Phayre) 'ကက်(ပ)တိန် ဖေယာ' ဖြစ်ခဲ့လေသည်။

ပဲခူးဒီဗီဇံနယ်မှာ ပဌမအရေးတော်ပုံ အပြီးတွင် ဗြိတိသျှတို့ သိမ်းပိုက်အုပ်ချုပ်လျက်ရှိသော ရခိုင်နှင့် တနင်္သာရီဒီဗီဇံနယ်များ ကဲ့သို့ပင်(East India Company)အီ(စ)အိန္ဒိယကုမ္ပဏီခန့် အတိုင်ပင်ခံသုံးဦး *နှင့် တွဲဘက်အုပ်ချုပ်ရသော အိန္ဒိယ ဘုရင်ခံ ချုပ်က တိုက်ရိုက် အုပ်ချုပ်ခဲ့လေသည်။

သို့လင့်ကစား ၁၈၅၂-ခုနှစ်မှ ၁၈၆၂-ခုနှစ်ထိ ဆယ်နှစ် တာမျှကာလအတွင်း ပဲခူးဒီဗီဇံနယ်၏ လူဦးရေမှာ ၆၃၂၀၀၀-မှ ၁၃၅၁၀၀၀-ထိ တိုးတက် များပြား လာခြင်းနှင့် ဆန်စပါး ရောင်းဝယ်ရေး၏ အလား အလာ များကို ထောက်ရှု သော

---

*။ The Future of Burma by F.B.Leach C.I.E. တွင် အတိုင်ပင်ခံ သုံးဦးဟု ဆိုသည်။ စတုတ္ထမြောက် အတိုင်ပင်ခံ ပုဂ္ဂိုလ်မှာ ဗြိတိသျှ ပါလီမန်မှ ၁၈၃၃-ခုနှစ်တွင် တိုက်ရိုက် ခန့်ထားသော စာပေပညာရှိကြီး Mr. Macaulay (နောင် တွင်) Lord Macaulay ဖြစ်သည်ဆိုသည်။

The Groundwork of British History by G.T. Warner, M.A. & C. H. K. Marten, M.A. တွင် အတိုင်ပင်ခံ လေးဦးဟု ဆိုသည်။

အားဖြင့် ပဲခူးဒိဝိဇံနယ်၏ နောက်ဘက်ခြမ်းကို ဧရာဝတီ ဒိဝိဇံနယ်ဟုခွဲထုတ်၍နယ်သစ်သတ်မှတ်ကာ—ဝန်ရှင်တော်မင်းကြီးသစ်တဦး ခန့်အပ်၍ ပုသိမ်မြို့တွင် စတင်ရုံးစိုက် အုပ်ချုပ်စေခဲ့သည်။ တချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ ရခိုင်၊ဧရာဝတီ၊ပဲခူး၊တနင်္သာရီ ဒိဝိဇံနယ် အားလုံးကိုလည်း အိန္ဒိယဘုရင်ခံချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှုလက်အောက်မှမြန်မာနိုင်ငံဆိုင်ရာဝန်ရှင်တော်မင်းကြီးချုပ် (Chief Commissioner of Burma) လက်အောက်သို့ လွှဲပြောင်းအုပ်ချုပ်စေခဲ့ရာ ပဌမဆုံး ဝန်ရှင်တော်မင်းကြီးချုပ်မှာ ယခင် ကက် (ပ) တိန်-ဖေယာ ယခု ဆာ—အာသာ ဖေယာ (Sir Arthur Phayre)ဖြစ်လေသည်။

ဤကဲ့သို့ လွှဲပြောင်း အုပ်ချုပ်စေခဲ့ခြင်း၏ အကြောင်းရင်းများတွင် အိန္ဒိယမှ တိုက်ရိုက် အုပ်ချုပ်ပုံစနစ်မှာ အလွန်အမင်းကြပ်တည်းစွာ ချုပ်ကိုင် ချယ်လှယ်မှု ရှိခဲ့သဖြင့် ဘုရင်ခံချုပ်နှင့် ပဲခူး ဝန်ရှင်တော် မင်းကြီးတို့၏ အကြား၌ သဘောထား မပြေလည်မှုတစထက်တစ ကြီးထွားကျယ်ပြန့်လာခဲ့ရာ နောက်ဆုံးတွင် လူသိ-ရှင်ကြား ပုံနှိပ်ထုတ်ဝေခဲ့ရလောက်အောင် စိတ်ဝင်စားဘွယ်ဖြစ်ရပ်* သည်လည်း အကြောင်းရင်းတခု ဖြစ်ဘွယ်ရှိသည်ဟု အမှတ်ပြုမိပေသည်။

ထို ၁၈၆၂-ခုနှစ် မှ ၁၈၉၆-ခုနှစ် ဝန်ရှင်တော်မင်းကြီးချုပ် ခေတ်တလျှောက်လုံး။ ။၁၈၉၇-ခုနှစ် မှ ၁၉၂၂-နှစ် ထိ လက်ဖတင် နင် ဂေါ်ဝါနာခေတ် တလျှောက်လုံး။ ။၁၉၂၂-ခုနှစ်မှ ၁၉၄၂-ခုနှစ် ထိ

*။ The Dalhousie - Phayre Correspondence 1852 - 1856 printed in Oxford University Press.

ဂေါ်ဝါနှာဘုရင်ခံခေတ်တလျှောက်လုံး။ ။၁၉၄၂-ခု နှစ်မှ ၁၉၄၅-ခုနှစ်၊ ဇန္နဝါရီ ၃-ရက်ထိဖြစ်သော ဂျပန်စိုးမိုးချိန်နှင့် ဗြိတိသျှတို့ပြန်လည်သိမ်းပိုက်ချိန်တလျှောက်လုံးနှင့် ၁၉၄၈-ခုစ်၊ ဇန္နဝါရီ ၄-ရက်နေ့ မြန်မာ့ လွတ်လပ်ရေး ရချိန်မှ ယနေ့အထိ ခေတ်တလျှောက်လုံးတွင်—

ပုသိမ်မြို့မှာ ရှေးအခေါ် ဒိဝိဇံနယ်-သို့မဟုတ်-ခရိုင် ဝန်ရှင်တော်မင်းကြီး ယခု အခေါ် တိုင်းမင်းကြီး ရုံးစိုက်ရာ အဖြစ်တဆက်တည်း သာယာပြန့်ပြောစွာ ရပ်တည်လျက်ရှိပေသည်။

## ၇။ "မွန်ပုဂံ" ပုသိမ်မြို့

အတိတ်ခေတ်တလျှောက်လုံး တွင်လည်း၊ အစဉ်အဆက် မင်းတို့စံရာ—ရာဇဌာနီ မင်း နေပြည် ဖြစ်ခဲ့ရုံ သာမက၊ ဤရွှေမုဋ္ဌောစေတီတော် အပါအဝင်ဖြစ်သော၊အတွင်းမဋ္ဌောငါးဆူနှင့် တကွ၊ ယနေ့တိုင် ထင်ရှား တည်ရှိလျက်ရှိသည့် သိမ်တော် အချို့ အပါအဝင်—ရဟန္တာ အရှင်မြတ်တို့ သမုတ်အပ်ခဲ့သည့် သိမ်တော်ကြီး ၉-သိမ်၊ မွန်မင်းအဆက်ဆက် ရက်ရော လှသော စေတနာမွန်တို့ဖြင့် တည်ထားကိုးကွယ်ခဲ့ကြသော၊ အထူးပင်မြားမြောင်လှသည့် စေတီတော်-ပုထိုးတော်-ရုပ်ပွါးတော် တို့၏ အရေအတွက်ကို အစဲ့ပြု၍ မှည့်ခေါ် သမုတ် အပ်ခဲ့သည်ဟု ယူဆ ရသော—ယနေ့တိုင် ထင်ရှား ရှိကြသည့် ကိုးသိန်းနှင့် ကိုးသောင်း ရပ်ကွက်ဟောင်းနှစ်ခုနှင့် မြေပေါ် မြေအောက်အနှံ့အပြား၌ ရှေးဟောင်းဘုရားပြို ဘုရားပျက်တို့မှာ "မွန်ပုဂံ—ပုသိမ်မြို့" ဟုပြောစမှတ်ပြုရလောက်အောင် မြားမြောင်လှသော သာသနာ့ အဆောက်အဦး တို့ဖြင့်

## ၇—မွန်ပုဂံ ပုသိမ်မြို့

ဖန်တီးစီရင်တန်ဆာဆင်အပ်သော ဤပုသိမ်မြို့မှာ—ဗုဒ္ဓသာသနာ တော်ကြီး အစဉ် ထာဝရ ထိန်ညီး ထွန်းလင်းရာ — သာသနာ့ အောင်မြေ ကနက်ဗွေ ဖြစ်ခဲ့ကြောင်း ကိုလည်း ကောင်းစွာ ထင်ရှားစေခဲ့ပေသည်။

### မုဋ္ဌောကိုးဆူ

၁။ မုဋ္ဌောကိုးဆူ သမိုင်းအရ ပုသိမ်မြို့မနှင့် ပုသိမ်ခရိုင် အတွင်း အတွင်းငါးဆူ အပြင်လေးဆူ ပေါင်း မုဋ္ဌောကိုးဆူရှိရာ—

**ပုသိမ်မြို့မနှင့် ဆင်ခြေဖုံးတွင် ရှိသော အတွင်းငါးဆူမှာ**

၁။ ရွှေမုဋ္ဌောစေတီတော်။

၂။ မြို့၏တောင်ဘက်တွင် ဘုရားအလောင်းတော် ရှဉ့်မင်း ဖြစ်စဉ် ကျက်စား ဘူးသော နေရာ၌ တည်ထား အပ်သော ရှေးအခေါ် **မင်္ဂလာစေတီ**, ယခု တကောင်းဘုရား လမ်းရှိ **တကောင်းစေတီတော်**။

၃။ မြို့၏ အနောက်တောင် အရပ်တွင် အလောင်းတော် ရွှေသမင်မင်း ဖြစ်စဉ် ပျော်စံ ကျက်စားရာ နေရာ၌ တည်ထား အပ်သော ယနေ့ မဟာဗောဓိလမ်းရှိ **မဟာ ဗောဓိစေတီတော်**။

၄။ မဟာဗောဓိ စေတီတော်၏ တောင်ဘက် အလောင်းတော် ရှဉ့်မင်း ခန္ဓာစဲရာအရပ်ကို အမှတ်တရပြုကာ တည်ထား အပ်သော **သုမင်္ဂလစေတီတော်**, ယနေ့ ရေကြည် ရေ နောက် အရပ်ရှိ **ဆုတောင်းပြည့်စေတီ**။

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

၅။ မြို့၏ အရှေ့တောင် ရှေးခေတ် ကျိုက်ပိမြို့ဟောင်း ယခု သစ်ရောင်းချောင်း အနီး ဘုရားကြီးကုန်း ရွာ၌ အလောင်းတော် ဆင်မင်းဖြစ်၍ ကျက်စားဘူးရာ အရပ်တွင် တည်ထား အပ်သော ရှေးအခေါ် **မဟာစေတီ**၊ ယခုအခေါ် **ဘုရားကြီးကုန်းဘုရားတို့** ဖြစ်ကြပေသည်။

### အပြင်မုဋ္ဌော လေးဆူမှာ

၁။ မြို့၏ အနောက်တောင် ငါးဝံမြစ် အနောက်ဘက် ကွင်းချောင်းကြီး အတွင်း၌ အလောင်းတော် ခိုမင်း ဖြစ်စဉ် ပျော်စံရာ အရပ်၌ တည်ထားသော **သုမနစေတီ**။

၂။ မြို့၏ အနောက်မြောက် ငါးဝံမြစ်၏ အနောက်ဘက် ကမ်း ကျောက်ချောင်းကြီး ရွာတွင် အလောင်းတော် ပုတ်သင်မင်း ဖြစ်စဉ် ပျော်စံရာဌာန၌ တည်ထားသော **ခိပ္ပသဃစေတီ**၊ ယခုခေတ်တွင် **ရွှေပုတ်သင်စေတီ**ဟု ထင်ရှားလျက်ရှိ၏။

၃။ မြို့၏မြောက်ဘက် ၇-မိုင်ခန့်အကွာ ငါးဝံမြစ်နှင့် ထားကချောင်း ဒပေါင်းဆုံရာ၏အနီး ငါးဝံမြစ် အရှေ့ဘက်ကမ်း အလောင်းတော် ကြက်မင်း ဖြစ်စဉ် 'ပျော်စံရာ သာယာမြင့်မောက်သော ကုန်းအထက်တွင် တည်ထားအပ်သော **သီရိဝဍ္ဎစေတီ**၊ ရွှေမြင်တင်ရွာ၏အနီးတွင်ရှိ၍ **ရွှေမြင်တင်ဘုရား**ဟု ခေတ်စားလျက်ရှိ၏။

၄။ မြို့၏ မြောက် ငါးဝံမြစ်တလျှောက် သာပေါင်းမြို့နယ်၏ အထက်ပိုင်း ဘိုးတော်ဘုရားကြီးရွာ ငါးဝံမြစ်အနောက်ဘက် ကမ်းနဖူး အနီးတွင် အလောင်းတော် ကျေးမင်း



မြောက်မုခ် မုခ်ရင်း တန်ဆောင်းတော်
အနောက်ဆောင်ဒါယကာ ဆရာလှိုင်-ဒေါ်စိန်နု
အလယ်ဆောင်ဒါယကာ ဦးရွှေဖြူ—ဒေါ်အေးမယ်
သားသ္မီးတစု
အရှေ့ဆောင်ဒါယကာ ဒေါ်ငွေလေး-ဒေါ်စိန်ကျော့

ဖြစ်စဉ် ပျော်ရွှင်ကျက်စားရာ ဒေသ၌ ခုနစ်နေ့သားတို့ ချမ်းသာရစေကြောင်းဖြင့် ခုနစ်နေ့အမည်ကိုအစွဲပြုကာ **အကျော်ဇေယျပဿထ** ဟု ဘွဲ့တော် ချီးစေလျက် တည်ထားအပ်သော ယနေ့ **ဘိုးတော်ဘုရားကြီး** ဟု အများသမုတ်လျက်ရှိသည့် စေတီတော်တို့ဖြစ်ကြလေသည်။

## ၂—မုဋ္ဌောကိုးဆူသမိုင်း၏ အတ္ထုပ္ပတ္တိ

မန္တလေးမြို့ မန္တလေးတောင် ရသေ့ကြီးဦးခန္တီသည် ၁၂၉၁-ခုနှစ် သီတင်းကျွတ်လ အတွင်း ပုသိမ်မြို့သို့ ကြွရောက် လာစဉ် ရွှေမုဋ္ဌောစေတီတော်တည်ရာ ကုန်းတော်၌ တည်းခိုသီတင်းသုံးခါ တဆယ့်ခုနစ်ရက်မျှ ကာလပတ်လုံး သတ္တဝါ အပေါင်းတို့အား လောကီလောကုတ္တရာ နှစ်ဖြာသော ချမ်းသာ ရကြောင်း လမ်းကောင်းညွှန်ပြ ဓမ္မရေအေး တိုက်ကျွေးနေခိုက်တွင် စေတီတော်ကြီး၌ ကြည်ညိုစိတ် ပသန္န တက်ကြသည့်အဟုန်ဖြင့် စေတီတော်ဆိုင်ရာသမိုင်းကိုရှာဖွေစုံစမ်းရာ၊ ပုသိမ်မြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာရှိ အတွင်းမုဋ္ဌော ငါးဆူတွင် အပါအဝင် ဖြစ်သည့် **မဟာစေတီတော်**တည်ရှိရာ ဘုရားကြီးကုန်းကျေးရွာ ဘုရားကြီးကုန်းဆရာတော်ဘုရားကြီးထံ၌ မုဋ္ဌောကိုးဆူ သမိုင်း ပေစာ မူများ ရှိကြောင်း သတင်းအစ ရသည့်အတိုင်း ဆရာတော်ဘုရားကြီးထံမှ လျှောက်ထား တောင်းပန် လက်ခံရယူပြီးနောက် (မန္တလေးမြို့) အာစရိယဂဏ ပါမောက္ခ ဖြစ်သော ဂိုဏ်းအုပ်ဆရာတော် ဦးဝိမလာစာရ အရှင်သည် စီစဉ်ရေးသားစီကုံး၍ မန္တလေးတောင် ပိဋကတ်တော် ပုံနှိပ်တိုက်၌ စက်တင်ပုံရိုက်၍ ဖြန့်ချီ ဝေငှခဲ့ပြီးနောက် ဆက်ကာ ဆက်ကာ ပုံနှိပ် ဖြန့်ဝေခြင်းဖြင့် ယနေ့အထိ

အသိအမှတ် ပြုထားကြသော "မုဋ္ဌောကိုးဆူ သမိုင်း" ပင် ဖြစ်ပါသည်။

## မြောက်မုခ်အကြောင်း

### ၁—စကားချီး

၁၂၁၄-ခု နယုန်လဆန်း ၈-ရက် (၁၈၅၂-ခုနှစ် မေလ ၂၃-ရက်)နေ့တွင် အင်္ဂလိပ်တို့ ပုသိမ်မြို့ကိုတိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး လပိုင်းလောက် အတွင်းတွင် စေတီတော်ကြီး၏ မြောက်ဘက်၌ အစိုးရရုံးများ ဆောက်လုပ် ဝင်းခတ် ကာရံ သီးခြားထားသည့် အချိန်မှစ၍ စေတီတော်ကြီး၏ မြောက်မုခ်မှာ လုံးဝ ပိတ်ထား ခြင်း ခံခဲ့ရရာ ၁၃၂၂-ခုနှစ် ဝါဆိုလအတွင်းမှ မုခ်သစ်ဆောက် လုပ် ပြီးစီး ဖွင့်လှစ် နိုင်ခဲ့သဖြင့် တရာ့ရှစ်နှစ်မျှ ကာလပတ်လုံး စေတီတော်ကြီးမှာ အရှေ့မုခ်, တောင်မုခ်, အနောက်မုခ် သုံးမုခ် ဖြင့်သာ စမွှယ်တော်မူခဲ့ရလေသည်။

### ၂—မြောက်မုခ်ဖွင့် မင်္ဂလာမော်ကွန်း

**သုံးမည်ဘွဲ့ထူး** — မော်ကွန်း မင်္ဂလာ၊ ကျူးရင့် ဖြာပိမ့်၊
**သုံးခေတ်ကူး** — ကလိင်္ဂါဗောဓိ၊ မည်ရှိဇာတကာ၊ ဒေသ
**ဂုဏ်ထူးပြန့်ပြော** — နာ၌၊ မြတ်စွာဗုဒ္ဓ၊ စောဇိနသည်၊ သုံးဝ
**ရွှေမုဋ္ဌော** — ညွတ်ကွင်း၊ ဝဋ္ဋအတွင်းမှ၊ လွတ်ကင်း
ထွက် မြောက်၊ နို့ဗ္ဗာန် ရောက် ဘို့၊ ချီးမြှောက်သော အား၊ ကိုယ်တော်စားဖြင့်၊ အများဝေနေ၊ ကိုးကွယ်လေဟု၊ မိန့်ချွေသတ်မှတ်၊ ခွင့်ပြုအပ်သည့်၊ လေးရပ် အပြား၊ စေတီများတွင်၊ တပါးအဝင်၊ ဂုဏ်ပေါင်းယင်သည့်၊ သညီ ကျော်စော၊ ရွှေမုဋ္ဌောဟု၊ သုံးလောက ခေတ်၊ ပွဲ့တင်

ခတ်မျှ၊ သကတ်ထင်ပေါ်၊ စေတီတော်သည်၊ အဖောာ်ဝတ၊ ပဌမဦ၊ အသောကရာဇာ၊ ဓမ္မာသီရိ၊ ပါဋလိပုတ်၊ ပြည်ချုပ်အရှင်၊ မင်းဘုရင်က၊ မည်တွင်စေရာ၊ "ရွှေအာဏာ"ဟု၊ ဗြဟ္မာနတ် လူ၊ ဘုံသုံးဆူဦ၊ ဝံ့ပြုကျော်ကြား၊ အကျိုးများအောင်၊ တည်ထား ကိုးကွယ် လေသတည်း။ ။ထိုမှတဖန်၊ ပေါက္ကံရာမ၊ ပြည်သာစွ၏၊ နရိန္ဒ ဟူ၊ လောင်းစည်သူဟု၊ ဇမ္ဗူကျော်ကြား၊ မင်းတရားသည်၊ ဆင့်ပွါးသဒ္ဓါ၊ စေတနာဖြင့်၊ "ထူပါရုဟ"၊ ဘွဲ့မည် သလျက်၊ ဒုတိယမြောက်၊ အံ့ချီး လောက်အောင်၊ ပင့်မြှောက်တည်ထား၊ ကိုးကွယ် ပြန်သတည်း။ ။တတော ထိုမှ၊ တတိယတွင်၊ ကုသိမ-ဟု၊ မည်ထ နဂရာ၊ တိုင်းအောင်ချာကို၊ အာဏာအလုံး၊ သိမ်းကြုံးပိုင်သ၊ ဘွဲ့မည်ရသည့်၊ သမုဒ္ဒဃောသာ၊ ရာဇာ့ ရာဇိန်၊ မင်းနရိန်နှင့်၊ ဒေဝိန် ခေါင်ချာ၊ မယ်ဥမ္မာတို့၊ ဌာပနာသစ်၊ ပွားတိုးလှစ်၍၊ နောက်ခေတ်သာသနာ၊ မွန်ရှည်ကြာအောင်၊ ရည်ဆောင်စိတ်စော၊ "ရွှေမုဋ္ဌော"ဟု၊ ဘွဲ့နှော ချီသ၊ တည်ပြန်ကြရာ၊ တေဇတေဇာ၊ သမ္ဘာဖွံ့ဖြိုး၊ ဘုန်းတော် တိုး၍၊ ဟိုးဟိုးကျော်ခဲ့လေသတည်း။

**မိစ္ဆာလက်တွင်း** ဟိုးဟိုး ကျော်ကြား၊ ရှိခဲ့ငြားလည်း၊
**ကျဆင်းရန်နဲ** ဘုရားမြတ်စွာ၊ သာသနာ၏၊ ဘုန်းဝါ
**အဖြစ်မှဲ့** ရောင်ရှိန်၊ မှေးလောက်ချိန်တွင်၊ ဗြိတိန်
**အသဲနာစရာ** လူမျိုး၊ နွယ်ရိုးအလာ၊ မင်းမိစ္ဆာတို့၊ ဗျူဟာ စုံကျင်း စစ်မက် ခင်း၍၊

တပ်ချင်းထပ်ခါ၊ တိုက်ခိုက်လာသော်၊ အခါကြုံကြိုက်၊ အခိုက်ယူခါ၊ ကိုယ်ကျိုးရှာတို့၊ သစ္စာဖောက်ကျူး၊ ဘက်တော်ကူးခဲ့၊

# ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

တပ်ဦးပြိုကွဲ၊ တပ်ယိုင်လဲသော်၊ မမြဲမမှတာ၊ လောင်းဗုဒ္ဓါ၏၊ ပျော်ရာစံခန်း၊ ရွှေငါးကြင်းနှင့်၊ ဝက်မင်းဖြစ်ရာ၊ ဤကုန်းသာနှင့်၊ မင်္ဂလာနဂရ၊ ကုသိမမှာ၊ ကောဇာ့မည်လစ်၊ သက္ကရာဇ်ကို၊ တွက်စစ်လေဘိ၊ ၈ဂ်၊ ဒ္ဒိ၊ ၈ဂ်၊ စတု၊ ဥတုဂိမ္ဟ၊ ဇေဋ္ဌမာသာ၊ လမှာနယုန်၊ ဆန်းကြိုပက္ခ၊ အဋ္ဌမ ့စွေ၊ ထိုသည့်နေ့၌၊ လျှောရွှေ့ သက်ဆင်း၊ သူ့လက်တွင်းသို့၊အပ်နှင်းရနဲ၊ အဖြစ်မွဲသည်၊ကြေကွဲ ဘွယ်ရာရှိခဲ့သောဝ်။

**ရုံးဝင်းတည်ဆောက်**
**မြောက်မုခ်ပျောက်**
**ကဲမောက်ကျော်ကာ**
**နှစ်တရာ**

အပ်နှင်းပြီးနောက်၊ လပိုင်းလောက်တွင်၊ မြောက် ဥတ္တရာ၊ ဤကုန်းသာ၏၊ဝတ္ထုကာတွင်း၊မြေအခင်း၌၊ စိုးမင်းရာဇာ၊ မျိုးမိစ္ဆာတို့၊ ဘာသာအမှု၊ ဂရု မထား၊ မလေးစားဘဲ၊ ငါကားပိုင်လူ၊ ငါဆိုင်သူဟု၊ သိမ်းယူသတ်မှတ်၊ ရုံးဝင်းခတ်ရာ၊ မြောက်ရပ် ဒိသာ၊ ဥတ္တရာ၏၊ ပဿာမုခ၊ မြောက်မုခ်ဝမှာ၊ ဆုံးကျ တိမ်ကော၊ ပျောက်ကွယ် လျှောသည်၊ နှစ်ကျော ကြာကြာရှည်ခဲ့သောဝ်။

**မြန်မာချင်းချင်း**
**မြန်မာမင်းမင့်**
**လိုချင်းမရ**
**လက်မှိုင်ချ**

နှစ်ကျော ကြာကြာ၊ ရှည်ခဲ့ ရှာ၍၊ ရာပြည့်မရောက်၊နှစ်ပိုင်းလောက်တွင်၊ ကံထောက်ကူဖေး၊ လွတ်လပ်ရေးရ၊ ဤကာလဝယ်၊မြန်မာ့အခင်း၊မြန်မာ ချင်းမို့၊ မင်းရော ပြည်သူ၊ ညီတူ စိတ်ထား၊ ရှိသော်ငြားလည်း၊ တံခါးမြောက်မုခ်၊ ဖောက်လုပ် အရေး၊ ခွင့်ပေးဘို့ရန်၊ လျှောက် တောင်းဗန် သော်၊ မဟာန်



လဘက်ခြောက်ကုန်သည်ကြီး
ဦးကျင်တင်–ဒေါ်ကျင်မှိန်နှင့် ညီများ ညီမနှင့် တူ,တူမများ
ကောင်းမှု။

ပျက်ကွက်၊ အကြံခက်၍၊ ဆက်ဆက်ဘဏ္ဍာ၊ ဝေါပကာတို့၊
လိုရာမရ၊ လက်မှိုင်ချသည်၊ နှစ်လ အတော် ညော်င်းခဲ့သော်။

**အားသစ်ညီညာ**
**ကြိုးပမ်းရာ**
**လိုတာပြည့်ဝ**
**အောင်ပွဲရ**

ဤသို့ နှင်နှင်၊ ရှိတုံ လျှင်လည်း၊
ကောင်းကင် တမွတ်၊ မဆွတ်လွယ်
သား၊ ကြယ်မို့လားဟု၊ တက်ကြွား
စိတ်ကြွ၊ ဝေါပကသစ်၊ ဤတခေတ်၌၊
အားစစ် ဖြည့်သွင်း၊ ရွက်စုံကျင်း၍၊

တက်ခင်းညီညီ၊ လော့်ကြသည်တွင်၊ ကြည့်ရှင်သဒ္ဒါ၊ စေတနာ အရ၊ အကျိုးပြထင့်၊ စိုးရမင်းပိုင်း၊ ဆုတ်မဆိုင်းဘဲ၊ တောင်းတိုင်း လိုက်လျော၊ သဘောဖြူစင်၊ ကူကြအင်ကို၊ လူရှင်ရဟန်း၊ သိစေငြိမ်းဘို့၊ တခဏ်းကဏ္ဍာ၊ ဖေါ်ထုတ်ရလျှင်၊ ဌာနသာသနာ၊ နာယကာဦးစီး၊ ဝန်ကြီးအဖြစ်၊ ဘုန်းသစ်ပြန့်ပြော၊ ဦးဘခေစော အား၊ ရွှေရောနှောက်ကြောင်း၊ ပြန်ပြောင်းကုန်စင်၊ ရာဇဝင်နှင့်၊ အထင်ကရ၊ တင်ခါ ပြသော်၊ မတွ မဆိုင်း၊ လျှောက်တိုင်း ရစေ၊ မိန့်ခွန်းချွေခဲ့၊ ဌာနေ မင်းမင်း၊ အချင်း ချင်း လည်း၊ ကူးခင်းပြန်လှန်၊ ဆောင်ရွက်ရန်တွင်၊ အတန်ခရီး၊ ရောက်ခဲ့ ပြီး၌၊ ခရီးကြုံကြိုက်၊ အောင်ချိန်ဆိုက်ထင့်၊ အလိုက်သင့်စွာ၊ ဖြစ်ပေါ်ရာဝယ်၊ မဟာအဂ္ဂ၊ အမစ္စဟု၊ ကမ္ဘာ့မျက်ရှု၊ ဦးနု သမုတ်၊ ဝန်ကြီး ချုပ် သည်၊ မယုတ်လုံ့လ၊ ပြည်မတဝှမ်း၊ တိုင်းခမ်းလှည့်ကြွ၊ ထိုကာလ၌၊ ဆန္ဒအပေါင်း၊ ထပ်လောင်း တင်ပြ၊ တောင်းပန်ကြလျှင်၊ ဝေါပကအသင်း၊ လူကြီးမင်းတို့၊ ချက်ချင်းဘိတ်ခေါ်၊ (ပြည်ထောင်စု)သဘောပေါ်၌၊ ဆင့်ခေါ် ရောက်အပ်၊ ပရိသတ်မင်း၊ ဗိုလ်ပုံ တွင်း တွင်၊ ထင်လင်း

ပြုတ်သား၊ ရှိစေကြောင်းတို့၊ ရှစ်ပါးအင်္ဂ၊ မြတ်သီလကို၊ သတ္တ,
ရက်ပတ်၊ စောင့်ထိန်းအပ်သော်၊ မြောက်ရပ်ဒိသာ၊ ပမုခါတွက်၊
လိုပါသမျှ၊ အဝဝကို၊ ရကြစေသား၊ အမိန့်ကြားလျှင်၊
စိတ်အားဘက်ကြ၊ ဂေါပကတို့၊ ဟဒယရွှင်အေး၊ ဖင့်မနေးဘဲ၊
ဝန်ပေးလက်ခံ၊ ခွန်းတုံ့ပြန်ရာ၊ ကြွလာသမျှ၊ သဟာယတို့၊
ဖျဖျသောင်းသောင်း၊ ကောင်းချီး နှုံမော်၊ သာဓု ခေါ်ရာ၊
ထိုအခါကား၊ ကောဇာအဖြောင့်၊ ထောင့်သုံးနှစ်ဆယ်၊ မိုဃ်း
လယ်မာသ၊ ဝါခေါင်လ၏၊ ဆန်းတဆယ့်သုံး၊ ရက်အဆုံးဟု၊
ဖွဲ့နှုန်းတင်ပြ၊ မှတ်တမ်းသသည်၊ နောင်လာ့အကျိုး ရှိဘို့သော်။

**သီလရှေ့ဆောင်**
**စာဂမြှောင်**
**ကြံဆောင်သမျှ**
**လိုတိုင်းရ**

ဥပုသ်ဆောင်ဝင်၊ စာဂယင်၍၊ ဓမ္မဥ္ဆရ၊
ပြီးဆုံး ကြသော်၊ သာသန ဒါယကာ၊
မြန်မာ မကာ၊ ကမ္ဘာ ကပင်၊ ဂါရဝမှု၊
အထူးပြုရ၊ ဦးနုသမုတ်၊ ဝန်ကြီးချုပ်၏၊
မိန့်ထုတ် မြွက်ကြား၊ မှာ စကားနှင့်၊
ပြုတ်သားညီစွာ၊ ဆောင်ရွက်ပါဟု၊ မေတ္တာရပ်ငြား၊ အလွှာ
ပါးရာ၊ တိုင်းကား ဧရာဝတီ၊ ဖွဲ့ချီအုပ်စီး၊ တိုင်းမင်းကြီးဟု၊
ဘွဲ့ချီးတင့်လျှမ်း၊ ဦးဘဆန်းနှင့် တခဏ်းမဏ္ဍလ၊ ကုသိမကို၊
စိုးရပိုင်ဆိုင်၊ ခရိုင်ဝန်ဟု၊ ဘွဲ့ပြုတင့်ဆန်း၊ ဦးမောင်မောင်သန်းတို့၊
ရှင်လန်းသဒ္ဓါ၊ ကြည်ဖြူစွာဖြင့်၊ နေရာ မြေခင်း၊ ကိုယ်တိုင်
နှင်း၍၊ အချင်း ၂၄-ပေ၊ အရှည်ငါးရာ၊ ရေိယာရှိ၊ မြေအတိကို၊
ထပ်ဖြည့်ကယ်စွန်း၊ မှုခ်နန်းပြသာဒ်၊ ဆောက် လုပ် အပ်ဘို့၊
နောက်ထပ်အကျယ်၊ ပေနှစ်ဆယ်နှင့်၊ ရှည်ဝယ်တိ သ၊ မြေသီ

## ၂—မြောက်မုခ်ဖွင့် မင်္ဂလာမော်ကွန်း

သကို၊ ဝတ္ထုကြတွင်း၊ လှုသွတ်သွင်းသည်၊ ထွန်းလင်းသာသနာ ရောင်ခြည်တည်း။

**အောင်ကြောင်းမင်္ဂလာ ရတနာပန္နက် ရိုက်နှက်ထူစွဲ ခြိမ့်ခြိမ့်သဲ**

ထွန်းလင်း သာ သနာ၊ ရောင်အဝါကြောင့်၊ ဒိသာ ဥတ္တရ၊ မြောက်မုခကို၊ ဆောက်ရ အရေးလိုသေးမရှိ၊ အပြည့်အဝ၊ အခွင့်ရလျှင်၊ ကျန စေ့ စပ်၊ နက္ခတ်တိထိ၊ ကရဏီယောဂ၊ ဝါရမကျန်၊ ပြန်လှန်စီစစ်၊ အပြစ်စင်ကြောင်း၊ နေ့ကောင်းရက်မြတ်၊ ရွေးချယ်လတ်ဘိ၊ မှတ်သိစေရာ၊ ချိန်အခါကား၊ ကောဇာသက္ကရာဇ် ၁၃၂၀-ခု၊ ဥတုဟေမန္တ၊ လမြတ် နတ်တော်၊ ဆန်းသော် ၇-ရက်၊ နေဝန်းတက်မှ၊ အာဒိစ၍၊ ကေဒသာ၊ ထေရ်မဟာတို့၊ မြေရာသန္တက၊ တွင်းပြင်ပ၌၊ မခဘေးရန်၊ အန္တရာယ်မငြိ၊ ကင်းစင်ဘိ၍ ရှောင်း၊ အောင်စေကြောင်းဖြင့်၊ စုပေါင်းညီညာ၊ ပရိတ္တာမမ္မ၊ ရွတ်ဘတ်ကြ၍၊ လောကပါလာ၊ နတ်ဒေဝါနှင့်၊ ဘုမ္မာပိုင်သ၊ နတ်ထိုမျှကို၊ ပသတိုင်ကြား၊ ကူစေငြား ရှင့်၊ ဆိုးဝါးမိစ္ဆာ၊ ဘုတ်ပြိတ္တာနှင့်၊ ဝေမာတိက၊ ရှိတုံကြလည်း၊ ဖဲကြွစေကြောင်း၊ ခွါလေရှောင်းဟု၊ နတ်မောင်းနတ်နှင်၊ စီအရင်ကို၊ ထည့်ထွင်ပထဝီဇယ၊ ဝိသိဋ္ဌနှင့်၊ ကြီးလှဘုန်းရှိန်၊ စိန္တာမဏိ၊ စသည့်မန္တန်၊ ဂါထာပံ့ကို၊ ဥုံခံရင့်ကျူး၊ မြေတိုင်မှူး၍၊ ဝှဲထူးပြင်းထန်၊ မိန့်တော်ပြန်ရာ၊ နက်သံဘုမ၊ မြေကောင်းရခဲ့၊ သမ္ဘမင်္ဂလာ၊ ယှဉ်အခါ၌၊ ရတနာပန္နက်၊ စိုက်ထူနှက်၍၊ ဘဝဂ်မြော်ညွန်း၊ အောင်စည်ရွမ်းသည်၊ မော်ကွန်းတွင်မည့်နေ့ပေသောဝ်။

(၉၅)

**ထူးဆန်းဝေဆာ**
**ထယ်ဝါခိုင်ဖြိုး**
**မြောက်မုခ်ကြီး**
**အပြီးမြောက်လေပြီ**

ပန္နက်ရတနာ၊ စိုက်ပြီးခါ၌၊ ဂေါပကာ အသင်း၊ လူ ကြီး မင်း ဟု၊ ပုံ့သင်း ဂုဏ်ထူး၊ ပေါင်း ဆယ်ဦးတို့၊ ကဲထူး သဒ္ဓါ၊ စေတနာနှင့်၊ ဝေဖြာ တိုးလစ် ချွေးနဲစာစစ်၊ ဥစ္စာနှစ်ကို၊ ကျစ်လစ် စွာသား၊ ထုပ်မထားဘဲ၊ အနုဂါမိ ရွှေအိုးကို၊ မြေလျှိုးကာ မြှုပ်ထားသို့၊ ဉာဏ်ရှေ့သွားမြော်မြင်၊ စွဲချုပ်သည့် သမ္မာဒိဋ္ဌိနှင့်၊ ဒါနတော်ယင်ပုံမှာ၊ ဝေဟင်ဘုံနန်းပြာသာဒ်နှင့်၊ တင့်အပ်စွာ ဆောက်လုပ်မည့်၊ မြောက်မုခ်ဦး၊ တန် ဆောင်း တော် ကို၊ နှစ်သောင်းကျော်သတ်မှတ်၍၊လှူအပ်သည့်နမူနာမှာ၊သူ့ထက်ငါ အားကျ၊ ရက်ရောစွာ ပေးလှူကြသဖြင့်၊ မုခ်မနှင့် မုခ်လယ်၊ မုခ်ဆွယ်နှင့် မုခ်ဆောင်၊ မုခ်မြောင်နှင့် ဘုံဆင့်၊ သင့်တင့်အောင် အကွက်ချ၍၊ အတွက်ကျစီမံရာ၊ ဘုံပုံတွေတင့်ရှန်း၊ ဘုံစွန်းဇတွေ အထပ်ထပ်နှင့်၊ ပြာသာဒ်တွေ ဝေဆာ၊ သပ်ယပ်လှ ပဒေသာလို၊ ထယ်ထယ်ဝါ ခန့်ညား၊ ဝိသုကြုံနတ်သား၊ ဖန်ဆင်းကာ ထား သကဲ့သို့၊ ငွါးငွါးထီးထီး၊ မြတ်မုနိစေတီတော်ကြီး၏၊ ခိုင်ဖြိုး တေဇ၊ ပသန္နကို၊ ဆထက်မောင်းပြန်၊ တင့်လျှမ်ဝေဖြိုး၊ တိုးတက် တိုးစေသော အားဖြင့်၎င်း၊ အပေါင်းဗိုလ်လူ၊ ဟိန္ဒူတို့၊ ကြည်ဖြူ သဒ္ဓါ၊ စေတနာနှင့်၊ ဗလဝါပြုကြ၊ ကုသလတန်ခိုး၊ ပုညမျိုး အဝဝ၊ မြတ်ဒါနအဖုံဖုံ၊ အစုံစုံဆထက်တိုး၍၊ မဂ်ဖိုလ်မျိုး ချစေ နိုင်သောအားဖြင့်၎င်း၊ ဂုဏ်ပေါင်းစုံ အထပ်ထပ်၊ ကြွယ်ဒြပ်နှင့်၊ မတ်မတ်မားမား၊ ထင်ရှားပေါ်လာ၊ မြောက်မုခ်သာကို၊ကောဇာ တွက်စစ်၊ သက္ကရာဇ်၏၊ ၉၇၃၊ ဒွေ့ဒွါ၊ စကြာမမ္မ၊ သမယဟု၊ ဝေါဟာရမှတ်၊ သမုတ်အပ်သည့်၊ လမြတ်ဝါဆို၊ ဤတခိုဝယ်၊



ကျွားပျံ ဆေးလိပ်ခုံပိုင်ရှင်
ဦးသန်းမောင်-ဒေါ်ကောက်ကောင်းမှု။

## ၂—မြောက်မုခ်ဖွင့်မင်္ဂလာမော်ကွန်း

ကြည်ညိုဘွယ်ရာ၊ အဖြာဖြာနှင့်၊ သာသနာ့ငါးထောင်၊ ကုန်အောင်ရှည်လျား၊ တည်စေသားဟု၊ စိတ်ထားရိုးရင်း၊ နှလုံးသွင်းဖြင့်၊ ဖန်ဆင်းတည်ဆောက်၊ အပြီးရောက်ရာ၊ ဝမ်းမြောက်နှမော်၊ သာဓုခေါ်ဘို့၊ နှိုးဆော်တိုက်တွန်း၊ ရေစက်သွန်းသည်၊ မော်ကွန်းမြောက်မုခ် ရွှေစာတည်း။

**ဘဏ္ဍာတော်ထိန်းဂေါပကလူကြီးမင်းများ**

| | | | |
|---|---|---|---|
| ၁။ | ဦးသန်း | ၆။ | ဦးညွန့် |
| ၂။ | ဦးစံရွှေ | ၇။ | ဦးဘအုန်း |
| ၃။ | ဦးဘကြွား | ၈။ | ဦးမြဘူး |
| ၄။ | ဦးဖထော် | ၉။ | ဦးထွန်းမောင် |
| ၅။ | ဦးဘဝင်း | ၁၀။ | ဦးအုန်းရွှေ |

**သံပိုင်းလင်္ကာ**

**သာသနာ့မွန့်**
**အစွန့်ရှည်ကြောင်း**
**ရည်ညောင်းပတ္ထနာ**
**ညွှန်းဆုဖြာ**

နိဂုံး ပတ္ထနာ၊ ညွှန်းဆု ဖြာအံ့၊ သာသနာ့ငါးထောင်၊ ကုန်အောင် ရှည်လျား၊ တည်စေသား ဟု၊ စိတ်ထားရိုးရင်း၊ နှလုံးသွင်းဖြင့်၊ ဖန်ဆင်းဆောက်လုပ်၊ ဤမြောက်မုခ်၏၊ အတ္ထုပ္ပတ္တိ၊ ကြောင်းစုံဘိကို၊ သိဘို့မြွက်ညွှန်း၊ ဤမော်ကွန်း၌၊ အစွန်းအငြိ၊ မရှိဒေါသ၊ ကင်းစင်ပရန်၊ အရင်းခံဖြင့်၊ သိရန်သိကြောင်း၊ သိစကောင်းကို၊ စုပေါင်းသွဲ့ရုံး၊ ပန်းနှယ်ကုံးသို့၊ ဖွဲ့နှုန်းတင်ပြ၊ ဂေါပကမှာ၊ နတ္ထထင်ရှား၊ ဦးဘကြွားတည်း၊ မမှား မစောင်း၊ ကောင်းထက် ကောင်းအောင်၊

# ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

သပ်လောင်းတည်းဖြင့်၊ သုခ်သင်အပ်ဘို၊ ဆည်းကပ်ပျူငှါ၊ တောင်းပန် ရာတွင်၊ သိက္ခာ ကာမ၊ ကျင့် သီလနှင့်၊ ပြည့်ဝ သုံလောက်၊ မုံသောက်ဇာနည်၊ ခါတော်မီဟု၊ ဂုဏ်ရည်ရှမ်းစို၊ တက္ကသိုလ်တွင်၊ ကြည်ရှင်ရာပိုဃ်၊ တိုက်အုပ်စာချ၊ ဂုဏ်နှစ်ဝဖြင့်၊ သာသနဓဇ၊ သိရိပဝရ၊ ဓမ္မာစရိယ၊ ဗသည်ဘွဲ့ထူး၊ ချီးကျူး နှင်းအပ်၊ နှစ်ကြိမ် ထပ်၍၊ ဆက်ကပ် ခံရာ၊ ထေရ် မဟာဟု၊ ဘွဲ့သာယင်အပ်၊ "ဦးပညာဇောတ" အရှင်မြတ်သည်၊ တည်းဖြင့် သုခ်သင်၊ အဆေးစင်၍၊ ဤတွင်ကမ္ပတ်၊ နိဂုံးသတ်အံ့၊ ထူးမြတ် ပညာ၊ ကုသလာကို၊ အနာဂတဝင်၊ ဥဒါန်း တွင်အောင်၊ မြှော်မြင် ကြံနိုင်း၊ ဥာဏ် ကသိုင်းဖြင့်၊ သံပိုင်း မော်ကွန်း၊ ထုတ်ဖေါ်ညွှန်းသည်၊ တောက်ထွန်းသာသနာ လင်းစေသော်။

၁၃၂၃-ခု ကဆုန်လဆန်း၁၅ -ရက် သောကြာနေ့တွင် မင်္ဂလာ မော်ကွန်း ကျောက်စာစိုက်ထူသည်။

ဦးဘကြွား

ဘုရားတော်ထိန်းဂေါပကအဖွဲ့ဝင်

## စေတီတော်ကြီးအတွက် သမိုင်းတွင်ရစ်မည့် အတွေ့အကြုံကြီးများ

၁။ စေတီတော်ကြီးအား အင်္ဂလိပ်အစိုးရက စောင့်ထိန်းကြောင်း ကြော်ငြာကပ်ခြင်း။

သက္ကရာဇ် ၁၂၇၆-ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၁၄-ခုနှစ်) အတွင်း—

### အတွေ့အကြုံ

စေတီ ပုထိုး ရုပ်ပွါးတော် အစရှိသော ရှေးဟောင်းအဆောက်အဦများကို အင်္ဂလိပ်အစိုးရမင်းများက ကာကွယ်စောင့်ထိန်းနိုင်ရန် ၁၉၀၄-ခုနှစ် အက်ဥပဒေ နံပါတ် ၇-ကို ပြဋ္ဌာန်းခဲ့လေသည်။

ထိုအက်ဥပဒေ ပုဒ်မ (၃) အပိုဒ် (၁) အရ အောက်ဖော်ပြပါ ပုသိမ်မြို့ရှိ စေတီတော်များနှင့် နဂရသာဂီကျွန်း (ယခုအခေါ် ဟိုင်းကြီးကျွန်း)ရှိ အဆောက်အဦဟောင်း တခုကိုပါ စောင့်ထိန်း ကြောင်းကို ၁၉၁၄-ခု စက်တင်ဘာလ ၇-ရက်နေ့စွဲပါ အထွေထွေဌာန အမိန့်တော်ပြန်တမ်း နံပါတ် ၂၆၀-ဖြင့် ပြည်ပိုင်အစိုးရက ကြော်ငြာသည့်အတိုင်း ပုသိမ်မြို့ နယ်ပိုင်ဝန်ထောက်မင်းက ကန့်ကွက်လိုက တလအတွင်း ကန့်ကွက်နိုင်ကြောင်းကို ၎င်းအက်ဥပဒေ ပုဒ်မ (၃) အပိုဒ် (၂) အရ (၂၆-၁၀-၁၄-ခု) နေ့စွဲဖြင့် တဆင့် ထုတ်ဆင့် ကြော်ငြာလေသည်။

ရွှေမုဋ္ဌောမဟာစေတီတော်သမိုင်း

## စေတီတော်များနှင့် အဆောက်အဦမှာ

၁။ ရွှေမုဋ္ဌောစေတီတော် (ရွှေမုဋ္ဌောစေတီ)
၂။ တကောင်းစေတီတော် (မင်္ဂလာစေတီ)
၃။ မဟာဗောဓိစေတီတော် (မဟာဗောဓိစေတီ)
၄။ သစ်ရောင်းချောင်း
စေတီတော် (မဟာစေတီ)
၅။ နဂရသာဂိကျွန်း၊ ယနေ့အခေါ်ဟိုင်းကြီးကျွန်းပေါ်တွင် ရှိသော အိ(စ်) အိန္ဒိယ ကုမ္ပဏီ ဆောက်လုပ်ထားခဲ့သော အဆောက်အဦတို့ဖြစ်ကြလေသည်။

**မှတ်ချက်** ၁— (            ) အတွင်းရှိ အမည်တော် များမှာ-အတွင်းမုဋ္ဌော ငါးဆူပါ အမည်တော်များ ဖြစ်သည်။

**မှတ်ချက်** ၂— နံပါတ် ၅-ပါ အဆောက်အဦမှာ သက္ကရာဇ် ၁၁၁၈-ခုနှစ် (ခရစ် သက္ကရာဇ် ၁၇၅၇-ခုနှစ်) တွင် မြန်အောင်မြို့တွင် စံတော်မူခိုက်၊ အင်္ဂလိပ်တို့နှင့် ချုပ်ဆိုသော စာချုပ်အရ အလောင်းမင်းတရားကြီးက အင်္ဂလိပ်တို့အား အပိုင်ပေးသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦဖြစ်သည်။

အလားတူပင် မြန်မာနိုင်ငံ ဒီဝိဇနယ် ရှစ်ခုစလုံးတွင် ရှိသော ရှေးဟောင်း စေတီတော် ပုထိုးတော် ရုပ်ပွားတော် ဂူ များနှင့် အဆောက် အဦများ ကိုပါ အစိုးရက ထိန်းသိမ်း ကြောင်း ကို အထွေထွေဌာန အမိန့်တော်ပြန်တမ်း အဆင့်ဆင့်ဖြင့် ကြော်ငြာရာတွင်—

## သမိုင်းတွင်ရစ်မည့်အတွေ့အကြုံများ

| | |
|---|---|
| စေတီပုထိုးပေါင်း | ၉၇-ဆူ၊ |
| ဂူ | ၃-လုံး၊ |
| အဆောက်အဦ | ၆-ခု၊ |

စုစုပေါင်း ၁၀၆-ခု ရှိခဲ့ရာ၌—

**မှတ်သားဘွယ် ထူးခြားချက်မှာ-**

(က) ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် အခြား ဘုရားပုထိုး အားလုံး မပါဝင်ခဲ့ခြင်း။

(ခ) မန္တလေးမြို့ရှိ မဟာမြတ်မုနိနှင့်တကွ အခြားဘုရားပုထိုး အားလုံး မပါဝင်ခဲ့ခြင်း။

(ဂ) ပုဂံမြို့မှ ပုဂံမြို့မ"အတွင်းစည်းခုံစေတီ"မှအပ အားလုံး မပါဝင် ခဲ့ခြင်း အတွက် မည်သည့် အကြောင်းပြမျှ မတွေ့ မသိရပေ။

အထက်ပါ ကြော်ငြာစာ ဆွဲကပ်ပြီးသည့် ရက်ပိုင်း အတွင်း ပုသိမ်မြို့ ကံလှဆရာတော် ဦးဝါယမ, ယွမ်းကျောင်း ဆရာတော် ဦးနရိန္ဒ, ပုဂံတိုက် ဆရာတော် ဦးသုမန, မရမ်းချုံကျောင်းကြီး ဆရာတော် ဦးဇဃန္တ, ကုန်းသာဆရာတော် ဦးပဒုမ, ရွှေတောင် ကျောင်းသစ် ဆရာတော် ဦးဣန္ဒမာလာ, တကောင်းကျောင်း ဆရာတော် ဦးဂန္ဓမာ, ဝေဠုဝန် ဆရာတော် ဦးနန္ဒိယ, မောင်းထောင်ဆရာတော် ဦးသုဝဏ္ဏ အစရှိသော သံဃာတော် ၁၀၀-ကျော် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး ၄-ဦး, ဦးဘိုးလှိုင် ကုမ္ပဏီပိုင်ရှင် ဦးဘိုးလှိုင်, ဆေးဆရာကြီး ဦးမောင် ကလေး အစရှိသော မြို့သူမြို့သား အပေါင်းတို့သည် အရေး တကြီး စည်းဝေးတိုင်ပင်ကာ အစိုးရမင်းတို့ ကာကွယ် စောင့်

ရှောက်ခြင်းကို သဘော မတူကြောင်း တညီတညွတ်တည်း ဆုံးဖြတ်၍ ကပ်ထားသော ကြော်ငြာကို ရုပ်သိမ်းပါရန် ထိုး ဟောင်းမှန်စွာ ကျန်းဂန်လာစကားကို ထုတ်ဖော်ပြသန်း၍ သာသနာတော် အဆုံးအထိ မှတ်ထိုးကြီးတခု အဖြစ် ဥဒါန်း တွင် ကျန်ရစ်မည်ဟု ပညာရှိအများ ချီးကျူး ထောက်ခံ ရသော ကန့်ကွက်လွှာကို ကုန်းသာဆရာတော် ဦးပဒုမက စီစဉ် ရေးသားသည့် အတိုင်း တင်သွင်းပြီးလျှင် လိုအပ်သော ရှင်းလင်းချက်များဖြင့် ထပ်ဆင့်လူးကွန့် အထွန့်တက်ခါ ကြော်ငြာကို ပြန်လည်ရုပ်သိမ်းရန်အတွက် ဆက်ကာဆက်ကာ တင်ပြ တောင်းဆိုခဲ့ကြလေသည်။

ကန့်ကွက်လွှာ မိတ္တူများကို မြန်မာပြည် အရပ်ရပ်ရှိ ဂေါပက အဖွဲ့များသို့ တိုက်ရိုက်ပေးပို့ခြင်း၊ သတင်းစာများမှ တဆင့် တိုင်းပြည်သို့ အသိပေးခဲ့ခြင်းတို့ဖြင့် ကန့်ကွက်ချက်ကို ပိုမို လေး နက်စေခဲ့သည့် အတိုင်းလည်း သက်ဆိုင်ရာ မြို့များကလည်း အလားတူ ကန့်ကွက်ခဲ့ကြလေသည်။

ရန်ကုန်မြို့မှလည်း အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့ခံ ကြည့်မြင်တိုင် စလင်းဆရာတော်ဘုရားကြီး၊ ပုဇွန်တောင် တောင်လုံးပြန် သုံးထပ်ကျောင်း ဂိုဏ်းအုပ်ဆရာတော်၊ ကြည့်မြင်တိုင်ကျောင်း ကြီးတိုက် တိုက်ပိုင်ဆရာတော်၊ ဇေတဝန်ပိဋကတ်တိုက် ဥက္ကဋ္ဌ ဇေတဝန် ဆရာတော် အစရှိသော သံဃာတော် ၂၀၀-ကျော်တို့ လက်မှတ်ထိုး၍(၂၅-၈-၁၅)ခုနေ့တွင် တကြိမ် တဖန် ဆရာတော် သံဃာတော် ၅၀၀-ကျော်တို့ လက်မှတ်ထိုး၍ နောက်တကြိမ် ဘာသာတရားလာ ကျမ်းစာတို့နှင့် မညီညွတ်သော အလုပ် တာဝန်ဖြစ်ကြောင်းဖြင့် အကြောင်းပြ ကန့်ကွက်ခဲ့ကြရာ—

## သမိုင်းတွင်ရစ်မည့်အတွေ့အကြုံများ

တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့၏သဘောမတူကြည်ဖြူနှစ်လိုမှုမရှိသည်၏ အဖြစ်ကို သိမြင်လာသောကြောင့်-

၇-၉-၁၄-ခုနေ့စွဲဖြင့်ထုတ်သောအမိန့်ကြော်ငြာနံပါတ် ၂၆၀၊ ၁၆-၆-၁၅-ခုနေ့စွဲဖြင့်ထုတ်သောအမိန့်ကြော်ငြာနံပါတ် ၁၇၇၊ ၃၀-၆-၁၅-ခုနေ့စွဲဖြင့်ထုတ်သောအမိန့်ကြော်ငြာနံပါတ် ၁၉၃၊ ၂၉-၇-၁၅-ခုနေ့စွဲဖြင့်ထုတ်သောအမိန့်ကြော်ငြာနံပါတ် ၂၂၀၊ ၃၀-၇-၁၅-ခုနေ့စွဲဖြင့်ထုတ်သော အမိန့်ကြော်ငြာနံပါတ် ၂၃၁ တို့ကို အထွေထွေဌာန ဆိုင်ရာ ကြော်ငြာ နံပါတ် ၂၇၉-အရ ၁၉၁၅-ခုနှစ် စက်တင်ဘာလ ၂၅-ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၇၇-ခုနှစ် သီတင်းကျွတ်လဆန်း ၇-ရက်နေ့ အစိုးရဂေဇက် နံပါတ် ၃၉ တွင် မြန်မာပြည်ဘုရင်ခံ ဆာ-ဟာဗီ-အဒမ်ဆင် က ပြန်လည်ရုပ်သိမ်းတော်မူသည်။

ဤသို့ ကြော်ငြာများကို ပြန်လည် ရုပ်သိမ်းသည့် အတွက် ကျေးဇူးတော်ပြန်သောအားဖြင့် "ကုန်းသာကျောင်း ဆရာတော် ဦးပဒုမ စီစဉ်ရေးသား ပေးသော" ကျေးဇူးတင် သြဘာစာကို ဘဏ္ဍာတော်ထိန်းလူကြီးမင်းများက မြန်မာပြည် ဘုရင်ခံမင်းထံ တင်ဆက်ကြရာ၊ ဘုရင်ခံမင်းသည် အလွန်ပင်နှစ်လိုအားရ ဝမ်းမြောက် တော်မူကြောင်းဖြင့် ၁၉၁၅-ခုနှစ် အောက်တိုဘာလ ၂၆-ရက်နေ့စွဲပါ စာနံပါတ် ၇၆၂၁/၂-အရ အတွင်းဝန်ချုပ် ဒဗလျူ အက်(ဖ်)ရိုက်(စ်) (C.S.I., I.C.S.) က ပြန်ကြားခြင်း ကို ရေဝတီ ဝန်ရှင်တော်မင်းကြီးနှင့် ပုသိမ်မြို့ အရေးပိုင်မင်း များ ထံမှ တဆင့် ဘဏ္ဍာတော်ထိန်း လူကြီးမင်းများ ရရှိခဲ့ကြ လေသည်။

## ၂—စေတီတော်ကြီးအား လျှပ်စစ်ဓာတ်မီးပူဇော်ခြင်းနှင့် စပ်လျဉ်း၍ပေါ်ပေါက်ခဲ့သည့် ဝိဝါဒါဓိကရုဏ်းကြီး သက္ကရာဇ် ၁၂၇၁-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၉-ခုနှစ် အတွင်း အတွေ့အကြုံ

သက္ကရာဇ် ၁၂၇၀-ခုနှစ် အတွင်း စေတီတော်မြတ်ကြီးအား လျှပ်စစ်ဓာတ်မီး တို့ဖြင့် ပူဇော်လှူဒါန်းမှု ကိစ္စတွင် စေတီတော်မြတ်ကြီး၌ အလျား ၂၂-ပေ၊ အနံ ၃-လက်မမှ ၄-လက်မ အထိ၊ စောက် ၁-လက်မခွဲက ၄-လက်မ အထိ အုတ် အင်္ဂတေ တို့ကို ဖေါက်ထွင်း တူးလှစ်၍ လျှပ်စစ် ဓာတ်မီး ကြိုးကို မြှုပ်သွင်း ကြပြီးလျှင် လျှပ်စစ်ဓာတ်မီး ပူဇော် လှူဒါန်း ကြရာ၌ ကုသိုလ် အကုသိုလ် အဆိုနှစ်ဘို့တွင် အစို့စို့ အငန်းငန်း ကျမ်းအဖြာဖြာ သဘာဝ အာဂမ ယုတ္တိ ပြလျက် တဦးထက်တဦး အထူး ဝိသေသ ဗလဝကုသိုလ် ဗလဝအကုသိုလ် ဖြစ်ကြောင်းများကို ပါဠိ အဋ္ဌကထာ ဋီကာအစု အနု မဓိုရ် ထိုထိုသာဓက တင်ဆောင် ပြကြလျက် ဝိနိစ္ဆယ ပြုလုပ်ကြပါသော်လည်း နှစ်ဦးနှစ်ဘက် လက်ခံ ကျေနပ်မှု မရနိုင် သဖြင့် ဝိဝါဒါဓိကရုဏ်း ကြီးများ ဖြစ်ပွား ငြင်းခုံ အဟုန်အရှိန် ကြီးသည်ထက် ကြီးမား လာလေ ရကား ထိုစဉ် အခါ နယ်ပိုင် ရာဇဝတ် တရားသူကြီး ဖြစ်သူ ဦးဘရှိန်သည် ၁၂၇၁-ခု၊ ဝါခေါင်လဆန်း၇-ရက်နေ့(၁၉၁၉-ခု ဩဂုတ်လ ၃-ရက်) နံနက် ၇-နာရီ အချိန်၌ အစိုးရ ဟိုက်စကူး ကျောင်းကြီးသို့ နှစ်ဦး နှစ်ဘက် ခေါင်းဆောင် ဦးစီး လူကြီး ပြုလုပ်သူများနှင့် မြို့သူ မြို့သား တို့အား ဘိတ်ကြား စည်းဝေး ဆွေးနွေး စေ့စပ်ကာ အထက်မြန်မာနိုင်ငံ သာသနာပိုင် ဆရာ



(ငါးပြားတန်ဆောင်း)
ဈေးသူ-ဈေးသား အများ ကောင်းမှု။

## လျှပ်စစ်ဓာတ်မီးပူဇော်ခြင်း အဓိကရဏ်း

တော်မြတ်ဘုရားကြီးနှင့် သုဓမ္မာဝင် ဆရာတော် အရှင်မြတ်များ၏ ဓမ္မဝိနိစ္ဆယ ဆုံးဖြတ်ချက်ချတော်မူသည့်အတိုင်း မှားသူက အရှုံးပေး၍ ပြေအေးလက်ခံကြပါမည်ဟူသော သဘောတူပန်ခံချက်ကို ရယူနိုင်ခဲ့လေသည်။

ထိုအစည်းအဝေးပွဲကြီးသို့ မရမ်းချိုကျောင်းကြီးဆရာတော် ဦးဇာယန္တ, ကုန်းသာဆရာတော် ဦးပဒုမနှင့် ကျောင်းသစ်ဆရာတော် ဦးကုလ္လမာလာ အရှင်မြတ်များ ကြွရောက်တော်မူကြသည်။

အထက်ပါ သဘောတူချက်များ အတိုင်း ဆောင်ရွက်ဘွယ်အဝဝတို့ကို လက်ခံဆောင်ရွက်ရန် အတွက် ပုသိမ်မြို့ "ဝိုင်-အမ်-ဘီ-အေ" အသင်းသို့ နှစ်ဦးနှစ်ဘက် သဘောတူချက်ဖြင့် ဘာဝန်လွှဲအပ်သည့်အတိုင်း နှစ်ဦးနှစ်ပက္ခ နှစ်ဌာနကွဲပြား ရင်ကြားမစိ ရှိသည့်အမှုကို ချုပဒေ နည်းသေလမ်းမှန် သာမုက္ကံထွက် ဓမ္မစက်နှင့်အညီ ပြက်ပြက်ဘွင်းဘွင်း ထင်လင်းမိန့်ဟ ဝိနိစ္ဆယပြုတော်မူကြပါမည့်အကြောင်းဖြင့် "ဝိုင်-အမ်-ဘီ-အေ" အသင်းဥက္ကဋ္ဌ ဦးတရွှေနှင့်တကွ အသင်းသားများက တောင်းပန်လျှောက်ထားရာတွင် အောက်ဖော်ပြပါ နှစ်ဦးနှစ်ဘက်မှ တင်ပြထောက်ခံ ကြသော ဆုံးဖြတ်ချက် များကိုပါ ပူးတွဲ တင်ဆက်ခဲ့လေသည်။

### အပြစ်မရှိကြောင်းဘက်မှဝိနိစ္ဆယများ

၁။ ဓာတ်မီးအသင်းက လျှောက်လွှာ။

၂။ မန်လည်ဆရာတော် ဆုံးဖြတ်ချက်။

၃။ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ ကျောင်းကြီး ဆရာတော် ဦးပညာနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ ဦးဗျားတောရ ဆရာတော် ဦးကောသလ္လတို့ ဆုံးဖြတ်ချက်။

၄။ ရန်ကုန်မြို့ မြန်မာပညာရှိအသင်း၏ ထင်မြင်ချက်။

၅။ မန္တလေးမြို့ အရှေ့ပြင် ဝိသုဒ္ဓါရုံတိုက် တိုက်အုပ် ဆရာတော် ဆုံးဖြတ်ချက်။

၆။ မန္တလေးမြို့ မစိုးရိမ်ဆရာတော် ဆုံးဖြတ်ချက်။

၇။ မန္တလေးမြို့ ခေမာသိဝံ တိုက်အုပ် ဆရာတော် ဆုံးဖြတ်ချက်။

၈။ ပုသိမ်ခရိုင် ရွှေး ရွာလည်ကျောင်း ဆရာတော် ဆုံးဖြတ်ချက်။

၉။ ပုသိမ်မြို့ မြောင်းမြကျောင်း ဆရာတော် ဆုံးဖြတ်ချက်။

၁၀။ ပုသိမ်မြို့ အမည်မပေါ် ဆရာတော် တပါး၏ ဆုံးဖြတ်ချက်။

၁၁။ သုံးဆယ်မြို့ မောင်းထောင် ဆရာတော်ဘုရား ဆုံးဖြတ်ချက်။

၁၂။ ပုသိမ်မြို့ မောင်းထောင်တိုက် ဆရာတော် ဆုံးဖြတ်ချက်။

၁၃။ မန္တလေးမြို့ သာသနာပြုဆရာတော် တကျိပ်နှစ်ပါး၏ ဆုံးဖြတ်ချက်။

**ဂ။ ဆရာတော် တကျိပ်နှစ်ပါး၏ ဘွဲ့တော်များမှာ——**

(က) သာသနာပြု အမှူး အကောက်ဝန်မင်းကျောင်း ဆရာတော်ကြီး။

လျှပ်စစ်ခေတ်မီးပူဇော်ခြင်း အဓိကရဂ်ဏ်း

(ခ) ပေါင်းထောင်ကူး ဆရာတော်ဘုရားကြီး။
(ဂ) ဘေးမဲ့ဆရာတော်။
(ဃ) သာသနာပြု တိုက်အုပ်ဆရာတော်ဘုရားကြီး။
(င) မေဃဝတီ တောင်သမံဆရာတော်။
(စ) ရွှေပြည်ဆရာတော်။
(ဆ) မိုးညှင်းကောင်း မဟာဝေယန်ဘုံကျော် ဆရာတော်။
(ဇ) ဘဂ်ဂါလီဆရာတော်။
(ဈ) ငါးဆူဆရာတော်။
(ည) အကောက်ဝန်ဆရာတော်။
(ဋ) မိုးညှင်းကောင်းတိုက် တိုက်ကြပ်ဆရာတော်။
(ဌ) မိုးညှင်းကောင်းတိုက် ညောင်ကုန်းဆရာတော်တို့ ဖြစ်ကြပါသည်။

## အပြစ်ရှိကြောင်းဘက်မှ ဝိနိစ္ဆယများ

၁။ ပုသိမ်မြို့ ရွှေတောင်ကျောင်းသစ် ဦးဣန္ဒမာလာ ဆရာတော်ရေးသား ဆုံးဖြတ်တော်မူအပ်သော စေတိယဘိန္ဒန ဝိနိစ္ဆယ စာတမ်း။

၂။ ကုန်းသာကျောင်း ဦးပဒုမ ဆရာတော် ဘုရားကြီးရေးသား ဆုံးဖြတ်တော်မူအပ်သော ဓမ္မုဒ္ဒါရ စာတမ်းတို့ ဖြစ်ကြပေသည်။

အထက်ပါ လျှောက်ထား တောင်းပန်သော အဘိယာစကစာကို ပုသိမ်မြို့ အရေးပိုင်မင်းနှင့် ရောဝတီခရိုင် ဝန်ရှင်တော်မင်းကြီးမှ တဆင့် ဆက်ကပ်ရာ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် သုဓမ္မာ ဆရာတော်ကြီး ရှစ်ပါးတို့

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

သဘောတူညီ ညှိနှိုင်း တိုင်ပင်ပြီးလျှင် ပါဠိအဋ္ဌကထာ ဋီကာ တို့မှ ထုတ်နုတ်၍ ဝိဇ္ဇာပုဗ္ဗင်္ဂမ ယောနိသော မနသိကာရ အဝိဇ္ဇာပုဗ္ဗင်္ဂမ အယောနိသော မနသိကာရ စသည့် အကြောင်း အားလျော်စွာ ကုသိုလ် အကုသိုလ် ထိုက်ပုံ စသည် တို့ကို ဒေဝဒတ္တဝတ္ထု၊ ဇီဝကဝတ္ထု၊ သာမာဝတီဝတ္ထု၊ မဏ္ဍူကဗျရသေ့ဝတ္ထု၊ နန္ဒဂေါပါလဝတ္ထုနှင့် သိရိဓမ္မာသောကမင်းကြီးသည် “ဓာတုဝိဇာရဏ” ဓာတုဂဝေသန အမှုကိုပြုလို၍ စေတီတော် အရပ်ရပ်ကို ဖြိုမိသော သာဓကတို့ကို နမူနာစံပြု ချပြဒေသ တင်ကာ ပါဠိအာဂုမ် ဥဒါဟရဏ်တို့နှင့် ပြည့်စုံစွာပြဆိုအပ်သော တထာဂတ သမ္မာသမ္ဗုဒ္ဓ ဝိနိစ္ဆယဖြစ်သော **စေတိယ ဘေဒ ဝိဝါဒ သမထ ဝိနိစ္ဆယကျမ်း**သည် လှည်းရေ-၂၈၊ နံပါတ် ၅၆-တို့ ဖြင့် စေတိယဘေဒန အမှုပြုသည့် အရာများကို ရှေးအတိုင်း ပကတိ နမူနာမပျက် ကျနအောင် ပြင်ဆင် လုပ်ဆောင်စေ ဟူသော အဆုံးအဖြတ်ဖြင့် နိဂုံးကမ္ပတ် အပြီးသတ်ကာ နှစ်ဦး နှစ်ဘက် လက်ခံကျေနပ်စေနိုင်သော အားဖြင့် ၁၂၈၂-ခုနှစ် ကဆုန်လပြည့် စနေနေ့တွင် အောင်မြင် ထမြောက် ပြီးဆုံးခြင်း ရောက်ခဲ့လေသတည်း။

**ဓမ္မဝိနိစ္ဆယပြုတော်မူကြသော ဆရာတော်ဘုရားများမှာ—**

ဝိသုဒ္ဓသီလာစာရ သိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်—

၁။ သုဓမ္မာဝင် ဒက္ခိဏာဝန် ဆရာတော်ဘုရားကြီး။
၂။ သုဓမ္မာဝင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှေ့ ခင်မကန် ဆရာတော်ဘုရားကြီး။



အရှေ့ဘက်စောင်းတန်း မုခ်ရင်းတန်ဆောင်းတော်
မဟာဆေးဝက်ဘာဆရာတော် ဦးသူရိယကြီးမှူးသော
အများပြည်သူကောင်းမှု။

## လျှပ်စစ်ဓာတ်မီးပူဇော်ခြင်း အဓိကရဏ်း

၃။ သုဓမ္မာ၀င် အတုမရှိ ဆရာတော်ဘုရားကြီး။
၄။ သုဓမ္မာ၀င် ခေမာသိဝံ ဆရာတော်ဘုရားကြီး။
၅။ သုဓမ္မာ၀င် ဒိပဲရင်း ဆရာတော်ဘုရားကြီး။
၆။ သုဓမ္မာ၀င် ဂူကြီး ဆရာတော်ဘုရားကြီး။
၇။ သုဓမ္မာ၀င် သင်္ဂဇာဆရာတော်ဘုရားကြီး။
၈။ သုဓမ္မာ၀င် သစ်ဆိမ့်ဆရာတော်ဘုရားကြီး
တို့ဖြစ်ကြသည်။

× × × × × × ×

## ၃—စေတီတော်ကြီးဆိုင်ရာ သာသနာ့မြေ ကိစ္စ

ဒုတိယ အင်္ဂလိပ် မြန်မာ အရေးတော်ပုံခေတ်၊ မြန်မာ သက္ကရာဇ် ၁၂၁၄-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၅၂-ခုနှစ်တွင် အင်္ဂလိပ်တို့သည် ပုသိမ်မြို့ကို တိုက်ခိုက် သိမ်းပိုက် ပြီးနောက် ၁၈၇၆-ခုနှစ် အိန္ဒိယအက်ဥပဒေ ၂-အရပြဋ္ဌာန်း၍ ၁၈၇၉-ခုနှစ် ဖေဖေါ်ဝါရီလ ၁-ရက်နေ့တွင် အတည်ဖြစ်ခဲ့သော အောက် မြန်မာနိုင်ငံ မြေနှင့် အခွန်တော် အက်ဥပဒေပါ စည်းကမ်းချက် များနှင့်အညီ အင်္ဂလိပ်ကြေးတိုင်ဝန် မစ္စတာ ဗရစ်(ဂ်ျ) စီမံ ပြုလုပ်သည့် ပဌမဆုံးထုတ် ကြေးတိုင် မြေပုံအရ ရွှေမုဋ္ဌော စေတီတော် တည်ရာ ကုန်းတော်, ကုန်းတော်နှင့် ဆက်စပ်လျက် ရှိသော မြေများနှင့် စေတီတော်ကြီး၏ အရှေ့ဘက် လမ်းခြား လျက်ရှိသော အောက်ဥဖေါ်ပြပါ မြေကွက်ကြီး အပါအဝင် ဦးပိုင်အရေအတွက် အားဖြင့် ၂၉-ခု, မြေချိန်ရေိယာ စတုရန်း ပေ အားဖြင့် ၂၂၈၁၂၉-စတုရန်းပေ, ဧက ဒသမအားဖြင့် ၅-ဧက နှင့် ဒသမ ၂၅-, မြေအတန်းအစားမှာ သာသနာ့မြေ, ပိုင်ရှင်မှာ ရွှေမုဋ္ဌောဘုရားဟု ပြတ်သားတိကျစွာ ဖေါ်ပြထား သည့် စေတီတော်ကြီးဆိုင်ရာ သာသနာ့မြေများ အနက်မှ—

| | |
|---|---|
| အရှေ့—မင်းကြီးလမ်း၊ | အနောက်—ကုန်သည်လမ်း၊ |
| တောင်—ရွှေစေတီလမ်း၊ | မြောက်—မင်္ဂလာလမ်း၊ |

နယ်လေးရပ်အတွင်းရှိ ဦးပိုင်အရေအတွက် အားဖြင့် ၇-ခု၊ မြေချိန်ရေိယာအားဖြင့် ၃.၈၇၆ ဧကရှိ ရှေးအခေါ် ပုသိမ်မြို့ **B** မြို့မ မြောက်လက်အုပ်စု ဘိနပ်တန်း အကွက် ယခုအခေါ် ပုသိမ်မြို့မ အလယ်အုပ်စု အမှတ် ၆၃-ဆေးရုံအကွက် အမှတ် ၆၆

ဖြစ်သော မြေကွက်ကြီးမှာ အင်္ဂလိပ် စတင် အုပ်စိုးချိန်မှ စ၍ ယခုမျှမကြာမီသော အချိန် ကာလထိ အတွင်း မြို့နေ ဗုဒ္ဓဘာသာဝင် ရှင်လူရဟန်းတို့အတွက် အတော်ပင် ရတက် ပွေစေခဲ့သည့် ဖြစ်ရပ်များမှာ စေတီတော်သမိုင်းအတွက် ကွင်းကွက်ချန်လှပ်၍ မထားနိုင်စကောင်း လောက်အောင် ရှိပါ သဖြင့် သိတန်သလောက် ကောက်နုတ်တင်ပြ လိုက်ရပေသည်။

ဤ မချမ်းမြေ့ဘွယ်ရာ ဖြစ်ရပ် များ၏ အကြောင်း ရင်းစကို ရှာသော် မိစ္ဆာဝါဒ ပါပလူမျိုးတို့၏ ပိုင်စိုးပိုင်နင်း အာဏာလက်ကိုင်ဖြင့် ပြောင်အနိုင်ကျင့်လိုက်ခြင်းသည်ပင် အရင်းမူလအကြောင်းစ ဖြစ်ခဲ့ပါပေသည်။

အဆိုပါ မြေကွက်ကြီးတွင် ဦးပိုင် ၇-ခု ရှိရာ၌ မြေကွက်ကြီး၏ အလယ်လောက်မှာရှိသော ဦးပိုင် ၃-ခု အပေါ်တွင် မြေပုံ မပြုလုပ်ရမီကပင် တည်ဆောက် ထားခဲ့ မိပြီး ဖြစ်သော အင်္ဂလိပ် ဘုရားရှိခိုးကျောင်းနှင့် အုတ်တံတိုင်းတို့ကို ဖေါ်ပြထားသည့်"ပုံ"ကို ထိပိုင်ရှင် ရွှေမုဋ္ဌော ဘုရားဟု ပြတ်ပြတ်သားသား ဝန်ခံ၍ထားသည့် မြေပုံပေါ်၌ မကွယ်မဝှက် ပြက်ပြက်ထင်းထင်း ရှင်းရှင်းကြီး ပြထားသည်မှာ အတော်ပင် "မခန့်သားကျလှသည်" ဟုပင် ဆိုစလောက် ရှိပါပေသည်၊ တနည်းအားဖြင့် ဖြေ၍ တွေးရသော် စေတီတော်ဆိုင်ရာ သာသနာမြေအစစ် ထင်ရှားလှသည့် အဖြစ်ကို ဖုံးမရ ဝှက်မရနိုင်လောက်အောင် ရှိလှသဖြင့် ဇွတ်မှိတ်ပြီး ထည့်လိုက်ရ သည်ဟုလည်း ယူဆနိုင်စရာ ရှိပါပေသည်။

ဤသို့အားဖြင့် မြေပုံကိုလည်း မှန်သည့်အတိုင်း လုပ်မိပြီးသား ရှိ၍, ဘုရားရှိခိုးကျောင်း ကလည်း မစူး မစမ်းဘဲ အရမ်း

ဆောက်မိ, ၎င်းတို့လုပ်ပုံမှာ ၎င်းတို့ထုတ်သည့် ဥပဒေပါ စည်းကမ်းချက်များနှင့်လည်း အစွန်းအငြိမကင်းဘဲ ရှိနေသည့် အဖြစ်ကို ဂရုမြှေမပျက် ကွယ်ဝှက်ဖုံးဖိနိုင်သမျှ ဖုံးဖိပြီး ရှေ့အဘို့အတွက်လည်း မိမိတို့ အလိုကျ ဆက်လက် ဆောင်ရွက်နိုင်ရန် အကြံဖြင့် ရှိနှင့်ပြီး ၁၈၈၂-၈၃-ခု နှစ်ထုတ် ပဌမ မြေပုံကြီးကို အစဖျောက်ကာ ထိုမြေကွက်ကြီး အတွက်(Map A)ဟု အမည်ပေးလျက် ၁၈၈၃-၈၄-နှစ်ထုတ် အစားထိုးမြေပုံတခုကို ထပ်မံဖန်တီး ပြုလုပ်ခဲ့သည်ကို တွေ့ရပေသည်။

တဖန် မရှိလျှင် မဖြစ်သည့် ဘုရားရှိခိုးကျောင်း အတွက်အမြဲတန်း တရားဟော ဆရာ နေထိုင်ရန် အဆောက် အဦလိုလာပြန်ရာ အဆိုပါ(Map A)ပေါ်တွင် ရွှေမုဋ္ဌောဘုရားသုံးမြေဟု ပြတ်ပြတ် သားသားကြီး ဖော်ပြထားသည့် မြေကွက်ပေါ်မှာပင် ၁၈၉၂-၉၃-ခုနှစ်၌ တရားဟောဆရာ အတွက်နေအိမ်နှင့် အစေခံတန်းလျားစသည်တို့ကို ထပ်မံ ဆောက်လုပ်ရပြန်သဖြင့် မူလထွင်ခဲ့ပြီး (Map A) မြေပုံနှင့် အဆင် မပြေရှိနေပြန်ရကား ၁၈၉၂-၉၃-ခုနှစ်ထုတ် (Map B) အမည်ဖြင့်မြေပုံ အသစ် ထပ်မံဖန်တီး ပြုလုပ်ရပြန် သည်ကို တွေ့ရပြန်ပေသည်။

ဤကဲ့သို့ ထပ်ကာ ထပ်ကာ ကျူးကျော် ခဲ့ခြင်း တို့ကိုမြို့နေ ဗုဒ္ဓဘာသာဝင် ရှင်လူရဟန်းတို့မှာ အထူး မခံမရပ်နိုင်ဖြစ်ရသည့် အလျောက် ကန့်ကွက် တားမြစ် ဥပဒေ ဘောင်အတွင်းမှ အသံကုန် ဟစ်ခဲ့ကြသည်ကို နှစ်သိမ့် ဖျောင်းဖြသောသဘောဖြင့် ၎င်းတို့ ကျူးကျော် သုံးစွဲမိလျက်သား ဖြစ်သော



စေတီတော် တနင်းလာထောင့် အာရုဏ်ခံ တန်ဆောင်းများ
ဦးစိန်-ဒေါ်ပိုးဖြူနှင့် သားသမီးများ၊ ဦးသန်း-ဒေါ်ကုန်ရင်နှင့် သမီး၊

မြေမှအပ ကျန်သမျှဖြင့် တင်းတိမ်ပါရန် အတန်တန် စေ့စပ် တိုက်တွန်းပါသော်လည်း တရားနည်းလမ်း မကျသည့် အတွက် လက်ခံ လိုက်လျောခြင်း မပြုဘဲ ငြင်းမြဲ ငြင်းနေကြ သည်ကို ထိုစဉ် အခါက အရေးပိုင် ဖြစ်သူ အင်္ဂလိပ် လူမျိုး မေဂျာ ရောဘတ်က သဘောတော် မကျ မျက်မာန်တော် ရှပြီးလျှင် ကျန်သမျှ ဘေးဘဘက် တချက်ရှိ မြေကွက် နှစ်ခုစလုံးကို သာသနာမြေ အဖြစ်မှ အစိုးရ သီးသန့်မြေ အဖြစ်သို့ ဇွတ်အဘင်း လွှဲပြောင်း သိမ်းယူခြင်း ခံခဲ့ရသဖြင့် "ဖွတ်မရ ထားမဆုံး" မြေတကွက်လုံး လက်လွှတ်ခဲ့ရ လေသည်၊ ထိုနှစ် ကား မေ့မရနိုင်သည့် ၁၉၂၁-၂၂-ခုနှစ် ဖြစ်ချေသည်။

ဤအချိန်မှစ၍ ကျန် အင်္ဂလိပ် တခေတ်လုံး ဂျပန်ခေတ် အတွင်းနှင့် အင်္ဂလိပ်များ ပြန်လည် သိမ်းပိုက်သည့် ၁၉၄၅-ခု နှစ်အထိအတွင်း မလျော့သော ဇွဲလုံ့လဖြင့် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြပါသော်လည်း ယုတ္တိသာဓက အခြေပြ မခိုင် မလုံ ရှိသည့် အလျောက် မအောင် မမြင် ရှိနေခဲ့ရာမှ ပဌမမူလ အစ ဆုံးထုတ် ၁၈၈၂-၈၃-ခုနှစ် ကြေးတိုင်မြေပုံကြီးကို ရှာဖွေရမိ လက်ဝယ်ရှိလာကြသော ဂေါပကအဖွဲ့ဝင်များက ၁၉၄၆-ခုနှစ် ဒီဇင်ဘာလ အတွင်း အဆိုပါ မြေပုံကြီး အကိုး အကားဖြင့် အင်္ဂလိပ် သာသနာသုံးမြေ အပါအဝင် တကွက်လုံးကို ပြန်လည် ရနိုင်ရန် စည်းကမ်းတကျ ကြိုးပမ်းခဲ့ကြပြန်ရာ အဆောက်အဦ များ အခိုင်အမာ ဆောက်လုပ် မိလျက်သား ရှိနေသည့် အင်္ဂလိပ်သာသနာမြေမှအပ ကျန်မြေအားလုံး ဖြစ်သော ဦးပိုင် အမှတ်အားဖြင့် ၁၄-နှင့် ၁၆-မြေချိန်ရေိယာအားဖြင့် ၁.၆၂၈ ကေနှင့် .၉၇၄-အသီးသီး ရှိကြသော ဦးပိုင်နှစ်ခုစလုံး ပေါင်း

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

မြေချိန် ရေိယာ ကေ ၂-၆၀၂-ရှိ မြေများကို ၇-၁၀-၄၀-ခု နေ့စွဲပါ ဂရန်သစ်ဖြင့် စေတီတော်ကြီး ဆိုင်ရာ သာသနာမြေ အဖြစ် ပြန်လည် လွှဲပေး ရရှိခဲ့ကြပါသည်။

အင်္ဂလိပ် သာသနာ သုံးမြေ (ဦးပိုင် အမှတ်—၁၅—မြေချိန် ရေိယာ ၁.၂၇၄—ကေ) ကိုမူ တဘာသာ နှင့် တဘာသာ ထောက်စာငဲ့ကွက်သောအားဖြင့် အပြေအပြစ် စေ့စပ်ပြောဆို ကာ တရားဟောဆရာ နေထိုင်ရာ အဆောက်အဦ များနှင့် တကွ မြေရာလပ် အားလုံးကိုပါ အဘိုးငွေ (၂၅၀၀၀) ကျပ် နှစ်သောင်း ငါးထောင်ဖြင့် ဘဏ္ဍာတော်ထိန်းအဖွဲ့က တရား ဝင် ဝယ်ယူပိုင်သ ရရှိခဲ့သည့် အလျောက် တရား ဥပဒေပါ စည်းကမ်းချက်များနှင့် အညီ အင်္ဂလိပ် သာသနာ ဆိုင်ရာ မြေ အဖြစ်မှ ရွှေမုဋ္ဌော စေတီတော်ဆိုင်ရာ သာသနာမြေအဖြစ် ပြောင်းလွှဲ ပေးပါရန် ၃-၁၀-၅၇-ခုနေ့၌ ရောင်းသူ ဝယ်သူ နှစ်ဦး အညီအညွတ် လိုအပ်သော လျှောက်လွှာ အသီးသီးကို ပုသိမ်မြို့ ခရိုင်ဝန်မင်းထံ တင်ထားခဲ့ကြသည့် ကိစ္စမှာ ၁၉၆၂-ခု နှစ် စက်တင်ဘာလ အထိ မပြီး မပြတ် ရှိနေခိုက် ဗိုလ်ချုပ်ကြီး နေဝင်း ကြီးမှူး ခေါင်းဆောင်သည့် တော်လှန်ရေး အစိုးရလက် ထက်တွင် ဧရာဝတီတိုင်း တာဝန်ခံ အရာရှိကြီးများက အစိုးရ အရာရှိများ နေထိုင်ရန် အိမ်များ ဆောက်လုပ်ရန် အတွက် ဂရန်ပါ စည်းကမ်းချက်များနှင့် မညီညွတ် ပျက်ကွက်သည်ဟု အကြောင်း ပြကာ အောက်ပါမြေများကို ပြန်လည်သိမ်းယူကြ ပြန်ပါသည်။

(က) ရွှေမုဋ္ဌော စေတီဆိုင်ရာ သာသနာမြေ ဦးပိုင်အမှတ် ၁၆·ဧရိယာ.၉၇၄-မှ....၆၆၀၊

## ၃—ခေတီတော်ကြီးဆိုင်ရာ သာသနာမြေကိစ္စ

(ခ) အင်္ဂလိပ်သာသနာမှပြန်အပ်ပြီးဖြစ်၍ ရွှေမုဋ္ဌောစေတီတော်ဆိုင်ရာ သာသနာမြေ အဖြစ် လွှဲအပ်ပေးပါရန် လျှောက် ထား ဆဲ ဖြစ်သော ဦးပိုင်အမှတ် ၁၄-ဧရိယာ ၁.၂၇၄-မှ..........................၃၆၀

နှစ်ရပ်ပေါင်း ၁-၀၂၈-ဧက ဖြစ်သည်။

ဤကဲ့သို့ မြေများကို ပြန်လည် သိမ်းယူခြင်း အကြောင်းကို ခရိုင်ဝန်မင်းက ဂေါပက အဖွဲ့မှ တာဝန်ခံ ပုဂ္ဂိုလ်များအား ဘိတ်ခေါ် ပြောကြားသည်ကို ထိုတာဝန်ခံပုဂ္ဂိုလ်များက တဖန် ဂေါပကအဖွဲ့အရေးပေါ်အစည်းအဝေး၌ တင်ပြ ဆွေးနွေးပြီး နောက် ဂိုဏ်း ပေါင်းစုံမှ နာယက ဆရာတော်ကြီး ၆-ပါး, ကျောင်းထိုင် ဆရာတော်များ အဖွဲ့မှ ဥက္ကဋ္ဌ ဆရာတော် နှင့် မြို့ပေါ်ရှိ ထင်ရှားသော ဗုဒ္ဓဘာသာ အသင်းအဖွဲ့များအား ပင့်ဘိတ်၍ အကြောင်းစုံကို ရှင်းလင်း တင်ပြခဲ့ကြပါသည်။

ဤကိစ္စအတွက် မြို့နေ ဗုဒ္ဓဘာသာဝင် ရှင်လူ ရဟန်းတို့မှာ အထူးပင် မကျေ မနပ် ဖြစ်ကာ တာဝန်အရှိဆုံး ဖြစ်သော ဂေါပကအဖွဲ့အား ထိပါးပုတ်ခတ် မရပ်မခံသာလောက်အောင် ပင် ဖြစ်တင်ဖွဲ့ဖိလာကြသော်လည်း တော်လှန်ရေး အစိုးရမှာ ဗုဒ္ဓဘာသာ အစိုးရပင် ဖြစ်ခြင်း, အခိုက်အတန့် အားဖြင့်လည်း တိုင်းပြည် အတွက် အလွန် အရေးကြီး လှသော ပြုပြင်ဘွယ်တို့ အတွက် အရေးတကြီး ဆောင်ရွက် နေရခြင်း, ဗုဒ္ဓသာသနာ တော်မှာလည်း ထွန်းပြောင်တက်တိုး နေခိုက်ပင် ဖြစ်ခြင်း ဤမြေကွက်ကြီး မှာလည်း ရှေး ပဝေဏီကာလ သမယကပင် သာသနာမြေ အစစ် အခိုင် အမာ ဖြစ်ခဲ့သည့် အလျှောက်

ဓမ္မကွန်အရင်း, လောကတည်ဆဲ ဥပဒေအရင်း တမျိုးတဖုံ ပြုပြင်ပြောင်းလဲ၍ မရနိုင်ကောင်းသည်၏ အဖြစ်ကို တစ်တစ် ခွခွ ပြတ်ပြတ် သားသားကြီး ဖော်ပြထားသည့် ပဌမဆုံးထုတ် ကြေးတိုင်မြေပုံကြီး အထင်အရှား ရှိနေပြီးဖြစ်သည် တို့ကြောင့် တကြောင်း တိုင်းရေး ပြည်ရေး အေးဆေး တည်ငြိမ် လာသည့် အခါ၌ ဤမကျေမလည်ဖြစ်နေသော ကိစ္စအတွက် အမုန်းမလွဲ အာရုံစူးစိုက် လာရမည်ဟု စွဲမြဲယုံကြည်မှု ရှိကြသည့်အလျောက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အနေနှင့် ဣန္ဒြေရရ ဆီလျော် အောင် အကြောင်း ပြ၍ မကျေနပ်သူ ဟူ သမျှ တို့အား ဖျောင်းဖြ နှစ်သိမ့်စေခဲ့ခြင်းဖြင့် တိုင်းပြည်အတွက် အရေးကြီး ခိုက် အလိုက်သိစွာ လျော်ကန်မည့်အခါအခွင့်ကို ငံ့လင့်စောင့် စား၍ နေခဲ့ကြပေသည်။

ဤ အခိုက်အတန့်တွင် တောင်ဗီယက်နမ်နိုင်ငံ ဘရင်ဂျီ ဘာသာဝင် ငိုဒင်ဇင်အစိုးရက တိုင်းပြည်လူများစု ဖြစ်သော ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော် များနှင့် ဗုဒ္ဓဘာသာဝင် နိုင်ငံသူ နိုင်ငံသားတို့အပေါ်၌ ကမ္ဘာကြီး သိမ့်သိမ့်တုန်လောက် သော အလွန်ဆိုးရွားလှသည့် ဖိနှိပ် ညှဉ်းပန်းမှုများ အတွက် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေနှင့် အပြင်းအထန် ကန့်ကွက် ဟန့်တားရမည့် ပြည်ပရေးရာ ကိစ္စကြီး တခုနှင့် **လူသေလူဖြစ်** စာအုပ်ရေးထုတ်ပြီး ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးစလုံး၌ စကားအရဖြင့် ဖော်ပြရေးထည့်ရန် ကိုပင် မဝံ့လောက်အောင် ဆိုးဆိုးဝါးဝါး စော်ကားပုတ်ခတ် မအပ်မရာ သာသနာသစ်တခု ပြုစုတည်ထောင်ရန် ကြိုးပမ်း နေသည့် သျှင်ဥက္ကဋ္ဌ အမည်ခံ အရေခြုံရဟန်းတုအား **ပကာ**

## ၃—စေတီတော်ကြီးဆိုင်ရာ သာသနာမြေကိစ္စ

**သနိယကံ** ပြုရမည့် ပြည်တွင်းကိစ္စကြီး တခုပါ အမျိုးမျိုးရှိ ဗုဒ္ဓဘာသာဝင် ရှင်လူရဟန်းတို့အတွက် ဆောင်ရွက်ရမည့် အရေးတကြီး တာဝန်ကျရောက်နေသည့် အလျောက် ပုသိမ် မြို့ရောနယ်ပါ ဂိုဏ်းပေါင်းစုံ ဆရာတော် သံဃာတော်များ ကြီးမှူးဦးဆောင်ကာ မြို့လုံးကျွတ် အစည်းအဝေးပွဲကြီးကို ၁၃၂၅-ခုတော်သလင်း လဆန်း ၇-ရက် (၂၅-၈-၆၃-ခု) နေ့တွင် ရွှေမုဋ္ဌောကုန်းတော်၌ ကျင်းပရာတွင် ရွှေမုဋ္ဌော စေတီတော်ဆိုင်ရာမှ အစိုးရပြန်သိမ်းသော သာသနာ့မြေကို ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့အား ပြန်လည်လွှဲပြောင်း ပေးအပ်ရန်တော်လှန်ရေးအစိုးရအား မေတ္တာရပ်ခံကြောင်း အဆိုတခုကိုပါထည့်သွင်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြလေသည်။

ဤ ဆုံးဖြတ်ချက်အရ သံဃာတော်များဘက်မှ အကျယ်အပြန့် ဆက်လက်ဆောင်ရွက်ခဲ့ကြရာ နောက်ဆုံး၌ သက်ဆိုင်ရာတာဝန်ခံ အရာရှိကြီးများက အဆိုပါ သာသနာမြေကိစ္စနှင့်စပ်လျဉ်း၍ မြေရာဇဝင်နှင့် သက်ဆိုင်ရာ မြေပုံများကိုပါ တင်ပြရန် ဘဏ္ဍာတော်ထိန်း အဖွဲ့အား တောင်းဆိုလာကြလေသည်။

ထိုအခါ အလိုက်သိစွာ အခါအခွင့်ကို ငံ့လင့်စောင့်စားလျက်ရှိကြသော ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှာ အင်္ဂလိပ်တို့ပုသိမ်မြို့ကို သိမ်းပိုက်ပြီးနောက် ပဌမဆုံးထုတ်သည့် ၁၈၈၂-၈၃-ခုနှစ် ကြေးတိုင်မြေပုံကြီးကို အဓိက အကိုးအကားပြုကာနောက်ထပ် အသစ်ထွင် အစားထိုးသော မြေပုံများနှင့်တကွအင်္ဂလိပ်ခေတ် တလျှောက် ဗိုလ်ချုပ်ကြီး၏ တော်လှန်ရေးအစိုးရလက်ထက်အတွင်း မြေပြန်သိမ်းခြင်းကိစ္စအထိ လိုအပ်သည့် အခြား အထောက်အထားများပါ ခရေစေ့ တွင်းကျ

သူ့ကဏ္ဍနှင့် သူ့အခဏ်း မှတ်တမ်းကြီးတခု အနေဖြင့် ၁၃၂၅-ခုနှစ် နတ္တော်လဆုတ် ၅-ရက် (၅-၁၂-၆၃)နေ့တွင် ပြုစုတင်ပြခွင့် ရခဲ့ကြပေသည်။

ဤသို့အားဖြင့် ဤမြေကွက်ကြီး တခုလုံးမှာ "ဆင်သေကိုသားရေဖုံးလို့မရ"ဆိုသောစကားကဲ့သို့ အင်္ဂလိပ်မဝင်မီ ပဝေဏီကာလ သမယကပင် ရွှေမုဋ္ဌောစေတီတော်ဆိုင်ရာ သာသနာမြေအစစ်ဖြစ်ကြောင်း မိစ္ဆာဝါဒ ပါပလူမျိုးပီပီ အာဏာတန်ခိုးဖြင့် ပိုင်စိုး ပိုင်နင်း မြန်မာလူမျိုးများမှာ အုပ်စိုးခံကျွန်ဘဝမို့ ပြုသမျှ ခံလိုက်ရခြင်းပင် ဖြစ်ကြောင်းနှင့်တကွယခု သိမ်းယူခဲ့သည်ကိုလည်း ရဟန်းရှင်လူ ကြည်ဖြူနှစ်လိုခြင်းမရှိခြင်းမှာ တရားမျှတ သဘာဝအတိုင်း ဖြစ်သည်ကို စာနာချင့်ထောက် ရှေ့နောက်မြော်မြင် ဆင်ခြင်သုံးသပ်၍ တရားမှန်ဆုံးဖြတ်နိုင်စွမ်းရှိပါပေသော အစိုးရမင်းတို့သည် လောကမေ့နှစ်ဝသော နျူပဒေတို့နှင့် မသွေမဖီ တည်ကြည်တည့်မတ်လှသည့် အောက်ပါဆုံးဖြတ်ချက်ကို ၁၃၂၅-ခုနှစ် နှောင်းတန်ခူးလဆုတ် ၈-ရက် (၄-၄-၆၄) စနေနေ့ နံနက် ၉-နာရီအချိန်တွင် ပုသိမ်မြို့ ခါတော်မှီ ပါဠိတက္ကသိုလ်၌ တကောင်းဆရာတော်၊ မရမ်းချိုကျောင်းကြီး ဆရာတော်၊ မြောင်းမြကျောင်း ဆရာတော်၊ ဝဋ္ဋုဝန်တိုက်အုပ် ဆရာတော်၊ မောင်းထောင် ဆရာတော်၊ ခါတော်မှီ ဆရာတော်၊ မရမ်းကျောင်း ဆရာတော်၊ မင်္ဂလာရ ဆရာတော်များနှင့် ဗုဒ္ဓသာသနာ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင် သံဃာတော်များနှင့် ရွှေမုဋ္ဌောစေတီတော် ဆိုင်ရာ ဂေါပက အဖွဲ့ဝင် လူကြီးများ ရှေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီး

## ၃—စေတီတော်ကြီးဆိုင်ရာ သာသနာ့မြေကိစ္စ

တင်ဦးက တော်လှန်ရေးအစိုးရ၏ ကိုယ်စား လျှောက်ထား တင်ပြရာ ဆရာတော် သံဃာတော်များနှင့် ဂေါပကအဖွဲ့ဝင် လူကြီးများမှာ လွန်စွာမှ နှစ်ထောင်း အားရ ရှိကြသဖြင့် ကောင်းကြီးနုမော် သာဓုသုံးကြိမ် ခေါ်ကြရလေသတည်း။

### လျှောက်တင်သော ဆုံးဖြတ်ချက်မှာ

ဤမြေကွက်ကြီးမှာ ရှေးအထက်ထက်ကပင် သာသနာ့မြေ ဖြစ်ခဲ့ကြောင်း, မြန်မာလူမျိုးတို့မှာ အုပ်စိုးခံ ကျွန်ဘဝမို့ ပြုသမျှ ခံလိုက်ရခြင်းပင် ဖြစ်ကြောင်း ထင်ရှားသဖြင့် စည်းကမ်းချက် များ မည်သို့ပင် ရှိစေကာမူ ရွှေမုဋ္ဌော စေတီတော် ဆိုင်ရာ သာသနာ့မြေအဖြစ် ပြန်လည် လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း ပြန်သိမ်းသောမြေနှင့်တကွ အင်္ဂလိပ်သာသနာမှ ဝယ်မြေကိုပါ တပါတည်း လွှဲပြောင်းပေးရန် ခရိုင်ဝန်မင်းက လိုအပ်သလို ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆောက်ထားမိပြီး ဖြစ်သော အိမ်များအတွက်မူ ဂေါပကအဖွဲ့နှင့် ဆက်လက်ဆွေးနွေးစေ့စပ် မည်ဖြစ်ကြောင်းဟူ၍ ဖြစ်လေသည်။

ဤတွင်ရွှေကား သာသနာ့မြေအတွက် ရတက်ပွေ့ခဲ့ရသမျှ နိဂုံးကမ္ပတ် အဆုံးသတ် အေးငြိမ်းမှုပေတည်း။

**မှတ်ချက်** ဤ သာသနာ့မြေကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန် အစုံကို အကိုးအကား အထောက်အထား အပြည့် အစုံဖြင့် (ဤ သမိုင်းစာပြုသူပင် ပြုစု ရေးသား သည့်) မြေရာဇဝင်အကျဉ်းချုပ်နှင့် ၎င်းကိုယ်တိုင် ပင် တကူးတက စုံစမ်းရှာဖွေ ရရှိ ပူးတွဲ တင်ပြ

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

ထားသည့် ယင်း သာသနာမြေဆိုင်ရာ ၁၈၈၂-၈၃-ခုနှစ်တွင် အင်္ဂလိပ်အစိုးရ ပဌမဆုံးထုတ်သည့် ကြေးတိုင်မြေပုံကြီးနှင့်တကွ နောက် ဆက် ထုတ် မြေပုံများကိုပါ နောင်လာ နောက်သားတို့ အဘို ခိုင်လုံသော အကိုးအကားအဖြစ် တည်ရှိစေရန် ဘဏ္ဍာတော်ထိန်း အဖွဲ့၏ အမြဲတမ်း ထားရမည့် အရေးကြီးသော စာရွက်စာတမ်းများအဖြစ် အထူး သတ်မှတ် သိမ်းဆည်းထားလျက်ရှိပေသည်။

### သမိုင်းနိဂုံး

ဤ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ မူလ ဘူတ ဘိကျမြေမြစ် သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်၏ ကိုယ်စားတော်အဖြစ် ကိုးကွယ် ပူဇော်ရာ အစစ်မှန်ကြောင်း ကောင်းစွာ ပေါ်ပြလိုသော သမ္မာဆန္ဒဖြင့် အခြေခံ မူလ အတ္ထုပ္ပတ်ကို ခေတ်ထောက်ခံချက် အရပ်ရပ်တို့ဖြင့် ခေတ်စိတ် နှင့် ဟပ်မိအောင် စုစပ်သွဲ့ရုံး ဖွဲ့နွဲ့နှုန်း တင်ပြအပ် ပေသတည်း၊ ရည်ရွယ် မြော်မှန်းရင်းအတိုင်း ဗုဒ္ဓ သာသနာတော် မြတ်ကြီး အမွန့် ရှည်ကြောင်း ကောင်း မြတ် သော အထောက် အမ အားကြီးသော ဥပနိဿယ ဖြစ်ပါစေသတည်း။

ဦးဘကြွား

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်

(စာပြုသူ)

နေ့စွဲ....၁၃၂၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၀-ရက်နေ့

(၃၁-၁၀-၆၄)



ပြတိုက် တန်ဆောင်းတော်
ဦးထွန်းမြတ်ကျော်-ဒေါ်အုံကြွေနှင့် သား သမီးများ
ဦးထွန်းရှိန်-ဒေါ်သန်း၊ ဦးယုတင်-ဒေါ်ကျော့နှင့်
အများပြည်သူ။
(သီလရက္ခိတအဖွဲ့ချုပ်မှကြီးမှူးဆောက်လုပ်သည်)

# နောက်ဆက်တွဲ

## (က)

### ဗုဒ္ဓသာသနာနှင့် ဥရောပ

**အမှာစကား** ဤခေါင်းစဉ်အောက်၌—

(က) ဗုဒ္ဓပိဋကတ်တော် အမြစ်တွယ်လာပုံ၊
(ခ) ဗုဒ္ဓဘာသာ ပြန့်ပွားလာပုံနှင့်၊
(ဂ) ဗုဒ္ဓဘာသာကို အနောက်တိုင်း အမြင် ဖြင့် စိစစ်စူးစမ်းပုံ ဟူ၍ သုံးပိုင်း ခွဲခြား ဖော်ပြလိုပေသည်။

### (က) ဗုဒ္ဓပိဋကတ်တော် အမြစ်တွယ်လာပုံ

အင်္ဂလိပ် မြန်မာ ပဌမအရေးတော်ပုံ ပြီးဆုံးသည့် နောက်ပိုင်း ဒုတိယ အရေးတော်ပုံခေတ် မရောက်မီ ခရစ်သက္ကရာဇ် ၁၁၅၀-ခုနှစ်လောက်တွင် ဗုဒ္ဓသာသနာတော်သည် Buddhism (ဘူးဒစ်ဇင်း) အမည်ဖြင့် ဥရောပတိုက်သို့ စတင် ကူးပြန့်နိုင်ခဲ့လေသည်၊ ခရစ် သက္ကရာဇ် ၁၀၆၀-ခုနှစ်တွင် ဗုဒ္ဓဘာသာအကြောင်းကို Manual of Buddhism (မင်နျူယယ်အော့(ဖ်) ဘူးဒစ်ဇင်း) အမည်ဖြင့် Mr.Hardy မစ္စတာဟာဒီ ဆိုသူသည် အင်္ဂလိပ် ဘာသာဖြင့် စတင်ရေးထုတ် ခဲ့ရာ ထိုစာအုပ်ကို

ဤသို့ အားဖြင့် အင်္ဂလန်နိုင်ငံ တွင်သာမက ပြင်သစ်၊ အီတလီနှင့် ဂျာမဏီ နိုင်ငံများတွင်ပင် ဘာသာပြန် ပိဋကတ်တော်များ အမြစ်တွယ်နိုင်ခဲ့ရလေသည်။

(ခ) ဗုဒ္ဓဘာသာပြန့်ပွားလာပုံ

ဤဘာသာပြန် ဗုဒ္ဓ ပိဋကတ်တော်များ၌ လေ့လာ ဆည်းပူးခြင်းဖြင့် ဗုဒ္ဓဘာသာ၌ သက်ဝင် ယုံကြည်လာသူများတို့သည် ၁၉၀၇-ခုနှစ် တွင် လန်ဒန်မြို့၌ The Buddhist Society of Great Britain & Ireland (ဂရိတ် ဘရိတိန်နှင့် အိုင်ယာလံ နိုင်ငံဆိုင်ရာ ဗုဒ္ဓဘာသာအသင်း) အမည်ဖြင့် ပဌမဆုံး ဗုဒ္ဓဘာသာ အသင်း စတင်တည်ထောင် နိုင်ခဲ့လေသည်၊ ဦးဆောင်သူများ မှာ ပရိုဖက်ဆာ ရိုင်း (စ်) ဒေးဗစ် (စ်) နှင့် ပရိုဖက်ဆာ အီ-တီ- မီး (လ်) (စ်) တို့ဖြစ်ကြသည်။

ထိုနောက် ၁၉၀၂-ခုနှစ်တွင် မြန်မာပြည်မှာ ရဟန်းပြု၍ ဗုဒ္ဓဘာသာ ကျမ်းဂန် များ ကို သင်ကြား ဆည်းပူး ပြီးလျှင် ၁၉၀၈-ခုနှစ်၌ အင်္ဂလန်သို့ သာသနာပြု ကြွတော်မူသော အင်္ဂလိပ် အမျိုးသား လူ အမည် Allen Bennett * (အာလန်

* ဤရဟန်းတော်၏ ပဉ္စင်းလေးပါး ဒါယိကာမကြီးမှာ မစ္စက် ရွှေဇံအောင်ဟု ကျော်ကြားခဲ့သော ဟိုစဉ်အခါက ယစ်မျိုးမင်း ကြီး ဦးရွှေဇံအောင်၏ မင်းကြီးကတော် ဒေါ်မြမေဖြစ်ခဲ့သည်။

ဦးရွှေဇံအောင်မှာ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးနှင့် အနောက်တိုင်းသားတို့ ဆက်ဆံရာတွင် မြန်မာရဟန်းတော် ဦးညာဏ အိန္ဒိယအမျိုးသား မစ္စတာ ဘာရူးအား တို့နှင့် တွဲဘက်၍ အင်္ဂလိပ် မြန်မာ ဘာသာပြန်ဆိုပေးရသော ဂန္ထန္တရ ဗဟုဿုတ ကြွယ်ဝကုံလုံ သူ ဥပသကာကြီးတဦးဖြစ်ခဲ့လေသည်။



တန်ဆောင်းဒါယကာ ဦးမှူ-ဒေါ်မေ
သား-စက်ရှင်မင်းကြီးဦးဘဝင်း၊ သ္မီး-မင်းကြီးကတော် ဒေါ်ရင်ရင်
ကောင်းမှု။

ဘင်းနက်) ရဟန်းဘွဲ့တော် အာနန္ဒမေတ္တေယျ ရဟန်းတော်၏ ကြိုးပမ်းမှုကြောင့် ဗုဒ္ဓဘာသာဝင် ဦးရေ တိုးပွား များပြား လာပြီးလျှင် စာအုပ် စာတမ်းများ၊ မဂ္ဂဇင်းများ ထုတ်ဝေနိုင်ခဲ့ခြင်းဖြင့် ၁၉၂၁-ခုနှစ် လောက်အထိ အတော်ပင် ထင်ရှား ကြီးပွားလာခဲ့လေသည်။

ဤသည့်နောက်၌ ၁၉၂၄-ခုနှစ်တွင်The Buddhist Lodge, London အမည်ဖြင့် ဗုဒ္ဓဘာသာ အသင်းတခု ဖြစ်ပေါ်နိုင်ခဲ့ ပြန်ရာ Buddhism in England အမည်ဖြင့် မဂ္ဂဇင်း တခုကို စတင် ထုတ်ဝေ ဖြန့်ချိခဲ့သည်မှ ၁၉၂၇-ခုနှစ်တွင် "What Is Buddhism?" An Answer from the Western Point of Viewအနောက်နိုင်ငံအမြင်ဖြင့်အဖြေပေးထားသော"ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲ" အမည်ရှိစာအုပ်ကို စတင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး နောက် ၁၉၂၈-ခုနှစ်နှင့် ၁၉၂၉*-ခုနှစ်များတွင် နောက်ထပ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ရသည်။

တဖန် သီဟိုဠ်ကျွန်းမှ အနာဂါရိကဓမ္မပါလ အမည်ရှိသော ကမ္ဘာကျော် သာသနာပြု ပုဂ္ဂိုလ်ကြီး သည် ၁၉၂၆-ခုနှစ်၌ လန်ဒန်မြို့တွင် မဟာဗောဓိ အသင်းခွဲ တည်ထောင်၍ ပါဠိ ဘာသာသင်တန်း ဗုဒ္ဓဘာသာကျမ်းဂန် လေ့လာရေးသင်တန်း နှင့် ကမ္မဋ္ဌာန်း ဌာနများပါ ဖွင့်ကာ ဗုဒ္ဓသာသနာ တော်ကို အတော်ပင် တောက်ပြောင် ထွန်းလင်းစေနိုင်ခဲ့ပေသည်။

---

*Buddhist Lodge, London. 121 St. George's Road, Westminster S.W.I

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

ဤအချိန်လောက်တွင် ဂျာမဏီပြည်၌ မူလရှိနှင့်ပြီးဖြစ်သော ဂျာမန်ဘာသာပြန် ဗုဒ္ဓပိဋကတ်တော် အစုံအပြင် ဗုဒ္ဓဘာသာဝင် ဥပါသကာကြီးတဦးဖြစ်သူ Dr. Paul Dahlke(ဒေါက်တာ ပေါ(လ်) ဒါး(လ်) ကဲ) ခေါ် ပုဂ္ဂိုလ်ကြီးသည် ဓမ္မပဒ, ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်မှ အချို့အဝက်ကို ဂျာမန်ဘာသာသို့ ထပ်မံပြန်ဆိုခြင်း အခြား ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်းတို့ပြင် ဗုဒ္ဓဘာသာဂေဟာခေါ် အဆောက်အဦကြီးတခုကို အမှတ်တရ ဖြစ်စေလောက်အောင် ဆောက်လုပ်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကို အတော်ပင်ပြန့်ပွားစေခဲ့ကြောင်း တွေ့ရပေသည်။

တချိန်တည်းလောက်မှာပင် ရုရှားပြည် သိပ္ပံပညာဆိုင်ရာ တက္ကသိုလ်ကြီး၌ ဗုဒ္ဓဘာသာရေးရာ ဌာနတခု ဖွင့်လှစ်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ စွယ်စုံကျမ်းကို ကမ္ဘာပေါ်တွင် ပဌမဆုံးအဖြစ် စတင်ပုံနှိပ်နေကြောင်း တွေ့ရပေသည်။

ဤသို့ ဆက်ကာ ဆက်ကာ ဗုဒ္ဓသာသနာတော် အရောင်ထွန်းပြောင် ထိန်လင်းစေခဲ့သည့် အလျောက် ၁၉၄၈-ခုနှစ်တွင် လန်ဒန်မြို့ရှိ မြန်မာဗုဒ္ဓဘာသာများ စုပေါင်း၍ သာသနာ့ ကာရီယာယီ ဘုန်းတော်ကြီးကျောင်းဖွင့်ကာ မြန်မာပြည်မှ ဆရာတော် ဦးသေဋ္ဌိလ အရှင်မြတ်အား ပင့်၍ တရားပွဲများ ဆွေးနွေးပွဲများ ဘာဝနာပွားများရေး သင်တန်းများ ပါဠိဘာသာ အဘိဓမ္မာနှင့် အခြား ပိဋကတ်သင်တန်းများ ဖွင့်ပြီးလျှင် သာသနာတော်ကြီး အတွက် တဘက်တလမ်း ကြိုးပမ်းခဲ့ရာ အတော်ပင် အောင်မြင်ခဲ့ကြောင်း တွေ့သိရပေသည်။

ဤသို့အားဖြင့် ဗုဒ္ဓသာသနာတော်ကြီးသည် ဥရောပ၌ မမှေးမမှိန် ထိန်လင်းတောက်ပလျက်ရှိနေကြောင်းဝမ်းမြောက်ဘွယ်ရာ တွေ့ရပေသည်။

**( ၈ ) ဗုဒ္ဓဘာသာကို အနောက်တိုင်းအမြင်ဖြင့် စိစစ်စူးစမ်းပုံ**

အထက်ကဖော်ပြခဲ့သော What is Buddhism ? ဗုဒ္ဓဘာသာဆိုတာ ဘာလဲဆိုသော စာအုပ်မှာ အနောက်နိုင်ငံ ပေါင်းစုံမှ ပညာရှင် အမျိုးသားအမျိုးသမီးပေါင်းစုံ စုပေါင်း၍ ထေရဝါဒ အရင်းခံတွင် မဟာယာနဝါဒကိုပင် လျော်ကန်ရာ၌ အဖော်သဟဲပြုကာ အနောက်နိုင်ငံသားတို့ အမြင်ဖြင့် ညှိနှိုင်းသုံးသပ် အဆုံးအဖြတ်ပြုထားအပ်သော စာအုပ်ဖြစ်၍ ဗုဒ္ဓဒေသနာတော်နှင့် လောကီရေးရာကို ညှိနှိုင်းဝေဘန်ရာတွင် အမေးအဖြေသဘောဖြင့် စီစဉ်ထားပုံမှာ ယခုခေတ် ပညာတတ် သူတော်သိမျှား အဘို့ ဘာသာရေး စူးစမ်းမှုတွင် အတော်ပင် အထောက်အကူ ဖြစ်စေနိုင်ပေသည်။

၁၉၂၉-ခုနှစ်ထုတ်စာအုပ်၏နိဒါန်းတွင် ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်းကို ထုတ်ဖော်ရှင်းပြထားပုံမှာ အတော်ပင် စိတ်ဝင်စားဘွယ်ဖြစ်သဖြင့် **သိတန်သလောက်ကို** စာဘတ်သူမျှား **နားရှင်းနိုင်သမျှ** ရှင်းရလေအောင် ကောက်နှုတ် ဖော်ပြရပါလျှင်—

> "The recent War proved many things, among them being the failure of Christianity to stand the acid test of emergency, and the danger of scientific knowledge ahead of national morality."

**မြန်မာပြန်မှာ** မကြာမီက (ပြီးခဲ့သည့် ပဌမကမ္ဘာ)စစ်ကြီးမှ ပေါ်ထွက်လာသော ပြဿနာပေါင်း များစွာ အနက် ခရစ်ယာန်ဘာသာ၏ တကဲ့ အကြပ်အတည်း ကျလျှင် "ခေတ်စမ်းမခံနိုင်ခြင်း" နှင့် (လူတွေကလည်း) မိမိတို့ အနွယ်စောင့် ကျင့်ဝတ်ထက် သိပ္ပံပညာကို အလေးပေး အထင်ကြီးနေကြသည့် **အန္တရာယ်**တို့လည်း ပါဝင်နေကြလေသည်။

ဖြေရှင်းနိုင်ရန် နည်းလမ်း ရှာဖွေရာတွင် နိုင်ငံခြား ဘာသာများအနက်—

"Buddhism's all-pervading influence is due to its being at the same time scientific and religious, in the finest sense of the terms, for it is an aspect of the Wisdom which unites them both."

**မြန်မာပြန်မှာ** ဗုဒ္ဓဘာသာ၏ အလုံးစုံ ထိုးထွင်း၍ သိနိုင်စွမ်းသော သဘောသတ္တိမှာ ၎င်း၏ သိပ္ပံနည်းလည်းကျ ကိုးကွယ်ရာသဘောလည်း ရှိခြင်းကြောင့် ဖြစ်ရာ ထိုအချက် နှစ်ခုစလုံးကိုပင် ငုံခြုံမိစေနိုင်သော (ဗုဒ္ဓ) ဉာဏ်တော်၏ သဘာဝလက္ခဏာပင် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် မကြာခဏ ထပ်တလဲလဲ မေးနေကြသည့် "ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲ" ဟူသော အမေး ပြဿနာကို အနောက် တိုင်းသားတို့ အမြင်ဖြင့် (အနောက်တိုင်းသားများ အတွက် ရည်ရွယ်၍) ဤ အဖြေပေးစာအုပ်ကို ပြုစုထုတ်ဝေလိုက်ရခြင်း ဖြစ်သည်ဟုဆို၏။

အထက်တွင် ထုတ်ဖော် ဝန်ခံထားသည့်အတိုင်း သိပ္ပံပညာအပေါ်၌ အမွန်းတင် အထင်ကြီးခဲ့သည့် ရောဂါဆိုးမှာ လွန်ခဲ့

သည့် အနှစ်ငါးဆယ် လောက်ကပင် အနောက်နိုင်ငံ များမှာ အတော်ပင် ကူးစက်ပျံ့နှံ့ပြီး ကြမ္မာဆိုးဝင်ခဲ့ကြောင်း ထင်ရှားပေသည်၊ ထိုအန္တရာယ်ကို အမြစ်ကတွန်းလှန်၍ အမှန်ကို သိမြင်လာနိုင်စိမ့်သောငှါ ထိုစာအုပ်တွင် နေရာအနှံ့ အပြား၌ သိပ္ပံပညာကို ဗုဒ္ဓဓမ္မနှင့် ဟပ်ကာ ဟပ်ကာ လေးလေး နက်နက်ဝေဘန်သုံးသပ် အဆုံးအဖြတ် ပြုထားကြသည့် အချက်ပေါင်းများစွာတို့မှ သိတန်သလောက် အနည်းငယ် ကောက်နုတ်ဖော်ပြလိုက်ပါလျှင်—

(က) What is Buddhism ခေါင်းစဉ်အောက် စာမျက်နှာ (၁၀)တွင် The whole trend of modern science is to prove the accuracy of the Buddha's analysis of phenomena.

မြန်မာပြန် ယခု ခေတ် သိပ္ပံ ပညာရပ်၏ လုပ်ရပ်စဉ်တခုလုံးသည် ဗုဒ္ဓဘုရား ရှင်၏ သဘာဝ ရုပ်ဓမ္မကို ခွဲခြမ်း စိတ်ဖြာ ဟောပြော ရာ၏ တိကျ မှန်ကန်ကြောင်းကို ထောက်ကူ တင်ပြရာပင် ဖြစ် ပေ သည် ဟူ၍ရင်း။

(ခ) Buddhism & Science (ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာ) ခေါင်းစဉ်အောက် စာမျက်နှာ (၁၉၀) ၌—

"Where, however, the two circles of enquiry intersect the tendency of modern science is to corroborate the Buddha's Teachings, while no one of its principles has it ever yet disproved."

မြန်မာပြန် ဗုဒ္ဓဘာသာ အယူအဆနှင့် သိပ္ပံပညာ အယူအဆ ဝိဝါဒ ရှိသော အချက် များတွင် ယခုခေတ် သိပ္ပံပညာကသာ ဗုဒ္ဓ၏ ဟောပြော ချက် များကို လိုက်လျော ထောက်ခံရလေ့ ရှိသည်သာမက ဗုဒ္ဓ၏ အခြေခံတရားတို့တွင် တစုံတရာ ချိန်မကိုက်ဖြစ်နေသည်ဟု ယခုအထိ မပြနိုင်သေးချေဟူ၍ရှင်း။

(ဂ) အထက်ပါ ခေါင်းစဉ် အောက်မှာပင် စာမျက်နှာ (၁၉၀-၁၉၁)၌—

"Not that we consider that everything described as Scientific" must be true.

မြန်မာပြန် "သိပ္ပံ နည်းကျသည် ဆိုတိုင်း မှန်ရမည်" ဟု ကျွန်ုပ်တို့ မယူဆဟူ၍ရှင်း။

(ဃ) အထက်ပါခေါင်းစဉ်အောက် စာမျက်နှာ(၁၉၁)၌—

"How can Science claim to be the touchstone of Truth.

မြန်မာပြန် သိပ္ပံ ပညာသည် အရိယသစ္စာ အတွက် မှတ်ကျောက်မဟုတ်ဟူ၍ရှင်း ဝေဘန် သုံးသပ် အတိအကျ အဆုံး အဖြတ် ပြုထားကြသည်ကို တွေ့ရပေသည်။

ထို့ပြင် အထက်က ဗုဒ္ဓဘာသာ ပြန့်ပွားလာပုံ အခန်းတွင် ဖေါ်ပြခဲ့သည့် ဂျာမန်ဘာသာဖြင့် (Arzt) ဂရိဘာသာဖြင့် (Archiatros) အင်္ဂလိပ်ဘာသာဖြင့်(Supreme healer)မြန်မာ

ပြန်အားဖြင့် **ပျောက်စေဆရာ** အမည်ဖြင့် ဂျာမန် နိုင်ငံတွင် အထူးထင်ရှားခဲ့သော ဆေးပညာဘက် ဆိုင်ရာ သိပ္ပံပါရဂူကြီး တဦးဖြစ်သူ Dr. Paul Dahlke (ဒေါက်တာ ပေါ(လ်)ဒါးလ်ကဲ)သည် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် အိန္ဒိယ၊ သီဟိုဠ်၊ မာလာယနှင့် တောင်သမုဒ္ဒရာရှိ ကျွန်းများအပါအဝင် ဗုဒ္ဓဘာသာ ထွန်းကားပျံ့နှံ့ခဲ့ရာ တိုင်းနိုင်ငံ အရပ်ရပ်တို့၌ ဗုဒ္ဓဘာသာကို အထပ်ထပ် လှည့်လည်စူးစမ်းလေ့လာ ကျေနပ်လက်ခံပြီးနောက် ဗုဒ္ဓပိဋကတ်တော်မှ ဓမ္မပဒပါဠိတော် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်မှ အချို့အဝက်ကို ဂျာမန်ဘာသာသို့ ကျမ်းစာအဖြစ်သာမက ကျောင်းသုံးအဖြစ် သုံးနိုင်အောင်အထိ ပြန်ဆိုရေးထုတ်ခဲ့သည့်ပြင် အများဘတ်ရှုနားလည်နိုင်စေသော ကျမ်း အမြောက်အမြား ထုတ်ဝေဖြန့်ချိခဲ့ရာ၌ **ဗုဒ္ဓဘာသာနှင့်သိပ္ပံပညာ** Buddhism and Science အမည်ဖြင့် ကျမ်းစာတအုပ်ရေးထုတ်ဖြန့်ချိခဲ့ခြင်းဖြင့် သိပ္ပံပညာ၌ အမှန်းတင် အထင်ကြီးနေသည့် ရောဂါဆိုးကို "ပျောက်စေဆရာနည်း"နှင့်အပျောက်ကုစားပြီးခဲ့လေပြီ၊ တရပ်။

ထို့ပြင် ဥပသကာအမည်ခံ အခြား ဂျာမန်အမျိုးသား သိပ္ပံပါရဂူကြီးတဦးက"ယခုခေတ်သိပ္ပံ"ပညာသည် အံ့ဘွယ်ဖြစ်ပါပေသည်၊ သို့ရာတွင် ဗုဒ္ဓရှင်တော်ဘုရား၏ သိပ္ပံပညာနှင့် နှိုင်းစာလျှင် (Infinitesimally small particle) မပြောပြနိုင်လောက်အောင် သေးငယ်လှသောအစိတ်အပိုင်းကလေးမျှသာဖြစ်သည်ဟု ၁၉၂၇-ခုနှစ်ထုတ် မဟာဗောဓိဂျာနယ်တွင် ဘတ်ရှု မှတ်သားလိုက်ရဘူးခြင်းတသွယ်၊ ထိုပြင် ကမ္ဘာကျော်ဗြိတိသျှပညာရှိကြီး Bertrand Russel (ဘာထရင် ရပ်ဆဲ) ယခု Lord Bertrand

Russell (လော့(ဒ်)ဘာထရင် ရပ်ဆဲ) [၁] ကလည်း ၎င်း၏ ၁၉၃၄ ခုနှစ်ထုတ် SCEPTICAL ESSAYS [၂] စာအုပ်နိဒါန်းတွင်—

"I am prepared to admit any well-established result of science, not as certainly true.
မြန်မာပြန် ကျွန်ုပ်သည် တကယ် အခိုင်အမာ အတည်ပြုပြီးဖြစ်သည့် သိပ္ပံပညာ အောင်မြင်မှု တစုံတရာကို လက်ခံ မည်သာ ဖြစ်သည်၊ သို့ရာတွင် တထစ်ချမှန်သည်ဟူ၍တော့ မဟုတ်ချေဟူ၍၎င်း၊ တဖန် ထိုစာအုပ်မှာပင်—IS SCIENCE SUPERSTITIOUS?
မြန်မာပြန်မှာ သိပ္ပံပညာသည် အယူသည်း မှုပင် လောဟုပင် တခက်း တကဏ္ဍအဖြစ် စီစစ်ဝေဘန်ထားသည်ကို တွေ့ရပေသည်။

---

[၁] Lord Bertrand Russell-အဘိဓမ္မာဒေသနာ၌ပစ္စည်းပစ္စယုပ္ပန် ဆက်ဆံခြင်း၏ အထူး အရေးကြီးပုံကို ဝန်ခံချီးကျူးပြီး၊ ထိုပစ္စယ တရားတို့၏ နာမ်အလား၊ ရုပ်အလားတို့၌ ဉာဏ်သွားမမိရှိနေရကား၊ ဂရိလူမျိုး ပရမတ်ဆရာကြီး ပလေးတိုး ဟောပြောသော ပညတ်စကားများနှင့် နှိုင်းယှဉ်စံထား တင်စားဟောပြောလျက် ရှိသည့်ဘာထရင်ရပ်ဆယ်၏ စကားလေးခွန်းဟု တချိန်တွင် ပေါ်ထွန်းထင်ရှား ကျော်ကြားခဲ့သော မပြတ်မသားရှိနေသည့်ပြဿနာကြီးကို မစ္စက်ရိုင်း(စ်) ဒေးဗစ်၏ လျှောက်ထား တောင်းပန်ချက်အရ၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပြတ်သား တိကျလှသော ဓမ္မဖြတ်ထုံးကြီးဖြင့် ချီးမြှင့်မိန့်ဟာ ဝိနိစ္ဆယပြုတော်မူခဲ့ရလေသည်။
(ဟံသာဝတီတိုက်ထုတ်— သာသနဝိသောဓနီ—တတွဲ-နှာ—၁၀၇ မှာရှုပါ)

[၂] George Allan & Unwin Ltd., Museum Street, London.



တောင်ဘက်စောင်းတန်း မုခ်ရင်းတန်ဆောင်းတော်
ဦးငွေ-ဒေါ်စိုးချုံနှင့် သားသမီးများ။

# ဗုဒ္ဓဘာသာကို စိစစ်စူးစမ်းပုံ

အထက်ပါတို့ကြောင့် ယခုတလော မြန်မာပြည်တွင် ခေတ်သစ်ဗုဒ္ဓဘာသာဝင် မြန်မာ လူငယ် များ၏ စိတ်ကို အတော်ပင် ဂယောင်ချောက်ခြား စိတ်ထားဖေါက်ပြန်စေခဲ့သည့် **ဗုဒ္ဓတရားတော်ကို သိပ္ပံနည်းကျကျ လေ့လာရန်** စသည်ဖြင့် ခေတ်စမ်းသဘော ထွင်ခဲ့သော စကားလုံး၏ အမှောင့်ပယောဂ အတွက် တစုံတရာစိုးရိမ်ဘွယ် ကြောင့်ကြစိုက်ဘွယ် မရှိတော့ချေဟု ထင်မြင်ယူဆမိပေသည်။

သို့ဖြစ်ရကား ဤသမိုင်းအစ အချီးကဏ္ဍတွင် ဖေါ်ပြခဲ့သည့် **ဗုဒ္ဓဘာသာဝင် စစ်တမ်း** နှင့် ဤအခဏ်းတွင် အကိုးအကား ပြုထားသော **"ဗုဒ္ဓဘာသာဆိုတာ ဘာလဲ"** အမည်ရှိ စာအုပ်မှ ဆီလျော်ရာ ဝေဘန် တင်ပြချက် တို့ကို တွဲဘက် နှိုင်းယှဉ်ကာ ထိုစစ်တမ်းအတွက် လိုအပ်သည့်အထောက်အကူကို ရရှိလောက်ကောက်နုတ်တင်ပြပါအံ့။

**"ဗုဒ္ဓဘာသာဝင်စစ်တမ်း"** ပါ အဓိကအချက်များအနက်—

(က) ကောင်းမှု မကောင်းမှု၏ ကောင်းကျိုး, မကောင်းကျိုး၊
(ခ) အကျိုးဆက်အလိုက် ကူးပြောင်းကျင်လည်ရာ ဘဝသစ်၊
(ဂ) ဘဝသစ်ယူရာ တမလွန်လောက—

ဟူသော လိုရင်း အချက်ကြီး သုံးချက် အတွက် ပဌမ စိစစ်ရှင်းလင်း တင်ပြရန် လိုအပ်သဖြင့် အောက်ပါ ဆီလျော်ရာ ကောက်နုတ်ချက်တို့ကို တင်ပြလိုက်ပါသည်။

Karma, or Cause and Effect ခေါင်းစဉ်အောက် (စာမျက်နှာ-၇၄) ၌ သင်္ကရိုက် ဘာသာ အရ "ကာမ" ပါဠိဘာသာအရ "ကမ္မ" အဓိပ္ပါယ်မှာ ပြုလုပ်မှု, ပြုလုပ်ခြင်း

အပြုအမူ၊ တနည်း ဆိုရသော်—အကြောင်း တရားနှင့် အကျိုး တရား ဖြစ်ကြောင်း၊ ပြုအပ်သော အကြောင်း တရား အလိုက် အကျိုးတရား ဖြစ်ပေါ်ကြောင်းတို့ကို ဗုဒ္ဓ ပိဋကတ်တော်လာ ဒေသနာအရနှင့် အနောက်တိုင်း ပညာရှိများ ရေးသားသော ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များပါ စကားရပ်များကို ကိုးကား ဝေဘန် လက်ခံ တင်ပြထားသည့်အပြင်—

အနှစ် နှစ်ထောင်အတွင်း တရားဟောစင်များမှ ကြွေးကြော် ဟောပြောလျက်ရှိသော (အောက်ပါ) သမ္မာ ကျမ်းစာလာ တရားများကို ခရစ်ယန်ဘာသာဝင်များမှာ ကြားနိုင်ရန် နားရှိ ပါလျက် မကြားခဲ့ကြ နားမလည်ခဲ့ကြယောင်တကား။

Be not deceived. God is not mocked,
For whatsoever a man soweth, that shall he also reap.

မြန်မာပြန် အလိမ်မခံရပါစေနှင့် (ဝါ) အထင်အမြင် မမှားကြပါစေလင့်၊ ဘုရားသခင်ကို ပြက်ရယ်ပြုလို့ မရ၊ လူတယောက်သည် မိမိ စိုက်ပျိုးသမျှအတိုင်းသာ မိမိ ရိတ်သိမ်းရမည်။

ဟု ခရစ်ယန် သမ္မာ ကျမ်းစာမှ ကောက်နုတ် ဖော်ပြ၍ ကိုးကား တင်ပြထားသည်ကို တွေ့ရပေသည်။

တဖန် **စာမျက်နှာ ၈၇-၌** အနောက်နိုင်ငံ လက်ရေး ဆရာ ကြီးများသည် ဤသဘောတရားကို မကြာခဏ ထုတ်ဖော် ရေးသားကြသည်ကို တွေ့ရရာ ဇာတိနွယ်လာ အရပင် ခရစ်ယန် ဘာသာဝင် အမျိုးသမီးတဦးဖြစ်သော အမျိုးသမီး စာရေး ဆရာမကြီး Ella Wheeler Wilcox (အယ်လာဝှီးလာ-ဝီး(လ်)

# ဗုဒ္ဓဘာသာကို စိစစ်စူးစမ်းပုံ

ကောက်(က်-စ်)၏ "The Law" (ဓမ္မပဒေ) အမည်တပ်ထားသည့် ဤသဘောတရားကို အကောင်းဆုံး သရုပ်ဖော်ထားသော အောက်ပါလင်္ကာကို ထည့်သွင်း ဖော်ပြ ကိုးကားထားသည်ကို တွေ့ရပေသည်။

From body to body your spirit speeds on:
It seeks a new form when the old one has gone,
And the form that it finds is the fabric you wrought,
On the loom of the mind with the fibre of thought.

As the dew is drawn upwards, in rain to descend-
Your thoughts drift away and in destiny blend,
You cannot escape them, or petty or great,
Or evil or noble, they fashion your fate.

## မြန်မာပြန် ရှစ်လုံးဘွဲ့ လင်္ကာ

ခန္ဓာတခုမှ—တခုကိုပင်၊
သင့်ဝိညာဉ်ခဲ—အမြဲလျှင်လျှင်၊
အဟောင်းပစ်၍—အသစ်ကိုပင်၊
(တဆက်ထဲ)ပြေးစွဲ—ရှာလို့ဝင်။

ခန္ဓာသစ်၏—အသွေးသွင်ပြင်၊
သင်ပင်ရက်သည့်—အကွက် အဆင်၊
"စိတ်"ရက်ကန်းနှင့်—"စိတ်ကူး"ချည်မျှင်၊
သင်ပင်ရက်သည့်—လက်ရာ အတိုင်းပင်။

နှင်းပေါက်ငယ်များ—တက်သွားကောင်းကင်၊
မိုးပေါက်အဖြစ်—ကျဘို့ပုံသွင်၊

သင့်စိတ်ကူးများ—ပျောက်သွားလှင့်စင်၊
နောက်ပိတ်ဆုံး—အားလုံး ရောဘိုပင်။

ကြီးငယ်မခြား—အလားတူပင်၊
အဆိုးအကောင်း—ရင်းနှင်နှင်၊
သင့်ကံကျိုးပေး—အသေးသွင်ပြင်၊
လွဲမရ—မူလ ပြုတိုင်းပင်။

**တဖန် စာမျက်နှာ(၉၂)** Rebirth ဘဝသစ်ယူခြင်း (ဝ၁) ဘဖန်ဘဝယူရခြင်း၊ ခေါင်းစဉ်အောက်၌ **ဘဝသစ် ယူခြင်းသည် ကံ, ကံ၏အကျိုးဆက်အရဖြစ်ကြောင်း ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်၍ ရင်းအတိုင်းပင် ကျွန်ုပ်တို့ စွဲမြဲယုံကြည်ကြောင်းဟူ၍ရင်း။**

**စာမျက်နှာ (၉၃)** ၌ ဤအယူအဆသည် အနောက်နိုင်ငံ၌ အဆန်းလို ဖြစ်နေသော်လည်း မနုဿဗေဒ ပါရဂူကြီးများသည် ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းမှာ လိုပင် ဤအယူ အဆ ရှိနေကြောင်း တွေ့သိကြပြီးဖြစ်သည်၊ ထို့ပြင် Plato*(ပလေးတိုး)မှ Origen (အိုရိဂျင်) အထိရင်း၊ Blake (ဘလိပ်) မှ Schopenhaur (ရှိုပင်းဟော) အထိရင်း၊ Goethe (ဂိုအက်) Boehme (ဘိုမ်)Kant(ကန့်)နှင့်Swedenborg (ဆွီဒင်ဘော့)မှ Browning (ဘရောင်းနင်း) Emerson (အီမာဆန်) Walt

* ခရစ်တော် မပေါ်မီ ၄၂၇–၃၄၇–တွင် ဂရိနိုင်ငံ၏ ထင်ရှားသော ပရမတ်ဆရာကြီးဖြစ်သည်၊ သာသနာသက္ကရာဇ် ၁၁၇–၁၉၇–အတွင်းဖြစ်သည်။



ဆားဖိုနှင့်ဆန်စက်များပိုင်ရှင်၊
ဦးဘစန်း–ဒေါ်မယ်ကျင် နှင့် သားသမီးများ။

Whitman (ဝေါ့ဝှစ်တမင်း) နှင့် ဥရောပနှင့် အမေရိကရှိ ယနေ့ ကမ္ဘာတွင် ထင်ရှားနေသော ပညာရှင်ကြီးများ တို့ တွင်လည်း ဤအယူအဆရှိနေကြောင်းတွေ့ရပေသည် ဟူ၍၎င်း၊E.D.Walker (အီ-ဒီ-ဝေါကား) ရေးသော အထောက် အထား အကိုး အကား များစွာဖြင့် ဤအယူအဆကို အစေ့အစပ် ရှင်းလင်း တင်ပြထားသည့် Re-incarnation (ဘဝသစ်ဖြင့် ကူးပြောင်း ကျင်လည်ခြင်း) ဆိုသော စာအုပ်ကို ကြည့်ခြင်း အား ဖြင့် လည်း ဤဘဝသစ်ယူခြင်း အယူအဆသည် အနောက်နိုင်ငံ များ၌ မည်မျှပင် အနှံ့အပြား ထွန်းကား ပျံ့နှံ့လျက် ရှိသည်ကို သိသာ နိုင်ပေသည် ဟူ၍၎င်း၊ တဖန် စာရေး ဆ ရာ ကြီး Dr,Evan-Wentz (ဒေါက်တာ အီဗန်ဝင့် (ဇ်) ) က Republic ဆိုသော စာအုပ်မှ ကောက်နုတ်ချက် များကို ဖော်ပြရာတွင် Plato (ပလေးတိုး)က- ဂရိ (စ်) လူမျိုး သူရဲကောင်းကြီး များသည် မိမိတို့၏ နောက်ဘဝတွင် အလိုရှိသော ခန္ဓာမျိုးကို ရွေးချယ်ကြရာ၌ ခွန်အား ဗလအတွက် တန်ခိုးကြီးမားလိုသူက ခြင်္သေ့ ခန္ဓာကို၎င်း၊ အသံ သာယာမှုဖြင့် တန်ခိုး ကြီး မား ကျော်ကြား လိုသူက ဥသြငှက်၏ ခန္ဓာကို၎င်း ရွေးချယ်ကြ သည်ဟု ဟောပြောဘူးကြောင်း။

ထို့ပြင် Pindar (ပင်းဒါး) Empedocles (အင်ပီဒိုဆီး (လ်-စ်) Pythagoras * (ပီသ ဂေါရပ် (စ်) ) နှင့်

---

* ခရစ်တော် မပေါ်မီ ၅၃၂–နှစ် (သာသနာ ၁၂–နှစ်)တွင် ပေါ်ထွန်းသည့် ဂရိပရမတ်ဆရာကြီး ဖြစ်သည်။

Socrates * [ဆိုကရေးတီး(စ်)] တို့သည်လည်း **ဘ၀သစ်ယူကြောင်း** တရားကို ဟောပြောခဲ့ကြကြောင်းဖြင့်လည်း ရေးသားလေသည်-ဟူ၍ရင်း ဖေါ်ပြထား၏။

ထို့ပြင် ခရစ်ယန် သမ္မာကျမ်းစာ ဓမ္မသစ်၌—

**ရှင်မဿဲ** (Maths:)အခန်း ၁၆ အပိုဒ် ၁၃-၁၆-တွင် ယေရှုခရစ်အား ဂျွန်သည်ဘက်ပတစ် ၀င်စားသည်ဟူ၍ရင်း, ဂျယ်ရီမီယာ ၀င်စားသည်ဟူ၍ရင်း, အီလီဂျာ ၀င်စားသည်ဟူ၍ရင်း အမျိုးမျိုး ကောဋ္ဌာဟလဖြစ်နေခဲ့သည်ဟူ၍ရင်း။

**ရှင်မာကု** (Mark) အခန်း ၆ အပိုဒ် ၁၄-၁၆-တွင် ဟီရော့ဘုရင်က ယေရှုခရစ်အား ဂျွန်သည်ဘက်ပတစ် သေရာမှ ထလာသူဖြစ်သည်ဟု ယူဆကြောင်းဟူ၍ရင်း။

**ရှင်မာကု** (Mark) အခန်း ၉ အပိုဒ် ၁၁-၁၃-တွင် အလားတူသဘောသွားမျိုး ရှိသည့် ဟောပြောချက်တို့ကိုရင်း "ဘ၀သစ်ယူခြင်း" တနည်းဆိုရသော် "လူ၀င်စား" အယူအဆရှိခဲ့ကြခြင်းကို အစအန ဖတ်တွေ့ မှတ်သားရဘူး၏။

ထို့ပြင် ခရစ်ယန် သမ္မာကျမ်းစာ ဓမ္မသစ် ဓမ္မဟောင်းတို့၌ရင်း၊ မဟာမေဒင် ဘာသာ ကိုရန်ကျမ်း၌ရင်း၊ ဤလူ့ဘုံ

* ခရစ်တော် မပေါ်မီ ၄၆၉-၃၉၉ (သာသနာ ၇၅-၁၄၅) တွင် ပေါ်ထွန်းသော ဂရိလူမျိုး ကမ္ဘာကျော်ပုရမတ်ဆရာကြီး ဖြစ်သည်။

လောက လူ့ဘဝမှအပဖြစ်သော ကောင်းကင်ဘုံနှင့် ငရဲဘုံ ရှိကြောင်း အထင်အရှားဖော်ပြထားခြင်းမှာ ကမ္ဘာက အသိပင် ဖြစ်ပေသည်။

ဤ ပြဆိုအပ်ခဲ့ပြီးသော ရှင်းလင်းတင်ပြချက်များအရ ဗုဒ္ဓဘာသာဝင် စစ်တမ်းပါ လိုရင်းအဓိကအချက်များအနက်—

(က) ကောင်းမှု, မကောင်းမှု၏ ကောင်းကျိုး, မကောင်းကျိုးနှင့်၊

(ခ) အကျိုးဆက်အလိုက် ကူးပြောင်းကျင်လည်ရာ ဘဝသစ်—

ဆိုသော အချက်နှစ်ချက်အတွက် ပြေလည်စွာ ဖြေရှင်းပြီးသားဖြစ်နေသည့် အလျောက် ဗုဒ္ဓဘာသာဝင် စစ်တမ်းပါ သက်ဆိုင်ရာ အချက်များပေါ်၌ ထားရှိခဲ့ကြသော **သံသယ**ကို ကျေနပ်စွာ ဖယ်ရှားဖျောက်ဖျက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ရပေသည်။

ယခုကျန်ရှိနေသေးသော (ဂ) အချက်ဖြစ်သည့် **ဘဝသစ်ယူရာ တမလွန်လောက**နှင့်စပ်လျဉ်း၍ အထက်ပါ ရှင်းလင်းချက်များတွင် ပါသင့်သလောက်ပါခဲ့ပြီး ဖြစ်သော်လည်း အောက်ပါတို့ကို ထပ်မံ ရှင်းလင်းတင်ပြပါအံ့။

The Wheel of Causation (ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်) စာမျက်နှာ ၇၆-မှ ၈၁-ထိတွင် သံသရာစက် ရှိကြောင်း, ထိုသံသရာစက် အတွင်း၌ သတ္တဝါတဦးသည် ဘဝသစ် ယူကာ ယူကာ အထပ်ထပ်ကျင်လည်ကျက်စား ပြေးသွားနေရကြောင်း, ဤကဲ့သို့ ကျင်လည်ကျက်စား ပြေးသွား ကူးပြောင်းနေရခြင်း သည်လည်း ဟုတ်တိုင်းမှန်ရာကို မသိသော **အဝိဇ္ဇာ** အရင်းခံဖြင့်

ကောင်းနိုးရာရာ တွယ်တာ တပ်မက်ခြင်းတည်းဟူသော "တဏှာ" ၏ အစွမ်းကြောင့်ပင် ဖြစ်ကြောင်းတို့ကို ပိဋကတ်တော်လာ ဒေသနာ အကိုးအကားများဖြင့်၎င်း၊ အနောက်တိုင်းပညာရှိများ ရေးသား ပြုစုကြကုန်သော စာအုပ်များကို ကိုးကား၍၎င်း အကျယ်တဝင့် ရှင်းလင်းတင်ပြထားသည်ကို တွေ့နိုင်ပေသည်။

တဖန် The Four Paths & the Fetters. မဂ် လေးပါးနှင့် သံယောဇဉ် ၁၀-ပါး ခေါင်းစဉ် အောက်တွင် စာမျက်နှာ (၁၀၆)၌ စတုတ္ထအဆင့်ဖြစ်သော အရဟတ္တမဂ်နှင့် စပ်လျဉ်း၍ သံယောဇဉ် ၁၀-ပါးအနက်မှ ကျန်နေသေးသော (ဥဒ္ဓံဘာဂိယ) သံယောဇဉ် ၅-ပါးမှ **ရူပရာဂသံယောဇဉ်ကို** တင်ပြရာ၌—

> The former [Desire for separate-life in the world of form (rupa)] relates to the world as we know it, and to those realms beyond the grave, in which, though free from an earthly body, man is no less clothed in matter, though matter of a far more tenuous form.

**မြန်မာပြန်** ရူပရာဂ သံယောဇဉ်မှာ ကျွန်ုပ်တို့ သိသော ဤ ကမ္ဘာလောကနှင့် **လုပ်တိုင်းကုန်း၏ ဟိုဘက်မှာရှိသော** ဘုံဘဝတို့နှင့် သက်ဆိုင်သည်၊ ထိုဘုံဘဝရှိ သတ္တဝါသည် လူ့ရုပ် လူ့ရွာက လူ့ခန္ဓာမှအလွတ်ဖြစ်သော်လည်း အလွန် နူးညံ့သိမ်မွေ့ လှသော သုခုမရုပ်တို့ဖြင့် တည်ဆောက်အပ်သော ရုပ်ခန္ဓာရှိသည့် သတ္တဝါ ပါပေတည်း။

ထို့နောက် တဆက်တည်း This too is life within the whirlpool of illusion, even though compared with earth, it seems to some as Heaven.



(ဦးမောင်ကြွေး အာရုဏ်ခံတန်ဆောင်း)
ထပ်မံပြင်ဆင်မွမ်းမံသူ ဆန်စက်ပိုင်ရှင် ဦးဘရွှေ-ဒေါ်သိန်းမြနှင့်
သားသမီးမြေးတစု။

## ဗုဒ္ဓဘာသာကို စိစစ်စူးစမ်းပုံ

**မြန်မာပြန်** ဤ ဘုံဘဝသည်လည်း လူတို့နေရာ ကမ္ဘာ လောကနှင့် နိုင်းစာလျှင် အချိုးသော သူတို့အား ထာဝရ ကောင်းကင်ဘုံ, (ဝါ) နိဗ္ဗာန်ဟုပင် ထင်မြင်စေနိုင်သော်လည်း (အမှန်မှာ) မှောက်မှားသော အသိ တည်းဟူသော ဝဲသြဃ (အဝိဇ္ဇောဃ)အတွင်းရှိ ဘုံဘဝသည်သာလျှင်တည်းဟု တင်ပြ ထားခြင်းကြောင့် (ဂ) အချက်အတွက် လိုရင်းအဖြေဖြစ်သည့် **ဘဝသစ်ယူရာ တမလွန်လောက** ရှိကြောင်းကိုလည်း အနောက် တိုင်းသားပညာရှိများ အကျေအနပ် လက်ခံထားပြီးဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုသို့ဖြစ်ရာ ဤလောကနှင့် တမလွန်လောကကို ကိုယ်တိုင် ဒိဋ္ဌသိ၍ မျက်မှောက်ပြု၍ ဟောကြားကြပေကုန်သော ဘုရား အစရှိသော အရိယာ သူတော်ကောင်းတို့ ရှိကြကုန်၏ ဟူသော **ဗုဒ္ဓဘာသာဝင်စစ်တမ်း၏ နောက်ဆုံးအချက်ကြီး** အတွက်လည်း အလိုလိုဖြေရှင်းပြီးသားဖြစ်နေကြောင်းကို ကျေနပ်လက်ခံနိုင်ကြ လိမ့်မည်ဟု ယုံကြည်ရပေသည်။

## ဤအချက်အတွက် အထောက်အကူအဖြစ် တင်ပြရသော်

**ဗုဒ္ဓမြတ်စွာဘုရားအား** All-Enlightened One သိဘွယ် ဓမ္မ ရှိသမျှကို ကိုယ်တော်တိုင် မှန်သော အတိုင်း အလုံးစုံ ထိုးထွင်း၍ သိတော်မူသော **သမ္မာသမ္ဗုဒ္ဓ** ဟူ၍၎င်း, Fully-Enlightened One (အလုံးစုံ မကြွင်းမကျန် သိတော်မူသော သဗ္ဗညုတာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား) ဟူ၍၎င်း အဆိုပါ "**ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲ**" စာအုပ် နေရာအနှံ့

အပြားတွင် နှစ်နှစ် ကာကာ ကျေနပ် လက်ခံ ဖော်ပြထား ခြင်းပင် ဖြစ်ပေသည်။

## ဓမ္မအကြောင်း

"ဗုဒ္ဓ"၏ အကြောင်းကို ဖော်ပြပြီး၍ ဗုဒ္ဓရှင်တော်၏ "ဓမ္မ" တရားတော်ကို အနောက်တိုင်း ပညာရှင်များ ဝေဘန် သုံးသပ် ထားပုံကို အလျင်းသင့်သဖြင့် အကျဉ်းသခ်ေပ ဖေါ်ပြရသော်—

The Meaning of Dhamma(ဓမ္မ၏အဓိပ္ပါယ်) ခေါင်းစဉ် အောက်(စာမျက်နှာ-၂၀)၌ "ဓမ္မ" ဆိုသော စကားလုံးအတွက် တူမျှသော အင်္ဂလိပ် စကားလုံး မရှိ၊ သို့ဖြစ်၍ အမျိုးမျိုး ဆန်းစစ်ကြည့်ရာ—

The Buddha Teaching carries its own punishment if disobeyed."

မြန်မာပြန်မှာ ဗုဒ္ဓ ဒေသနာ တော်သည် မလိုက်နာက အပြစ်ရှိစေ၏ သဘောရှိရကား—

"ဓမ္မ"သည် လိုက်နာ စောင့်စည်းရမည့် တရား(The Law) ဟု အဓိပ္ပါယ်ရသည် ဟူ၏၊ ကမ္ဘာလောကဓာတ်ကြီး တခုလုံး လိုက်နာ စောင့်စည်းရမည့်တရား (The Law of Universe) (ဝါ) လောကပါလ ဓမ္မဥပဒေ (**လောကပါလဓမ္မဥပဒေ**) ဟု စသည်ဖြင့် ဝေဘန်သုံးသပ် အဓိပ္ပါယ် သတ်မှတ်ကြ လေသည်။

ဤ "ဓမ္မ" ကား ကမ္ဘာပေါ်ရှိ သုံးပုံတပုံ၏ အထက်ဖြစ် သော ကမ္ဘာသူ ကမ္ဘာသားတို့ သက်ဝင်ယုံကြည် အားထား လက်ခံပြီး ဖြစ်ကြောင်း ထပ်လောင်း ဖော်ပြကြ ပြန်သည်၊ (စာမျက်နှာ ၄-နှင့် ၁၁-တွင်ကြည့်ပါ။)

တဖန်-What is Buddhism?(ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲ) ခေါင်းစဉ်အောက် (စာမျက်နှာ ၉-၁၀-တို့၌)

Modern research tends to show the probability of the majority of religious teachers and philosophers since 500 B.C., as having been directly or indirectly influenced by Buddhist thought, from Pythagoras and Plato to Schopenhaur and Bergson, and from Jesus to Auguste Comte.

မြန်မာပြန်မှာ မျက်မှောက်ခေတ် သုတေသနအရ ခရစ်တော်မပေါ်မီ အနှစ် ၅၀၀-လောက်ဆီ (ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ခိုအောင်းတော်မူပြီးသည့်နောက် အနှစ်၄၀-ကျော်အကြာ) မှစ၍ Pythagoras [ပိုင်သဂေါရပ်(စ်)]နှင့် Plato (ပလေးတိုး) တို့မှ Schopenhaur(ရှိုပင်းဟော)နှင့် Bergson (ဘာ့-ဂ-ဆန်)* တို့အထိဝင်း၊ Jesus(ယေရှု)မှ Auguste Comte(အောဂတ်စတီကွမ်မတီ)အထိဝင်း အစရှိသော ဘာသာရေး တရားဟောဆရာကြီးများနှင့် ပရမတ်ဆရာကြီး အများစုတို့သည် တိုက်ရိုက် အားဖြင့်ဝင်း၊ သို့မဟုတ် သွယ်ဝိုက်သောနည်း အားဖြင့်ဝင်း၊ ဗုဒ္ဓဝါဒ အယူအဆ သဘောတရားတို့၌ နှစ်ခြိုက်လိုက်ကာ တုယူ နည်းခံခဲ့ကြသည်ဟု ယူဆနိုင်ဘွယ် ရှိကြောင်း တွေ့ရပေသည် ဟူ၍ ဖေါ်ပြထားရာ—

* Bergson ၏ ပြင်သစ်လူမျိုး ပညာရှိကြီး၏ ပရမတ္ထသစ္စာ သမ္မုတိသစ္စာတို့နှင့်စပ်လျဉ်းသည့် ဉာဏ်သွားအယူအဆကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး က နည်းမှန်လမ်းပြ ဝိနိစ္ဆယပြုခဲ့ရ၏။ (ဟံသာဝတီသုတ်—သာသနဝိသောဓနီ-တတွဲ-နှာ-၁၁၉ တွင် ရှုပါ)

## သာဓကအချို့ တင်ပြရသော်

အနောက်နိုင်ငံများ ဘက်တွင် ခရစ်တော် မပေါ်မီ ၅၃၂-နှစ် (သာသနာတော် သက္ကရာဇ် ၁၂-ခုနှစ်) တွင် ပေါ်ထွန်းခဲ့သည့် ဂရိ (စ်) လူမျိုး ပရမတ်ဆရာကြီး Pythagoras [ပိသဂေါရပ်(စ်)]သည်၎င်း၊ အရှေ့ဘက်တွင်ခရစ်တော်မပေါ်မီ၅၅၁ နှစ်မှ ၄၇၉-နှစ်(သာသနာသက္ကရာဇ် ၃-ခုနှစ်မှ၇၅-ခုနှစ်)အတွင်း ပေါ်ထွန်းခဲ့သော တရုပ်လူမျိုး ပရမတ်ဆရာကြီး Confucious (ကောင်ဖူးရှပ်)သည်၎င်း၊ Eternal Wisdom ထာဝစဉ် တည်ရှိလျက်ရှိသော ဉာဏ်တော်ကြီး, (ဝါ) လောကပါလ ဉာဏ်တော်ကြီး (တနည်းဆိုရသော်) သဗ္ဗညုတဉာဏ်တော်ကြီးနှင့် စပ်သော တရားတို့ကို ဟောပြောခဲ့ကြ၏၊ ဗုဒ္ဓဝါဒကို မှီငြမ်းပြု၍ မိမိတို့ ဉာဏ်အမြင်ဖြင့် တီထွင်မှန်းဆ ဟောပြောခဲ့ကြ၏။

## ဂေါတမဗုဒ္ဓမှာ မူကား

(အနမတဂ္ဂသံသရာတခွင်၌ ကိုယ်တော်တိုင် ကောင်းစွာ ဖြည့်ကျင့် ဆည်းပူး အပ်ခဲ့ပြီးသော ပါရမီ သမ္ဘာရကြောင့် အဆိုပါ ဉာဏ်တော်ကြီးကို ဆရာမကူ အလိုလိုကိုယ်တိုင်မြင်သိ ရရှိပိုင်ပိုင် မြဲခိုင်သောဝသိဘော်နှင့်တကွ အကြွင်းမရှိ ထိုးထွင်း၍ သိတော်မူနိုင်သည့် အလျှောက် လောကကြီး တခုလုံး၏ အထွဋ်အထိပ်သို့ ရောက်တော်မူခဲ့လေပြီ၊ ဝေနေယျကြာ သတ္တဝါ အပေါင်းတို့ အားလည်း မိမိသိအပ်ပြီးသော ဒုက္ခခပ်သိမ်းတို့၏ ငြိမ်းအေး ကုန်ဆုံးရာသို့ ရောက်ကြောင်း လမ်းကောင်းညွှန်ပြရာ ၌“ဓမ္မ” ရေအေးဖြင့် တိုက်ကျွေးတော်မူခဲ့လေပြီ။) (စာမျက်နှာ ၃-၄-တို့ နှင့် နှိုင်းယှဉ်ပါ။)



ဒေါ်လှဓမ္မာရုံ
ဒေါ့်လှယဉ် ထရေဒင်း ကုမ္ပဏီပိုင်ရှင် ဒေါ်လှယဉ်ကောင်းမှု။

ထို့ပြင် သာသနာတော် သက္ကရာဇ် ၁၁၇-ခုနှစ်မှ ၁၉၇-ခုနှစ် ခရစ်တော် မပေါ်မီ ၄၂၇-နှစ်မှ ၃၄၇-နှစ်ထိ ကာလအတွင်း ပေါ်ထွန်း ထင်ရှား ခဲ့သော ကမ္ဘာကျော် ပရမတ် ဆရာကြီး ပလေးတိုးက လောကီ စိတ် စေတသိက် တို့ဖြင့် တွေ့သိနိုင်သော သဘာဝဓမ္မနှင့် ဆန့်ကျင်ဘက် ဖြစ်၍ သူ့အနေ အတိုင်းနှင့် သိလည်း မသိရ သိလည်း မသိနိုင်သော အရာဝတ္ထုတည်ရှိရာ ဘုံဌာန (Noumenal Realm) ကြီးသည် ထာဝစဉ် တည်ရှိလျက် ရှိကြောင်းဖြင့် အလွန်ချီးကျူးဘွယ် ထက်မြက်လှသော ဉာဏ် အစွမ်းဖြင့် မှန်းဆနိုင်ခဲ့သော်လည်း An unknown and unknowable သိလည်းမသိရ သိလည်းမသိနိုင်ဟု ဝန်ခံထားပြီး ဖြစ်လေသည်။

သီအိုဆိုဖီ အသင်းနှင့် စပ်လျဉ်း၍ စာအုပ်ပေါင်း အတော် များများ ရေးသားထုတ်ဝေခဲ့သော မျက်မှောက်ခေတ် ကမ္ဘာကျော် စာရေးဆရာကြီးတဦးဖြစ်သူ H.P. Blavatsky ကလည်း ၎င်းရေးသားသော စာအုပ် The Secret Doctrines. Vol. I, p. 14 ၌—

> It is beyond the range and reach of thought.,
> မြန်မာပြန်မှာ "နိဗ္ဗာန်သည်ကား စိတ်ကူးဖြင့် ရောက်နိုင် မီနိုင်ရာ၏၊ ဟိုမှာဘက်၌ တည်ရှိ၏၊ (ဝါ) အတွေးအဆ ဖြင့် မရောက်နိုင် မမှီနိုင်"ဟု ဝန်ခံထားသည်ကို တွေ့ရ ပေသည်။

တဖန် "ဗုဒ္ဓဘာသာဆိုတာ ဘာလဲ" စာအုပ်—စာမျက်နှာ ၁၄၇-တွင် နိဗ္ဗာန်အကြောင်း တင်ပြထားရာ၌—အနောက်တိုင်း ပညာရှိကြီးများက—

"No one who has not reached that level can actually know its nature."

" (မြန်မာပြန်မှာ)—ကိုယ်တိုင် ပေါက်ရောက် မျက်မှောက်ပြု ဘူးသူမဟုတ်ဘဲ-နိဗ္ဗာန်၏သဘောတရားကို-အမှန်တကယ် မသိနိုင်ပေ" ဟုဝန်ခံသွားကြရပြီး၊ အာရှအလင်းရောင်ကျမ်းမှ (ရေပန်းစား) လှသော အောက်ပါ ဓမ္မကဗျာကို ကိုးကားတင်ပြထားကြလေသည်။

If any teach Nirvana is to cease,
Say unto such they lie.
If any teach Nirvana is to live,
Say unto such they err ...

(မြန်မာပြန် ဂ-လုံးဘွဲ့ကဗျာ)

နိဗ္ဗာန်ဘုမ္မိ၊
မရှိသလို၊
သည်လိုဟောက၊
အပြော"မှားသွား"ဆို။

နိဗ္ဗာန်ဓါတ်အား၊
သီးခြားဘုံလို၊
သည်လိုဟောလဲ၊
အပြော"အမှား"ဆို။

### ဗုဒ္ဓရှင်တော်ဘုရားမှုကား

ဤသိနိုင်ခဲလှသည့် လောကီ စိတ် စေတသိက်ထက် အလွန်ဖြစ်သော လောကုတ္တရာ စိတ်ဖြင့်သာ (တနည်း ဆိုရ သော်) ကာလပညတ်, အာကာသ ပညတ် စသော ပညတ် ဟူ၍ ၎င်း၊ အရဟတ္တဖိုလ် စသော ခန္ဓာဟူသော သင်္ခတ ပရမတ် တရားတို့ကိုရင်း လွတ်၍ (ဝါ) လွန်၍ ပဋိဝေဓဉာဏ်ဖြင့် အာရုံပြုရာ ဖြစ်သော နိဗ္ဗာန်မြတ်၏—

## ဗုဒ္ဓဘာသာကို စိစစ်စူးစမ်းပုံ

ထူးသော (လောကုတ္တရာ) ဉာဏ်ဖြင့်သာ သိအပ်သော အရပ်ဒေသ ကာလ သဏ္ဌာန်နှင့် ညွှန်ပြခြင်းငှါ မထိုက်သော ရှေ့အစွန်း နောက်အစွန်းမှလည်း ကင်းသော အဇ္ဈောကာသ ကျယ်လှအပြင် မိုဃ်း ကောင်း ကင်ပမာ ဆယ်မျက်နှာ တို့၌ ဝင်းဝင်း တောက် လျက်ရှိသော—

လောကီအသိမျိုးနှင့် မအပ်စပ်၊ အထူးကြီးထူး၊ အမြတ်ကြီးမြတ်လှသည်၏ အဖြစ်နှင့် တကွသော နိဗ္ဗာန်နှင့် စပ်သမျှ **တရား**တို့ကို ပိုင်းခြား တိကျ လျော်ကန်သော နည်းနယတို့ဖြင့် ညွှန်ပြဟောပြောတော်မူခဲ့လေပြီ။

(ကိုးကားထားသော စာအုပ်စာမျက်နှာ ၁၄၈-မှ ၁၅၅-ထိ "Nirvana"နှင့် နှိုင်းယှဉ်ပါလေ။)

ဤနေရာတွင် ရှေးနှစ်ပေါင်း တထောင်ကျော်က "ဗုဒ္ဓဓမ္မ" အား အမွန်းတင် ချီးကျူးထားသည့် ဘုရင်တပါး၏ သဝဏ်လွှာ ဘာသာပြန်ကို ဗဟုသုတအလို့ငှါ ထည့်သွင်း ဖော်ပြလိုက်ရပါသော်—

ခရစ်သက္ကရာဇ် ၅၃၈-ခုနှစ်တွင် ကိုရီးယားဘုရင်ထံမှ ဂျပန်ဘုရင်မင်းမြတ်ထံ ရွှေရုပ်ပွားတော်တဆူ ကျမ်းစာတော်မူများနှင့် အတူပို့ဆက်လိုက်သော သဝဏ်လွှာ ဘာသာပြန်တွင်—

> Buddha Dhamma the most excellant of all Laws which brings immeasurable benefit to its believers.

> **မြန်မာပြန်မှာ** ဗုဒ္ဓဓမ္မသည် အားလုံးသော တရားတို့ထက် အကောင်းမြတ်ဆုံး ဖြစ်၍ ထိုတရားတော်၌ သက်ဝင်

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

ယုံကြည်သူတို့အား အတိုင်းမသိသော အကျိုးထူးတရား တို့ကို ရစေနိုင်၏ဟု ချီးကျူးထားသည်ကိုတွေ့ရပေသည်။

ဤသည်ကား ဗုဒ္ဓဓမ္မတည်း၊ ကမ္ဘာလောကဓာတ်ကြီး တခုလုံး လိုက်နာကျင့်သုံးရမည့် လောကပါလ ဓမ္မ ဥပဒေ (လောကပါလ ဓမ္မုပဒေကြီး) ဖြစ်ပါပေသတည်း။

ဤတွင်ရွှေကား ဗုဒ္ဓဘာသာကို အနောက်တိုင်း အမြင်ဖြင့် **စိစစ် စူးစမ်းပုံမှာ ဗုဒ္ဓဘာသာဝင်စစ်တမ်း** အတွက် လိုအပ်သော **အထောက်အကူ**ကို အပြည့်အဝ ရစေနိုင်သည့် သိပ္ပံနည်းသာမက **ဘာသာ**ခြား အယူအဆများနှင့်ဓမ္မက္ခန္ဓာအရတို့ကိုပါသေချာဂန တိကျပြတ်သားလှစွာ ဝေဘန်သုံးသပ်ပြီးမှ ကျေနပ် လက်ခံထား ကြခြင်း ဖြစ်ကြောင်းကို သိတန်သလောက် ကောက်နုတ်ဖော်ပြ လိုက်ရပေသတည်း၊ အမြင်မှန်ဖြင့် မြင်ကြ သိကြ မှတ်ကြကျေနပ် လက်ခံနိုင်ကြပါစေကုန်သတည်း။

ဘုရားစစ်ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ်သံဃာမှန်၌ ကိုးကွယ်ရာအစစ် ဆည်းကပ်ရာအစစ် မကိုးကွယ် မဆည်းကပ်ဘဲ ရှောင်လွှဲ ဖဲကြဉ်နေ၍လည်း မဖြစ်ဟု နှစ်နှစ် ကာကာ ယုံကြည် စွဲမြဲသော သဒ္ဓါဓာတ်ဖြင့် ဆည်းကပ် ကိုးကွယ်နိုင်ကြပါစေကုန် သတည်း၊ ဆည်းကပ် ကိုးကွယ်မှု၌ မွေ့လျော်နိုင်ကြပါစေကုန် သတည်း။

ဦးဘကြွား

စာပြုသူ

၁၃၂၆-ခု သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက် (၃၁-၁၀-၆၄) နေ့။

## ဗုဒ္ဓဘာသာကို စိစစ်စူးစမ်းပုံ

**ဝန်ခံချက်** ဤ"ဗုဒ္ဓဘာသာနှင့် ဥရောပအခေါ်း"တွင် အဓိက အကိုး အကား ပြုထားသည့် What is Buddhism အမည်ရှိ စာအုပ်မှာ ဤသမိုင်းပြုစုသူ၏ မိတ်ဆွေရင်းကြီး တဦး ဖြစ်သူ ရန်ကုန်မြို့နေ ထိုစဉ်အခါက Burma Guardian (မြန်မာပြည် စောင့်)သတင်းစာနှင့်ပုံနှိပ်တိုက်ပိုင်ရှင် ဦးဟန်ရှိန်က(၁၄-၃-၃၇) ခုနေ့တွင် "ဓမ္မဒါန"ပြုခဲ့သော စာအုပ်ဖြစ်ကြောင်းကို ထုတ်ဖော် ဝန်ခံ ကျေးဇူးတုံ့ မပြန်ဘဲ မနေနိုင်သည့်အလျောက် ဝမ်းမြောက် ကျေးဇူးတင်စွာဖြင့် အခွင့်ရခိုက် ဖွင့်ဟ ဝန်ခံလိုက်ရပါကြောင်း။

ဦးဘကြွား

စာပြုသူ

၁၃၂၆-ခု သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက် (၃၁-၁၀-၆၄) နေ့။

# နောက်ဆက်တွဲ

## (ခ)

### အတုယူစရာ မြတ်ဒါနာ

ထက်သန်သော သဒ္ဒါတရားဖြင့် မိမိတို့ အသီးသီး လှူဒါန်း၍ ထားအပ်သော ကုသိုလ်တော်အဝဝတို့၌ အပရစေတနာ ထပ်ခါ ဆင့်ပွား အကျိုးများသည်ထက် များနိုင်ကြစေရန် တကြောင်း အပေါင်းဗိုလ်လူ ဟိန္ဒူဂူတို့လည်း နည်းယူတုပ မဂ်ရဖိုလ်ရောက် ပုညမျိုး တည်ဆောက်နိုင်ကြပါစေ ဟူသော အာသီသဖြင့်၎င်း၊ ၁၃၁၆-ခုနှစ်မှ ၁၃၂၆-ခုနှစ်အထိ ဆယ်နှစ်တာမျှ ဤကာလ အတွင်း လက်ရှိဂေါပကအဖွဲ့၏ ဆော်ဩကြပ်မတ် ကြည့်ကြပ် ဆောက်လုပ်ခဲ့သည့် ထည်ဝါခိုင်ဖြိုး ထီးထီးပေါ်လွင် ထာဝစဉ် တည်စေမည့် ဘဏ္ဍာတော်ဆိုင်ရာ ကုသိုလ်တော် အဆောက်အဦ များနှင့် အခြား ကုသိုလ်တော် အရပ်ရပ်တို့၏ စာရင်း ကိုပါ အောက်ပါအတိုင်း ထည့်သွင်း ဖေါ်ပြအပ်ပါသည်။

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

### အတုယူစရာ မြတ်ဒါနာ
### ယင်ပြင်တော်

| ကုသိုလ်တော် | ဒါယကာအမည်နှင့် ဂုဏ်ထူး | တန်ဘိုး |
|---|---|---|
| ၁ အာရုံခံ တန်ဆောင်း (ဦးမောင်ကြီး) | ထပ်မံပြင်ဆင်မွမ်းမံသူ ပုသိမ်မြို့စျေးချောင်းလမ်း၊ ဆန်စက်ပိုင် ဦးဘရွှေ ဒေါ်သိန်းမြနှင့် သားသမီး မြေး တစု- | ၂၀၀၀၀ိ |
| ၂ အာရုံခံ တန်ဆောင်း တနင်္ဂနွေဒေါင့် | ဦးသန်းမောင် ဒေါ်ကောက် ကျားပျံ ဆေးလိပ်ခုံ ပိုင်ရှင် ရန်ကုန်မြို့- | ၂၂၀၀၀ိ |
| ၃ ငါးပြား တန်ဆောင်း တနင်္လာဒေါင့် | စျေးသူ စျေးသား အများ ကောင်းမှု- | ၃၀၀၀၀ိ |
| ၄ အာရုံခံ တန်ဆောင်း တနင်္လာဒေါင့် | ဦးစိန်း-ဒေါ်မိုးဖြူ သား ယစ်မျိုးမင်းကြီးဦးဘချစ် ဒေါ်မမကြီး သမီးဒေါ်ခင် ညွန့် ရန်ကုန်မြို့- | ၁၀၀၀၀ိ |
| ၅ အာရုံခံ တန်ဆောင်း တနင်္လာဒေါင့် | မူလ ဦးမောင်မောင် ဒေါ်စိန်တင့်၊ ထပ်မံပြင်ဆင် မွမ်းမံသူ ရာဖြတ် အခွန်ဝန်ဟောင်းနှင့် ဂေါပကလူကြီးဦးသန်း ဒေါ်ကုန်ရင် သမီးဒေါ်ယိမ်းကြည်- | ၃၀၀၀ိ |



တိုက်ဆိုင်ခန်းများမှ အချို့။

# အတုယူစရာ မြတ်ဒါနာ

## ယင်ပြင်တော်

| ကုသိုလ်တော် | ဒါယကာအမည်နှင့်ဂုဏ်ထူး | တန်ဘိုး |
|---|---|---|
| ၆ ပြတိုက်<br>တန်ဆောင်း<br>အင်္ဂါဒေါင့် | (က) ဦးထွန်းမြတ်ကျော်<br>ဒေါ်အံကြွေသားသမီးတစု | ၂၀၀၀၀ိ |
| | (ခ) ဦးထွန်းရှိန်-ဒေါ်သန်း | ၁၀၀၀၀ိ |
| | (ဂ) ဦးယုတင်း-ဒေါ်ကျော့ | ၁၀၀၀၀ိ |
| | (ဃ) အများပြည်သူ | ၂၅၀၀၀ိ |
| ၇ အာရုံခံ<br>တန်ဆောင်း<br>အင်္ဂါဒေါင့် | ဦးမှု-ဒေါ်မေ သား စက်ရှင်<br>မင်းကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ<br>ဦးဘဝင်း သမီး မင်းကြီးကတော်<br>ဒေါ်ရင်ရင် | ၄၀၀၀၀ိ |
| ၈ ဘဏ္ဍာတော်<br>တိုက် | ဦးကုလား ဒေါ်ချိန်ကောင်းမှု<br>ထပ်မံ ပြင်ဆင်သူ နှမ<br>ဒေါ်သိန်းခင် ဆန်စက်ပိုင် | ၂၀၀၀ိ |
| ၉ အာရုံခံ<br>တန်ဆောင်း<br>စနေဒေါင့် | ဦးဘစန်း ဒေါ်မယ်ကျင် နှင့်<br>သားသမီးများ ဆားဖိုနှင့်<br>ဆန်စက်များပိုင်ရှင် | ၃၅၀၀၀ိ |
| ၁၀ အာရုံခံ<br>တန်ဆောင်း<br>သောကြာဒေါင့် | ဦးရွှေဖြူ-ဒေါ်အေးမယ် နှင့်<br>သားသမီး တစု ဆန်စက်များ<br>ပိုင်ရှင် | ၁၉၀၀၀ိ |

# ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

## ယင်ပြင်တော်

| | | |
|---|---|---|
| ၁၁ အာရုံခံ တန်ဆောင်း သောကြာဒေါင့် | ဦးကျင်တင်-ဒေါ်ကျင်မှိန်နှင့် တူ-တူမများ လဘက်ခြောက် ကုန်သည်ကြီး | ၃၀၀၀၀ိ |
| | ယင်ပြင်တော်အဆောက်အဦများအတွက် စုစုပေါင်း တန်ဘိုး | ၂၈၄၀၀၀ိ |

---

## စောင်းတန်းတော်များ

| | | |
|---|---|---|
| ၁ အရှေ့မုခ် | ပုသိမ်မြို့ ပရိက္ခရာ ကုန်သည် | |
| (က) မုခ်ဦး | ကြီးဦးမူ-ဒေါ်မေ၊ ရန်ကုန်မြို့ ဦးသန်းအုံး - ဒေါ်မြမေ နှင့် မုံရွာမြို့ ဦးဘိုးအိ-ဒေါ်ညွန့် | ၃၇၀၀၀ိ |
| (ခ) မုခ်ရင်း | မဟာ ဆေးဝက်ဘာ ဆရာတော် ကြီးမှူးသော အများ ပြည်သူကောင်းမှု | ၄၅၀၀၀ိ |
| ၂ တောင်မုခ် | ဆန်စက်များပိုင်ရှင် ဦးရွှေဖြူ | |
| (က)မုခ်ဦး | ဒေါ်အေးမယ်နှင့် သားသမီး တစု | ၅၆၀၀၀ိ |
| (ခ)မုခ်လယ် | မြေပိုင်ရှင် ဦး ဘိုးရင် ဒေါ်ဒေါ်ဆင့် | ၂၁၀၀၀ိ |

## စောင်းတန်းတော်များအဆက်

| ကုသိုလ်တော် | ဒါယကာအမည်နှင့် ဂုဏ်ထူး | တန်ဘိုး |
|---|---|---|
| (ဂ)မုခ်ရင်း | မြေပိုင်ရှင်ဦးငွေ ဒေါ်စိုးချို နှင့် သားသမီးများ- | ၇၀၀၀ိ |
| (ဃ)မုခ်ရင်း | အတွင်း လျှောင်းတော်မူ ရုပ်ပွားတော်ကြီးနှင့်ဂန္ဓကုဋိ တိုက်ကို အသစ် ထပ်မံ ပြင်ဆင်မွမ်းမံသူ ဗန္ဓုလထီး နှင့် စာ အုပ် ဆိုင် ပိုင်ရှင် ဦးဘတင်၊ ဒေါ်တောင် နှင့် သားသမီးများ | ၈၀၀ိ |
| ၃ မြောက်မုခ် (က)မုခ်ဦး | ဂေါပက လူကြီးများ ဖြစ်ကြသော ဦးသန်း၊ ဦးစံရွှေ၊ ဦးဘကြွား၊ ဦးဖထော်၊ ဦးဘဝင်း၊ ဦးညွန့်၊ ဦးဘအုန်း၊ ဦးမြဘူး၊ ဦးထွန်းမောင်၊ ဦးအုန်းရွှေ- | ၂၀၀၀ိ |
| (ခ)မုခ်လယ် | သင်္ဘောများပိုင်ရှင် ဦးဘစိန် ဒေါ်မမလေး နှင့် သားသမီးများ- | ၁၂၀၀ိ |
| (ဂ)မုခ်ရင်း (အလယ်) | ဆန်စက်များပိုင်ရှင် ဦးရွှေဖြူ ဒေါ်မယ်နှင့်သားသမီးများ | ၂၅၀၀ိ |

## ရွှေမုဋ္ဌောမဟာစေတီတော် သမိုင်း

| ကုသိုလ်တော် | ဒါယကာအမည်နှင့် ဂုဏ်ထူး | တန်ဘိုး |
|---|---|---|
| (ဃ)မုခ်ရင်း (အရှေ့) | ဒေါ်ငွေလေး ကုန်စုံလမ်း- | ၇၀၀၀ိ |
| ရင်း | ဒေါ်စိန်ကျော့နှင့် ဘဏ္ဍာတော် | ၃၀၀၀ိ |
| (င)မုခ်ရင်း (အနောက်) | ဆရာလှိုင်-ဒေါ်စိန်နု | ၅၀၀၀ိ |
| ရင်း | ဘဏ္ဍာတော်- | ၃၀၀၀ိ |
| (စ) ရင်း | ရုပ်ပွားတော်များကို ထပ်မံ မွမ်းမံသူ ဂေါပကလူကြီး ဦးညွန့် ဒေါ်ထွေးနှင့် သားသမီးတစု- | ၁၇၀၀ိ |
| စောင်းတန်းတော်များအတွက် စုစုပေါင်း | | ၃၁၃၇၀၀ိ |

## ကုန်းတော်ဝန်းကျင် အဆောက်အဦများ

| | | | |
|---|---|---|---|
| ၁ | ဒေါ်လှမ္မာရုံ တနင်္ဂနွေဒေါင့် | ဒေါ်လှယဉ် ထရေဒင်ကုမ္ပဏီ ပိုင်ရှင်- | ၅၃၀၀၀ိ |
| ၂ | ရေဆင်း တန်ဆောင်းတော်ကြီး ကြာသပတေး ဒေါင့် မြစ်ကမ်းနဖူး | ခရိုင်ဝန် ဦးဘခိုင် ကြီးမှူး သော အများ ပြည်သူနှင့် ဘဏ္ဍာတော်- | ၆၃၀၀၀ိ |



တိုက်ဆိုင်ခန်းများမှ အချို့။

# အတုယူစရာ မြတ်ဒါနာ

| | | | |
|---|---|---|---|
| ၃ | နတ်လမ်း ကြာသပတေး ဒေါင့် | ဆိုင်ခန်း ၂၂-ခန်းဖွဲ့၍သံတံခါး များ တပ်ဆင်ခြင်းနှင့် အရပ်ရပ်မွမ်းမံမှုဘဏ္ဍာတော် | ၁၂၀၀ဝိ |
| ၄ | စက်ရေတွင်း အင်္ဂါဒေါင့် | ရေတွင်းနှင့် နောက်ထပ် တပ်ဆင်မှုများဘဏ္ဍာတော် | ၂၁၀၀ဝိ |
| ၅ | နှစ်ထပ် အဆောက်အဦ ကြီး တနင်္လာဒေါင့် | အင်္ဂလိပ်သာသနာမှ ဝယ်ယူ သောမြေရာနှင့် အဆောက် အဦနောက်ထပ်ပြင်ဆင်မှုပါ ဘဏ္ဍာတော် | ၃၀၀၀ဝိ |
| ၆ | လျှပ်စစ်ဓာတ် မီးစက် | ထပ်မံ ဖြည့်စွက်ပြင်ဆင်ခြင်း နှင့် အဆောက်အဦ ပြင်ဆင် မှုပါ ဘဏ္ဍာတော် | ၄၅၀ဝိ |
| ၇ | သံတံတိုင်းများ တောင်ဘက် | ဘဏ္ဍာတော်နှင့် ဦးမှူ | ၅၃၀ဝိ |
| ၈ | ကျောက်ပြား ရင်ပြင်တော် | ဘဏ္ဍာတော် | ၃၇၀ဝိ |
| ၉ | တံခွန်တိုင်များနှင့် ကျောက်ပန်းအိုးများ-အများပြည်သူ | | ၇၀၀ဝိ |
| | | | ၂၂၉၅၀ဝိ |

## ကျန်းမာရေးဆိုင်ရာ အဆောက်အဦများ

ရေလောင်းကုဋ္ဌိ ရေလောင်းအိမ်သာများနှင့်
သန့်ရှင်းရေး ရေမြောင်းများ ၂၈၀၀၀ိ

## တိုက်ဆိုင်ခန်းများ

### (က) ကုန်းတော်ဝန်းကျင်

| | | | | |
|---|---|---|---|---|
| ၆- ခန်းတိုက် | ၁- လုံး | ၆- ခန်း | အခန်းဆိုင်ရာ | |
| ၅ ။ | ၄- ။ | ၂၀- ။ | ကုသိုလ်ရှင် | |
| ၄ ။ | ၁- ။ | ၄- ။ | များနှင့် | |
| ၃ ။ | ၂- ။ | ၆- ။ | ဘဏ္ဍာတော် | ၁၂၃၀၀၀ိ |
| ၂ ။ | ၃- ။ | ၆- ။ | | |
| ၁ ။ | ၂- ။ | ၂- ။ | | |
| | ၁၃-လုံး | ၄၄-ခန်း | | |

### (ခ) သီရိမင်္ဂလာခန်းမဆောင်ဘက်

| | | | | |
|---|---|---|---|---|
| ၈- ခန်းတိုက် | ၁- လုံး | ၈-ခန်း၊ | အခန်းဆိုင်ရာ | |
| ၆- ။ | ၁- ။ | ၆- ။ | ကုသိုလ်ရှင် | |
| ၅- ။ | ၂- ။ | ၁၁- ။ | များနှင့် | |
| ၄- ။ | ၇- ။ | ၂၈- ။ | ဘဏ္ဍာတော် | ၁၃၉၀၀၀ိ |
| ၂- ။ | ၅- ။ | ၁၀- ။ | | |
| | ၁၆-လုံး | ၆၂-ခန်း၊ | | |

တိုက် ၂၉-လုံး၊ အခန်း ၁၀၆-ခန်းအတွက်
စုစုပေါင်းတန်ဖိုး ၂၆၂၀၀၀ိ

# အတုယူစရာ မြတ်ဒါနာ

| ကုသိုလ်တော် | | တန်ဘိုး |
|---|---|---|
| | **အခြားကုသိုလ်တော်များ** | |
| ၁ | (က)ရွှေသင်္ကန်းနှစ်ကြိမ် ကပ်လှူခြင်းအတွက် (၁၉၅၄-၅၅-ခုနှစ်နှင့် ၁၉၅၉-၆၀-ခုနှစ်) | ၆၅၀၀၀ိ |
| | (ခ)ထပ်မံလှူဒါန်းကြသော ရွှေပြားသင်္ကန်းများ ရွှေဆည်းလည်းများနှင့် အခြားအဘိုးတန် ရတနာများ တန်ဘိုး | ၃၅၀၀၀ိ |
| ၂ | နှစ်စဉ်လုပ်ရိုး လုပ်စဉ် မွမ်းမံ တပ်ဆင် ပြုပြင် ခြယ်လယ်စေတီတော်ကြီး၏ကြည်ညိုဘွယ်ရာ ဆောင်ရွက်မှု အစုစု ၁၀-နှစ်အတွင်း | ၄၀၀၀၀ိ |
| ၃ | လျှပ်စစ်ဓာတ်မီး ပူဇော်ခြင်း အတွက် | ၃၇၀၀၀ိ |
| ၄ | အရပ်ရပ် ထိန်းသိမ်းစောင့်ရှောက်မှု | ၁၀၀၀၀၀ိ |
| | အခြားကုသိုလ်တော်များအတွက် အစုစု | ၂၇၇၀၀၀ိ |

## ၁၀-နှစ်အတွင်းစာရင်းပေါင်းချုပ်

| | | |
|---|---|---|
| ၁ | ယင်ပြင်တော် အဆောက်အဦများ | ၂၀၄၀၀၀ိ |
| ၂ | စောင်းတန်းတော်များ | ၃၁၃၇၀၀ိ |
| ၃ | ကုန်းတော်ဝန်းကျင် အဆောက်အဦများ | ၂၂၉၅၀၀ိ |
| ၄ | ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများ | ၂၀၀၀၀ိ |
| ၅ | တိုက်ဆိုင်ခန်းများ | ၂၆၂၀၀၀ိ |
| ၆ | အခြားကုသိုလ်တော်များ | ၂၇၇၀၀၀ိ |
| | စုစုပေါင်း | ၁၃၉၄၂၀၀ |

နောက်ဆက်တွဲ

(ဂ)

# ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်ကြီး ၏ သမိုင်းအကျဉ်းချုပ်

(ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ)

---

An abridged history of

## THE SHWEMOKHTAW PAGODA

**BASSEIN**

(Buddho Loke Samoppanno Hitaya Sabba Panin am)

# ပုသိမ်မြို့
# ရွှေမုဋ္ဌော မဟာစေတီတော်ကြီး၏
# သမိုင်း အကျဉ်းချုပ်

ဤ ရွှေမုဋ္ဌော မဟာ စေ တီ တော် မြတ် ကြီး သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သရီရဓာတ်တော် ဓာတ်တော် များနှင့် အထူးထူး အပြားပြား မြားမြောင်လှသော အဘိုးထိုက် ရတနာ တို့ဖြင့် ဌာပနာ၍ လွန်ခဲ့သော အနှစ် နှစ်ထောင်ကျော်က စတင် တည်ထားခဲ့ခြင်းဖြစ်ရာ သုံးမည်သော ဘွဲ့တော်ထူးဖြင့် ခေတ် သုံးခေတ် ကူးမြောက်ခဲ့လေပြီ။

**ပဌမခေတ်ကား** **သက္ကရာဇ်(၂၀၉)** ကောဇာ သက္ကရာဇ် ၂၀၉ - ခုနှစ် တွင် ပါဋလိပုတ်[အိန္ဒိယ]ပြည်ရှင် ဘုရင် **သီရိ ဓမ္မာသောကမင်းကြီး** က ရွှေအာဘာ အမည်တော်ဖြင့် စတင်တည်ထားကိုးကွယ်တော်မူခဲ့သည်။

**ဒုတိယခေတ်ကား** **ဖို့ကြွင်း (၄၅၇)** ယခုခေတ် အခေါ် အထက် မြန်မာပြည် ပုဂံမြို့, ရှေးအခေါ် ပေါက္ကာရာမ ပြည် ရှင် **အလောင်းစည်သူမင်း**သည် ဖို့ကြွင်း သက္ကရာဇ် ၄၅၇-ခုနှစ်၌ **ထူပါရုံ** ဟူသော ဘွဲ့တော်ချီစေလျက် တိုးမြှင့်တည်ထား ကိုးကွယ်ထော်မူပြန်သည်။

**တတိယခေတ်ကား** **(၆၀၀)ပြည့်နှစ်** ကောဇာသက္ကရာဇ် ၆၀၀—ပြည့် နှစ်၌ ပုသိမ် ၃၂-မြို့ကို အစိုးရသော **သမုဒ္ဒဃောသ** နှင့် **ဥမ္မာဒန္တီ** တို့က ရွှေမုဋ္ဌော ဟူသော အမည်တော်ဖြင့် ထပ်ဆင့်တိုးမြှင့် တည်ထားခဲ့ရာ ယနေ့ အထိ ထိုအမည်တော်ဖြင့်ပင်လျှင် ထင်ရှားလျက် ရှိပါသည်။

## ရွှေမုဋ္ဌော မဟာစေတီတော် သမိုင်း

ဤသည့်နောက်တွင် စစ်ကိုင်းဘုရင်မည်သော **ဘကြီးတော်ဘုရား**သည်လည်းကောင်း၊ မင်းတုန်းဘုရင်မင်းမြတ်၏နောင်တော် **ပုဂံမင်း**သည် လည်းကောင်း၊ ပဉ္စမသင်္ဂါယနာတင် **မင်းတုန်းမင်းတြားကြီး** သည်လည်းကောင်း၊ ထီးတော်လှူခြင်း ရွှေလုံးတော်ပြည့် ကပ်လှူ ခြင်းနှင့် အခြား ပူဇော်သက္ကာ ပြုခြင်းတည်းဟူသော ကောင်းမှုတော်တို့ကို အဆက်ဆက် ပြုတော်မူခဲ့ကြသည့်အပြင် ပုသိမ်မြို့ကို ကွပ်ကဲအုပ်ချုပ်ကြကုန်သော မြန်မာဘုရင်များ ချီးမြှင့်အပ်သည့် ဂုဏ်ထူး ဘွဲ့ထူးဆောင် မြို့ဝန်မင်းအဆက်ဆက်တို့ သည်လည်းကောင်း စေတီတော်ကြီးအား ထိန်းသိမ်း စောင့်ရှောက်ကိုးကွယ်ခဲ့ကြလေသည်။

ဒုတိယ အင်္ဂလိပ် မြန်မာ အရေးတော်ပုံခေတ် ဖြစ်သော ကောဇာသက္ကရာဇ် ၁၂၁၄-ခု ခရစ်သက္ကရာဇ် ၁၈၅၂-ခုနှစ်တွင် ဗြိတိသျှတို့ ဤပုသိမ်မြို့ကို သိမ်းပိုက် အုပ်ချုပ်သည့် နောက်ပိုင်း၌ ဗြိတိသျှအစိုးရခန့် စစ်ကဲတော်မင်းတို့ သည်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် မြို့မိမြို့ဘတို့သည် လည်းကောင်း အမျိုးမျိုးသော ပူဇော်သက္ကာအမှုတို့ဖြင့် အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်ခဲ့ကြရာ ကောဇာသက္ကရာဇ် ၁၂၅၆-ခုနှစ်တွင် ယနေ့တည်ရှိတော် မူသည့် အတိုင်း ဖြစ်သော မြေမှ ခရားသီးအဆုံးထိ [၇၇]တောင်, ထီးအရပ်[၂၅]တောင် နှစ်ရပ်ပေါင်း **သံတောင်တရာ့နှစ်တောင်, လုံးပတ်တော် ၂၀၇-တောင်** နှင့် **ဘိနပ်တော် ၂၇၂-တောင်** အသီးသီး ရှိကုန်သော ဥဏ်္ဏတော် လုံးဝန်းပမာဏတော်ကို ဆောင်စေလျက် စိန်ဖူးတော် ရွှေထီးတော်ငှေထီးတော်အပြင် ရတနာ အပေါင်းတို့ဖြင့် စီခြယ်အပ်သော ရွှေသား

## သမိုင်းအကျဉ်းချုပ်

ငှက်မြတ်နား တို့ဖြင့် ခမ်းနား ထယ်ဝါ ကြည်ညိုဘွယ်ရာတိုးမြှင့် တည်ထားခဲ့နိုင်ကြလေသည်။

ကောဇာသက္ကရာဇ် ၁၂၅၇-ခုနှစ် ခရစ်သက္ကရာဇ် ၁၈၉၆-ခုနှစ်တွင် ပုသိမ်မြို့ ဒိစတြိတ် တရားမ တရားသူကြီး အိပ်(ချ်) အက်(စ်) ဟတ္တနော စီရင်ဆုံးဖြတ် စည်းမျဉ်းချမှတ် ပေးသဖြင့် ဟတ္တနောစကင်းဟု ခေါ်တွင်ခဲ့သော စည်းမျဉ်းဥပဒေနှင့် ၎င်း စည်းမျဉ်းဥပဒေအား အစားထိုး၍ ကောဇာသက္ကရာဇ် ၁၃၁၆-ခု (၁၉၅၄-ခု)နှစ်တွင် နောက်ထပ် အသစ် သတ်မှတ်သော စည်းမျဉ်းဥပဒေများအရ အစိုးရခန့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များဖြင့် ယနေ့အထိ အဆက်ဆက် ထိန်းသိမ်း စောင့်ရှောက် ကိုးကွယ်ဆည်းကပ်လျက်ရှိကြပေသည်။

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး
ပုသိမ်မြို့။

သာသနာ (၂၅၀၀)
ကောဇာ (၁၃၂၆)
ခရစ် (၁၉၆၄)

## An Abridged History Of
# THE SHWEMOKHTAW PAGODA, BASSEIN.

The history relating to this Great Pagoda, wherein enshrined the sacred relics of Lord Buddha and great varieties of precious gems and jewels, dates back as early as the reign of Emperor Asoka of India, over two thousand years from now, and around 250 B.C. It has passed over three distinguished Eras under three different titles.

**THE FIRST ERA**
**255 B.C-1095 A.D**

The First Era recorded the abovenamed Emperor, more widely known as SIRI DAMMA-SOKA of Pataliputta in India, as the first builder of this historic shrine in the year 289 B.E., naming it as "SHWE-ĀNĀ"

**THE SECOND ERA**
**(1095-1238)**

The year 457 B. E. (fresh era after systematic elimination) represented the Second Era, when ALAUNG-SITHU, a well known traveller-king of Pagan dynasty, the reigning monarch of Paukkarama (ancient name for the present day Pagan town on the middle Irrawaddy, world-famous for its pagodas and shrines) raised and enlarged this magnificent Stupa, renaming it as "HTUPAYON".

**THE THIRD ERA**
**(1238-1852)**

SAMODDA-GOSA and OMMA-DANTI, the then rulers of Bassein with its thirty-one satellites, distinguished themselves as the ruling donors of the Third Era, who made significant improvements to the Shrine altering the name HTUPAYON to "SHWE MOK HTAW" which name it carries through with fame up to date. That was in the year 600 B.E.

King of Sagaing, more intimately known as BAGYIDAW, KING MINDON of Mandalay, the great promoter of the Fifth Buddhist Synod and his elder brother PAGANMIN, were amongst the eminent

donors, who either did the regildings or made other bounteous offerings. Successive Mayors of this town, who held gorgeous titles from the Burmese Courts, carried on the management of the Great Shrine, with the aid of local Buddhist elders, all those years that followed, until the town fell to the hands of the British during the Second Anglo Burmese War in the year 1214 B. E. (1852 A.D). The British-appointed Assistant Commissoners (Burmese Sitkedawmins) then took over the management and carried along jointly with the Buddhist elders.

The majestic Shrine assumed the present height and magnitude, as we see it today, since the year 1256 B. E. It measures 77 cubits from the base to the top of the brick-work (upper end of Hnget-pyaw-bu) and 25 cubits for the remaining portion up to and inclusive of Sein-bu (Diamond-Bud), which crowns the apex of the vane shaft, making a total height of 102 cubits (153 feet). It measures 207 cubits at the girdle, and the octagonal perimeter at the base measures 272 cubits. Adorned with seinbu gold vane inlaid with precious stones, and gold and silver umbrellas, it presents all the splendours and dignities to the great admiration and respect of the Buddhist community.

To be in keeping with its greatness and worth, the administration of the trust was legalised in the year 1257 B. E. (1896 A.D.), when a Board of Trustees was appointed under a scheme, known to the public as Hartnol-scheme, named after the Judge who passed it. A new scheme, superseding the above, was framed in the year 1316 B. E. (1954 A.D.), and it is under this new scheme that the administration of the Trust now continues.

*BOARD OF TRUSTEES,*
*THE SHWEMOKHTAW PAGODA, BASSEIN.*

Sassna (2508)
B.E. (1326) A.D. (1964)



အသစ်ပြင်ဆင်မွမ်းသျှမ်-ဗန္ဓုလ ထီးနှင့် စာအုပ်ဆိုင်ပိုင်ရှင်
ဦးဘတင်-ဒေါ်တေင်နှင့် သားသမီးများ။

## မှားယွင်းချက်

၁၊ နိဒါန်း-စာမျက်နှာ ( င )စာကြောင်းရေ ၃-တွင် သမ္ဘိန့် အစား (သမ္ဘိန်)ဟု ပြင်ဘတ်ပါ။

၂၊ စာမျက်နှာ (ဆ) စာကြောင်းရေ ၇-တွင် စေတိယုတ္တိ ဒီပကောအစား (စေတိယပုတ္တိဒီပကော) ဟု ပြင်ဘတ်ပါ။

၃၊ စာမျက်နှာ-၆ စာကြောင်းရေ ၄-တွင် စေတီတည်ထား ပြုထိုက်၏အစား(စေတီတည်ထားပြုလုပ်ထိုက်၏)ဟုပြင်ဘတ်ပါ။

၄၊ စာမျက်နှာ-၁၉ (စ)အပိုဒ် **အသောကကျောက်စာများ** ခေါင်းစဉ်၏ တတိယစာကြောင်းတွင် လူနှင့်တတွအစား (လူနှင့် တကွ)ဟု ပြင်ဘတ်ပါ။

၅၊ စာမျက်နှာ-၂၁ စာကြောင်းရေ ၆-တွင် ဆောင်ရွက် ခဲ့ဘောအစား (ဆောင်ရွက်ခဲ့သော)ဟု ပြင်ဘတ်ပါ။

၆၊ စာမျက်နှာ-၂၇ စာကြောင်းရေ ၃-တွင် မြားမြောင် လှစွာအစား (မြားမြောင်လှစွာ)ဟု ပြင်ဘတ်ပါ။

၇၊ စာမျက်နှာ-၃၄ စာကြောင်းရေ ၉-တွင် ၁၂၈၁ ဝါဆိုလဆန်း ၁၁-ရက်အစား (၁၂၈၁-ခု ဝါဆိုလဆန်း ၁၁-ရက်)ဟု ပြင်ဘတ်ပါ။

၈၊ စာမျက်နှာ-၃၅ စာကြောင်းရေ ၅-တွင်ကောင်းမှုအစုံစု အစား(ကောင်းမှုအစုံစု)ဟု ပြင်ဘတ်ပါ။

၉၊ စာမျက်နှာ-၃၉ ၌ (၈) အပိုဒ် **ရွှေသားစစ်ထီးတော်** ခေါင်းစဉ်၏တတိယစာကြောင်းတွင် ဒုရင်းပူးအစား (ဒုရင်းဖူး) ဟုပြင်ဘတ်ပါ။

၁၀၊ စာမျက်နှာ-၄၁ (ဂ) အပိုဒ်မှ ဒုတိယစာကြောင်းတွင် မသိသောအကြောင်းတခုကြောင့်အစား(မသိရသောအကြောင်းတခုကြောင့်)ဟု ပြင်ဘတ်ပါ။

၁၁၊ စာမျက်နှာ-၅၃ စာကြောင်းရေ ၆-တွင် ဘုရင်ခံဘို့ အစား (ဘုရင်ခံတို့)ဟု ပြင်ဘတ်ပါ။

၁၂၊ စာမျက်နှာ-၅၅ စာကြောင်းရေ ၅-တွင် ထပ်ဆင့် ဌာပဏာအစား (ထပ်ဆင့်ဌာပနာ)ဟုပြင်ဘတ်ပါ။

၁၃၊ စာမျက်နှာ-၆၂ စာကြောင်းရေ ၉-တွင် ခရစ်တော်မပေါ် ၅၄၄-နှစ်အစား (ခရစ်တော်မပေါ်မီ ၅၄၄-ခုနှစ်) ဟု ပြင်ဘတ်ပါ။

၁၄၊ စာမျက်နှာ-၇၅ စာကြောင်းရေ ၁၀-တွင် မြေလျင် အစား (မြေကြီးလျင်)ဟု ပြင်ဘတ်ပါ။

၁၅၊ စာမျက်နှာ-၇၆ စာကြောင်းရေ ၉-တွင် ယုံမှားမရှိအောင်အစား (ယုံမှားမရှိရအောင်)ဟု ပြင်ဘတ်ပါ။

၁၆၊ စာမျက်နှာ-၉၃ စာကြောင်းရေ ၈-တွင် ကြည်ရှင်သဒ္ဒါ အစား (ကြည်ရှင်သဒ္ဓါ)ဟု ပြင်ဘတ်ပါ။

၁၇၊ စာမျက်နှာ-၉၄ စာကြောင်းရေ ၂၁-တွင် မုခ်နန်းပြဿဒ် အစား (မုခ်နန်းပြာသဒ်) ဟု ပြင်ဘတ်ပါ။

၁၈၊ စာမျက်နှာ-၉၅ စာကြောင်းရေ ၂၁-တွင် သမ္ဗမဂ်လာ အစား (သဗ္ဗမင်္ဂလာ)ဟု ပြင်ဘတ်ပါ။

၁၉၊ စာမျက်နှာ-၉၈ စာကြောင်းရေ ၁၀-တွင် ဥာဏ်ကသိုင်းဖြင့် အစား (ဥာဏ်ကသိုဏ်းဖြင့်)ဟု ပြင်ဘတ်ပါ။

၂၀၊ စာမျက်နှာ ၁၀၉-၏ စာပိုဒ်အဆုံးတွင် × × × × ကြက်ခြေများ ပြထားခြင်းကို စာပိုဒ်ဆုံးသည်ဟု အမှတ်ပြုပါ။

၂၁၊ စာမျက်နှာ-၁၁၀ စာကြောင်းရေ ၂၀-တွင် ဖုံးမရ ဝှက်မရနိုင်လောက်အောင် အစား (ဖုံးမရ ဝှက်မနိုင် လောက်အောင်)ဟု ပြင်ဘတ်ပါ။

၂၂၊ စာမျက်နှာ-၁၂၁ (က) အပိုဒ် စာကြောင်းရေ၁-တွင် **ဗုဒ္ဒသာသာနှင့်** အစား (**ဗုဒ္ဓဘာသာနှင့်**)ဟု ပြင်ဘတ်ပါ။

၂၃၊ စာမျက်နှာ-၁၂၂ (ခ)အပိုဒ် အောက်ခြေပြ အမှတ် ၁-၏ အောက်ဆုံးစာကြောင်းတွင် Fausboll အစား(Fausboll)ဟု ပြင်ဘတ်ပါ။

၂၄၊ စာမျက်နှာ-၁၂၉ စာကြောင်းရေ ၈-တွင် ဖေါ်ပြ လိုက်ပါလျှင် အစား (ဖေါ်ပြလိုက်ရပါလျှင်) ဟု ပြင်ဘတ်ပါ။

၂၅၊ စာမျက်နှာ-၁၄၂ စာကြောင်းရေ ၆-တွင် အလျင်းသင့် သဖြင့် အစား (အလျဉ်းသင့်သဖြင့်) ဟု ပြင်ဘတ်ပါ။

၂၆၊ စာမျက်နှာ-၁၄၂ စာကြောင်းရေ ၁၄-တွင် အပြစ် ရှိစေ၏ သဘောရှိရကား အစား (အပြစ်ရှိစေ၏ဟု သဘောရှိရ ကား) ဟုပြင်ဘတ်ပါ။

၂၇၊ စာမျက်နှာ-၁၅၁ ပဌမစာကြောင်းတွင် **သဒ္ဒါတရားဖြင့်** အစား (**သဒ္ဓါတရားဖြင့်**)ဟု ပြင်ဘတ်ပါ။

၂၈၊ စာမျက်နှာ ၁၆၈-၏ အဆုံးစာကြောင်း အထက်တွင် Sassna အစား (Sasana)ဟု ပြင်ဘတ်ပါ။